# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ဘရှင် ၊ ဗိုလ်မှူး | BA SHIN , Col. | Ba Rhan‘ , Buil‘ mhu" | **Art.** BS0001A |
| **Article Title** | ဗိဿနိုးမြို့ဟောင်း နှင့် သမိုင်းအမြင်<br>Ancient Beikthano City: An Historical View<br>Bhi ssa nui" mrui" hon‘" nhan‘ sa muin‘ a mran‘ | | | |
| **Title (Book/Serial)** | ပညာပဒေသာ စာစောင်<br>Pyin-nya Pade-tha Sar-saung | | | |
| **Issue and Volume** | | | | |
| **Edition** | | | | |
| **Place/ Publisher** | | | | |
| **Distributor** | | | | |
| **Ed. Date** | Sept. 1966 | | | |
| **Pagination** | p. 177 - 228 | | | |
| **Annotation** | Critiques the excavations of Beikthano or Vishnu city. In this paper the author reviews contemporary Chinese records and finds that the Pyu were Tibeto - Burman and that their civilization developed in the 1st century AD. The 2nd Pyu dynasty had its centre in Srikshetra. It is a useful paper to read in the context of excavation reports by U Aung Thaw. | | | |
| **Subject Terms** | 1. Myanmar - History - Early Period<br>2. Myanmar - History - Beikthano Period | | | |
| **Key Words** | 1. Beikthano (Vishnu) (Ancient Pyu city)<br>2. Hanlin (Ancient Pyu city)<br>3. Srikshetra (Ancient Pyu city) | | | |

တက္ကသိုလ် ပညာပဒေသာစာစောင်

အတွဲ ၁၊ အပိုင်း ၃၊ ၁၉၆၆

မြန်မာ့သမိုင်း

# ဗိဿနိုးမြို့ဟောင်းနှင့် သမိုင်းအမြင်

ဦးဘရှင်

( ကျမ်းပြုအရာရှိ၊ မြန်မာနိုင်ငံ သမိုင်းကော်မီရှင် )

**တက္ကသိုလ်ပညာပဒေသာစာစောင်** အတွဲ ၁၊ အပိုင်း ၂ တွင် ရှေးဟောင်းသုတေသနဌာန ညွှန်ကြားရေးဝန် ဦးအောင်သော်၏ "ဗိဿနိုးမြို့ဟောင်း" စာတန်းကို ဖတ်ရ၏။[၁] ဗိဿနိုးမြို့ဟောင်း နေရာတွင် တူးဖော်၍ သုတေသနပြုခဲ့ပုံကို တွေ့ရှိချက်များ၊ ကောက်နုတ်ချက်များနှင့်တကွ ဖော်ပြထား၏။ ရှေးဟောင်း သုတေသနအမြင်အရ ရေးသားတင်ပြထားအပ်သော ဤရှေးမြို့ဟောင်း အကြောင်းကို သမိုင်းအမြင်အရ ရေးသားဖော်ပြလိုပါသည်။ ရေးသားရာတွင် အရေးအကြီးဆုံးနှင့် အခိုင်လုံဆုံးဖြစ်သော အထက်စာတန်းပါ တူးဖော် တွေ့ရှိချက်များပေါ်တွင် မူတည်ရပါမည်။ ဗိဿနိုးမြို့ကို မတူးဖော်မီနှင့် အဆင့်ဆင့် တူးဖော်ပြီးသည့်အခါတို့တွင် မြန်မာနိုင်ငံ သမိုင်းကော်မီရှင် လူကြီးများ ဦးဆောင်သည့် ဗိဿနိုးကွင်းဆင်း သုတေသနခရီးများတွင် လိုက်ပါ၍ လေ့လာမှတ်သားရချက်များနှင့် အခြား ရှေးပျူမြို့ဟောင်းများဖြစ်သော ဟန်လင်း၊ သရေခေတ္တရာမြို့များနှင့် ပျူတို့ နေထိုင်ခဲ့ဖူးရာ အခြားဒေသများသို့ သမိုင်းကော်မီရှင်၏ အစီအစဉ်များဖြင့် သွားရောက်သုတေသနပြုချက်များကိုလည်း ရေးသားရာတွင် ထည့်သွင်းအသုံးပြုရပါမည်။ ထို့မှတပါး အာရှအရှေ့တောင် သမိုင်းတွင် သမိုင်းမတင်မီခေတ်မှ သမိုင်းဝင်ခေတ်သို့ ကူးပြောင်းသည့်ကာလနှင့် မြန်မာနိုင်ငံသမိုင်း ခေတ်ဦးတို့အတွက်ရှိနေသော စာပေအစရှိသည့် ခေတ်ပြိုင်အထောက်အထားများကိုလည်း များစွာ မှီငြမ်းပြုရမည် ဖြစ်ပေသည်။

## ရှေးဟောင်းသုတေသနဆိုင်ရာ ကောက်နုတ်ချက်များ

သမိုင်းအမြင်အရဖြစ်သော ဗိဿနိုးခေတ်ကို ဆွေးနွေးတင်ပြခြင်းမပြုမီ "ဗိဿနိုးမြို့ဟောင်း" စာတန်းလာ ကောက်နုတ်ချက်များကို အကျဉ်းအားဖြင့် ဖော်ပြရန်လိုမည်ထင်ပါသည်။ သမိုင်းအမြင်

---

(ဤဆောင်းပါးကို ၁၉၆၆ ခု ဩဂုတ်လ ၅ ရက်နေ့တွင် ရရှိပါသည်။)

[ပညာပဒေသာစာစောင် အုပ်ချုပ်မှု စာတည်းအဖွဲ့၏ မေတ္တာရပ်ခံချက်အရ ရေးသားပေးပို့သော ဆောင်းပါးဖြစ်ပါသည်။]

အရ တင်ပြလတ္တံ့သော အချက်အလက်နှင့် အယူအဆများကို ဤရှေးဟောင်းသုတေသန ကောက်နုတ်ချက်တို့နှင့် ဆက်စပ်နားလည်နိုင်ရေးတွင် လွယ်ကူစေရန်ဖြစ်ပေသည်။

ယင်းကောက်နုတ်ချက်တို့၏ အကျဉ်းမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) သရေခေတ္တရာယဉ်ကျေးမှု လက္ခဏာတို့တွင် အပါအဝင်ဖြစ်သော လက္ခဏာတို့ကို ဗိဿနိုးတွင် တွေ့ရခြင်းဖြင့် ဗိဿနိုးနှင့် သရေခေတ္တရာတို့သည် ယဉ်ကျေးမှုအားဖြင့် ဆက်စပ်နေသည်။

(၂) ဗိဿနိုးတွင် ဗုဒ္ဓဘာသာအငွေ့အသက် အစပျိုးခဲ့ဟန်တူသည်။ ဖွံ့ဖြိုးမှုမရှိသေးဟု ယူဆရသည်။ သို့ဖြစ်၍ သရေခေတ္တရာထက် ပိုမိုရှေးကျသည်။

(၃) အေ၊ ဒီ ၂ ရာစုနှစ်များက အိန္ဒိယတောင်ပိုင်းတွင် အသုံးပြုခဲ့သည့် ဗြဟ္မီအက္ခရာများနှင့် တန်ဆိပ်တခုကို ဗိဿနိုးတွင် တွေ့ရသည်။

(၄) အိန္ဒိယ တောင်ပိုင်း **အမရာဝတီ*** (အမရဝတီ) နှင့် **နာဂါရ်ဇုနကောဏ္ဍ**** (နာဂဇုနကုဏ္ဍ) တို့တည်ရာအန္ဓရနယ်မှ ဗုဒ္ဓဘာသာဆိုင်ရာယဉ်ကျေးမှုအစိတ်အပိုင်း ပြန့်ပွားရောက်ရှိလာကြောင်း သိရသည်။

(၅) ရောက်ရှိလာသော ဗုဒ္ဓဘာသာဂိုဏ်းသည် ရုပ်ပွားတော်ကိုးကွယ်မှုမပြုသော ဂိုဏ်းဖြစ်သည်။

(၆) ဗိဿနိုးထွန်းကားသောကာလသည် ၁ ရာစုမှ နောက်ဆုံး ၄-၅ ရာစုနှစ်များအထိ ဖြစ်ကြောင်း၊ မြို့ပျက်ဘဝကို တကြိမ်ကြုံခဲ့ဖူးကြောင်း ရေဒီယိုကာဗွန်ဓာတ်ခွဲစမ်းသပ်ခြင်း၊ မြေလွှာလေ့လာခြင်းဖြင့် သိရ၏။ ပုဂံခေတ်လောက်ကလည်း ဗိဿနိုးတွင် လူနေမှုရှိခဲ့သည်။

(၇) ခရစ်နှစ် ၁ ရာစုအတွင်းက ပျူလူမျိုးတို့ မြို့ပြတည်ထောင်ခဲ့၍ အခြေတကျ နေထိုင်ခဲ့ရာမြို့ ဖြစ်သည်။

(၈) မြို့နေလူတို့သည် ဗိသုကာအတတ်၊ လယ်ယာစိုက်ပျိုးမှုအတတ်တို့ကို ကောင်းစွာ တတ်သိကြသည်။ ပုရန်၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းထိမ်၊ ပန်းတမော့၊ မြေအိုးလုပ်ငန်း၊ ရောင်စုံပုတီးစေ့ လုပ်ငန်းတို့ကို ပြုလုပ်နိုင်သည့် အနုပညာဗီဇ ရှိနေကြပြီဖြစ်သည်။

(၉) ၅ ရာစု နှစ်များတွင် ခေတ်ပြိုင်ဖြစ်သော သရေခေတ္တရာနှင့် စစ်မက်ဖြစ်ပွား၍ ဗိဿနိုးပျက်ရသည်ဟု ကာလအပိုင်းအခြားအားဖြင့် ဆက်စပ် ယူဆနိုင်သည်။

အထက်ပါ ကောက်နုတ်ချက်တို့သည် အထောက်အထားများပေါ်တွင် မူတည်၍ ယူဆထားသော ကောက်နုတ်ချက်များဖြစ်၏။ ယင်းတို့ကို ချုံ၍ကြည့်သော် အရေးကြီးသော အချက် ၃ ချက်ကို တွေ့ရသည်။

(၁) လယ်ယာစိုက်ပျိုးတတ်သည့် အဆင့်သို့ ရောက်နေပြီဖြစ်သော ပျူတို့က အေ၊ ဒီ ၁ ရာစု လောက်တွင် ဗိဿနိုးမြို့ကို တည်ထောင်ခဲ့သည်။

* Amarāvati.

** Nāgārjunakoṇḍa.

(၂) ယင်းပျူတို့သည် အိန္ဒိယတောင်ပိုင်း အန္ဒရနိုင်ငံမှ ဗုဒ္ဓဘာသာဆိုင်ရာ ယဉ်ကျေးမှုတို့ကိုရခဲ့သည်။

(၃) မြို့သည် တကြိမ်ပျက်ပြီးနောက် ပြန်လည်ထူထောင်ခဲ့သေးသည်။ အေ၊ ဒီ ၅ ရာစုလောက်ရောက်မှ ခေတ်ပြိုင်ဖြစ်သော အခြားပျူနိုင်ငံ သရေခေတ္တရာနှင့် စစ်မက်ဖြစ်၍ ပျက်သုဉ်းခဲ့ရသည်။

ဤသည်တို့ကား ရှေးဟောင်းသုတေသန အထောက်အထားများပေါ်တွင် အခြေတည်ထားသော ယူဆချက်များ ကောက်နုတ်ချက်များ ဖြစ်ပေသည်။ သမိုင်းဆိုင်ရာ ပထဝီဝင် သမိုင်းအထောက်အထား သမိုင်းအမြင်တို့အရ အဓိပ္ပါယ်ကောက်ယူအပ်သော အချက်အလက်တို့ကား အသို့ရှိမည်နည်း။

## ဗိဿနိုးမြို့၏ သမိုင်းဆိုင်ရာ ပထဝီအနေအထား

တနှစ်လျှင် မိုးရေချိန် ၃၅ လက်မမှ လက်မ ၄၀ ထိသာ ပြန်းမျှရရှိသော ယနေ့ တောင်တွင်းကြီးနှင့် မြို့သစ်မြို့နယ်များတည်ရာ မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်း၏ အနောက်တောင်စွန်ဒေသ ယင်းချောင်းဝှမ်းမြေပြန့်သည် ဗိဿနိုးမြို့ဟောင်းတည်ရာဒေသ ဖြစ်သည်။ ရှေးကျလှသော သမိုင်းဝင် တောင်တွင်းကြီးမြို့သည် ဤမြေပြန့်၏ အရှေ့ဖက်ပိုင်းတွင် တည်ရှိသည်။ ဗိဿနိုးမြို့ဟောင်းမှာ အနောက်ဖက်ပိုင်းတွင် တည်ရှိသည်။ဗိဿနိုးမြို့ဟောင်းတည်ရာ ဒေသသည် ပင်လယ်ပြင်ထက် ပေ ၃၃၀ ခန့်မြင့်၍ တောင်တွင်းကြီးမြို့တည်ရာထက် ယောင်ယောင်မြင့်သည်။ တောင်တွင်းကြီးမြို့တည်ရာမြေသည် ပြန့်ပြူးညီညာသည်။ ဗိဿနိုးမြို့တည်ရာဒေသမှာမူ တောင်ကုန်းအနိမ့်အမြင့်နှင့် မညီမညာရှိသည်။ ပိုမို၍လည်း ခြောက်သွေ့သည်။ သစ်ကြီးဝါးကြီးများ အပေါက်မများပဲ သစ်ငယ်နှင့် ခြုံပိတ်ပေါင်းတို့သာလျှင် အပေါက်များသည်။

## ယင်းချောင်း

ဤမြေပြန့်ကို ဆောက်တည်ပေးသော ယင်းချောင်းသည် ပုပ္ပားတောင်၏ တောင်ဖက် မြောက်လတ္တီတွဒ် ၂၀ံ ၄၀´ ရှိ ရေဝေတောင်တန်းတွင် ချောင်းဖျားခံ၍ တောင်ဖက်သို့ စီးလာပြီးနောက် အလျား ၈ မိုင် အနံ ၄ မိုင်ခန့်ကျယ်သော မြစ်ဝှမ်းမြေပြန့်တခုကို ဖြစ်စေ၏။ ဤမြေပြန့်သည် ပင်းမြို့ဟောင်းတည်ရာဒေသ ဖြစ်၏။ ထိုနောက် မြောက်လတ္တီတွဒ် ၂၀ံ ၃၀´ မှ ၂၀ံ ၂၅´ လောက်ရှိ နတ်မောက်မြို့ မြောက်ဖက် ၃ မိုင်ခန့်တွင် ကုန်းမြင့်တောင်တန်းများကို ဖြတ်သန်းကာ အနောက်ဖက်သို့ စီးဆင်းလာသည်။ ယင်းသို့ တောင်များမှ ဆင်းလာပြီးနောက် အနောက်မြောက်နှင့် မြောက်ဖက်မှ စီးလာသော ချောင်းတို့နှင့် ပူးပေါင်းကာ ယင်းလွင်ပြင်၏ မြောက်ဖက်အဝကို စတင်ခဲ့ပေသည်။ ထိုနောက် နတ်မောက်မြို့ကိုဖြတ်ကာ တောင်ဖက် မြို့လုလင်နှင့် မျဉ်းပြိုင်ကျမည့် နေရာလောက်အထိ မြောက်မှ တောင်သို့ စီးဆင်းလာပြီးလျှင် ထိုနေရာမှ အနောက်တောင်ယွန်းသို့ စီးလာခဲ့၏။ ဗိဿနိုးမြို့ဟောင်းနေရာ၏ အထက်လောက်သို့ ရောက်သောအခါ အနောက်မြောက်သို့ အတန်စီးပြီးလျှင်

ကုန်းမြင့်တောင်တန်းတခုကို ဖြတ်သန်းကာ မြင်ကွန်းမြို့အသက် ၅ မိုင်ခန့်အကွာတွင် ဧရာဝတီမြစ်တွင်းသို့ စီးဝင်လေသည်။

ဧရာဝတီမြစ်တွင်းသို့ မဝင်ရောက်မီ ဖြတ်သန်းခဲ့ရသော ကုန်းမြင့်တန်းသည် တောင်မြောက်တန်းနေ၏။ တောင်ဖက်တွင် ပေ ၇၅၀ ထိမြင့်၍ မြောက်ဖက်တွင် ပေ ၄၅၀ ကျော်မြင့်သည်။ ဤကုန်းမြင့်တန်းသည် ဗိဿနိုးမြို့ကို ဧရာဝတီမြစ်ကြောင်းမှ ခွဲခြားကာကွယ်ပေးထားသော အရံတန်တိုင်းနှင့် တူပေသည်။

## ယင်းလွှင်ပြင်

ယင်းလွှင်ပြင်သည် ဤအရံတန်တိုင်းနှင့် အရှေ့ဖက် ပဲခူးရိုးမတောင်ဆွယ်တို့၏ အကြားတွင် တည်နေပေသည်။ ပင်းချောင်းသည် နတ်မောက်မြို့မှ တောင်ဖက်သို့ ရောက်လာလေလေ ဝဲဖက်နှင့် ယာဖက်တို့မှ ချောင်းလက်တက်များ ပို၍ရလာလေလေ ဖြစ်၏။ ယင်းလွှင်ပြင်မှာလည်း တောင်ဖက်သို့ ရောက်လေလေ ကျယ်ဝန်းလေလေ ဖြစ်လာသည်။ ပဲခူးရိုးမမှစ၍ မြို့လုလင်ကိုဖြတ်ကာ အရှေ့ဖက်မှ စီးဝင်လာသော စွန်ချောင်း၊ တောင်တွင်းကြီးမြို့ မြောက်ဖက်မှဖြတ်၍ အရှေ့မှစီးဝင်လာသော စတုံချောင်း၊ အရှေ့တောင်ဖက် ဆတ်သွားမြို့ဖက်မှ အနောက်မြောက်ဆီသို့ စီးလာပြီးလျှင် တောင်ဦးချောင်းနှင့်ပေါင်းကာ စီးဝင်လာသော ရန်ပယ်ချောင်းတို့သည် ဝဲဖက်မှ စီးဝင်သည့် အဓိကလက်တက်များ ဖြစ်ကြ၏။ ဤချောင်းလက်တက်များနှင့် အတူ တည်ဆောက်အပ်သော ယင်းလွှင်ပြင်သည် မြောက်ဖက်နတ်မောက်မြို့မှ တောင်ဖက် ရန်ပယ်ချောင်း မြေပြန့်သို့ ဆင်းလာသည့် နေရာလောက်အထိ ၄၇ မိုင်ရှည်၍ အနောက်ဖက် ဗိဿနိုးမြို့အလွန်လောက်မှ အရှေ့ဖက် ပဲခူးရိုးမတောင်ဆွယ်တို့၏ အခြေလောက်အထိ မိုင် ၂၀ ခန့်ကျယ်ပေသည်။ ဤလွှင်ပြင်၏ အဓိကအပိုင်းသည် မြောက်ဖက်မြို့တပ်မြို့မှ တောင်ဖက် ဆတ်သွားမြို့ အနောက်ဖက် ဗိဿနိုးမြို့တို့ကို ဆက်၍ဆွဲထားသည့် မျဉ်းကြောင်းတို့အနားရှိသည့် တြိဂံပုံအတွင်း ကျရောက်နေပေသည်။ (မြေပုံ ၁ ရှု)

ဤလွှင်ပြင်သည် နုန်းမြေနုများဖြင့် အတန်မြေသြဇာကောင်းသော လွှင်ပြင်ဖြစ်သည်။ ယင်းနှင့်သူ၏လက်တက်တို့မှ ရေများကို ဆည်မြောင်းများဖြင့် သယ်ယူ၍ လူတို့သည် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြ၏၊ ရှေးဗိဿနိုးခေတ်က လူတို့သည်လည်း အလားတူပင် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြမည်ဟု ခန့်မှန်းရသည်။ ဗိဿနိုးခေတ်အတွက် အထောက်အထားအခိုင်အလုံနှင့် ဆိုနိုင်သည်မဟုတ်သော်လည်း ပုဂံခေတ်မှစ၍ ဤဒေသတွင် **တောင်ထွင်မင်**[၂] အုပ်စိုးခဲ့၍ အရေးပါသော ဒေသဖြစ်ခဲ့ကြောင်းကို ပုဂံခေတ်ကျောက်စာများအရ သိရပေသည်။ သို့သော် ထိုခေတ် မြစ်သာ **၁၁ ခရိုင်** နှင့် မင်းဘူး **၆ ခရိုင်**တို့လောက် ကြွယ်ဝချမ်းသာသည်ကား မဟုတ်ပေ။

ယင်းချောင်းနှင့် သူ၏လက်တက်တို့သည် ချောင်းရိုး အမျိုးမျိုး ပြောင်းခဲ့ပြီဖြစ်ကြောင်းကို ကောင်းကင်ရိုက်ဓာတ်ပုံများရှိ အရာအကြောင်းများက ဖော်ပြလျက်ရှိပေသည်။ ယခုအခါတွင်

မြေပုံ ၁

# ယင်း လွင် မြင် နှင့် ဗိ သ နိုး မြို့





မြို့လှလင် ကျောက်ပြင်တောင် ကုန်းမှ ပျူ စာ ပါ အုတ် ချပ်



ဓာတ်ပုံ ၂

ပင်းမြို့ တောင်ထောင့်ရွာ

ပေါ်တော်မူ ကျောက်သလင်း

ဆင်း တု တော် ၏ ရွှေ ကြာပလ္လင်



ဓာတ်ပုံ ၃

ပင်းမြို့ တောင်ထောင့်ရွာမှ ပါဠိ စာနှင့်

ပျူ စာ ပါ သော

အုတ်ခွက် အောက် ပိုင်းကျိုး။

ယင်းချောင်းသည် လွင်ပြင်၏အနောက်ဖက်သို့ လှျံစီးဆင်းနေ၏။ ဗိဿနိုးမြို့ဟောင်းသည် ယင်းချောင်းနှင့် ရန်ပယ်ချောင်းတို့ဆုံရာ၏ အရှေ့ဖက် ၂ မိုင်ခန့်ကွာ ယင်းချောင်း၏ အရှေ့တောင်ယွန်း၊ ရန်ပယ်ချောင်း၏ မြောက်ဖက်တွင် တည်နေသည်။ စတုံချောင်းသည် မြို့၏မြောက်ဖက် ခပ်လှမ်းလှမ်းမှ ဖြတ်စီး၍ ယင်းချောင်းတွင်းသို့ စီးဝင်သည်။ ဤချောင်းသည် မြို့၏မြောက်ဖက် ဂိုက်တထောင်လောက်ထိ ချောင်းရိုး ရွှေပြောင်းခဲ့ဖူးကြောင်း၊ တောင်ဖက်ရှိ ရန်ပယ်ချောင်းရိုးသည် မြို့ဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လျက် ရှိကြောင်း၊ မြို့၏အနောက်ဖက်ပိုင်းရှိ ကြိုးကြာကန်နှင့် အင်းကြီးအင်းခေါ် ပန်ထွာအင်းတို့သည် ရှေးက တဆက်တည်း ဖြစ်ခဲ့ဖူးကြောင်း၊ ကြိုးကြာကန်မှာ ရန်ပယ်ချောင်း၏ ချောင်းဟောင်းတခု ဖြစ်နိုင်ကြောင်း၊ မြို့၏အရှေ့မြောက်ဖက်ရှိ ရွှေရောင်တော်အင်းမှာ မြောက်ဖက်တွင်ရှိခဲ့သော ချောင်းတခု၏ ချောင်းကွေ့ဟောင်းတခု ဖြစ်နိုင်ကြောင်း၊ ရန်ပယ်ချောင်းနှင့် ယင်းချောင်းတို့ဆုံရာ ချောင်းဆုံသည် မြို့အနောက်စွန်သို့ ချင်းနင်း ဝင်ရောက်ခဲ့ဖူးကြောင်း ကောင်းကင်ရိုက်ဓာတ်ပုံ အထောက်အထားတို့အရ သိရှိနိုင်ပေသည်။

## ဗိဿနိုး၏ ကြောထောက်နောက်ခံနယ်

စပါးမှစ၍ သီးနှံပင်မျိုးစုံကို စိုက်ပျိုးနိုင်သဖြင့် ဤမြေပြန့်သည် လူဦးရေအတော်များများကို ထိန်းသိမ်းထောက်ပံ့ ကျွေးမွေးထားနိုင်သော ဒေသဖြစ်၏။ မြန်မာနိုင်ငံသမိုင်း၏ နောက်ပိုင်းခေတ်များတလျှောက်တွင် ထင်ရှားခဲ့သော တောင်တွင်းကြီးမြို့သည် ဤမြေပြန့်ကို အရှေ့ဖက် အာနန်မှနေ၍ အုပ်စီးချုပ်ကိုင်လာသကဲ့သို့ ရှေးပဝေဏီကာလက ဗိဿနိုးမြို့သည် ဤမြေပြန့်ကို ရေဝတီမြစ်ဖက်သို့ဆင်းသွာ ထွက်ပေါက်ရှိသော အနောက်စွန်မှနေ၍ အုပ်စီးချုပ်ကိုင်ခဲ့သည်သာ ဖြစ်ပေသည်။ လယ်ယာစိုက်ပျိုးမှုကို အခြေတည်ထားသော လူနေမှုဘဝတွင် လယ်မြေလုပ်ကိုင်နိုင်ခွင့်သည် အဓိကအရေးကြီးသည်ဖြစ်ရာ ထိုလယ်မြေတို့ကို ချုပ်ကိုင်နိုင်ခဲ့သော ဗိဿနိုးမြို့အတွက် ဤယင်းလွင်ပြင်မြေပြန့်သည် အရေးအကြီးဆုံးသော ကြောထောက်နောက်ခံဒေသ၊ အရေးအကြီးဆုံးသော အခြေခံစီးပွားရေးနယ် ဖြစ်ခဲ့ပေသည်။

ဗိဿနိုးမြို့ဟောင်းကို ပျူတို့၏မြို့ဟု "ဗိဿနိုးမြို့ဟောင်း" ဆောင်းပါးတွင် ဆိုထား၏။[2] ယင်းလွင်ပြင်၏ အရှေ့ဖက်တလျှိုးတွင် ဗိဿနိုးခေတ် ပျူအထောက်အထားမျိုးကို မတွေ့ရသေးဟု ဆိုရပါမည်။ သို့သော် ဗိဿနိုးခေတ်ထက်နောက်ကျသော ပျူအထောက်အထားများကိုကား တွေ့ရ၏။

## ပျူတို့၏ဒေသ-ယင်းလွင်ပြင်

တောင်တွင်းကြီးမြို့အရှေ့ဖက် ရတနာပွင့်လှုကန်တော်ကြီး၏ အရှေ့ဖက်ပိုင်းရှိ နတ်မီကျောင်းတွင် ကျောင်းတိုက်သစ်ဆောက်ရန် ရှေးဟောင်းအုတ်ဂူကြီးကို ဖယ်ရှားတူးဖော်စဉ်က စနစ်တကျ ထားသိုထားသည့် အရိုးပြာအိုးများကို တွေ့ခဲ့ရကြောင်း သိရ၏။ တောင်တွင်းကြီးမြို့အရှေ့တောင်စွန်ကွက်သစ်တွင်လည်း ထုထည်ကြီးမားသော အုတ်တို့ဖြင့် ဆောက်လုပ်ထားသည့် ကုန်းတခုကို တူးဖော်တွေ့ရှိခဲ့ရ၏။

မြို့လုလင်၏ အနောက်မြောက် ၃မိုင်ခန့်ကွာသော ထီးကုန်းရွာနှင့် ရေကြည်ပင်ရွာတို့ စပ်ကြား ကျောက်ပြင်တောင်ကုန်းကို သိုက်ဆရာတို့ တူးဖော်ခဲ့ရာ ပျူအက္ခရာပါသော အုတ်ချပ်ကြီးတခု ပေါ်ထွက်လာခဲ့၏ (ဓာတ်ပုံ ၁)။ ပင်းမြို့ဟောင်း၏အနောက်တောင် ၂ မိုင်ခန့်ကွာ တောင်ထောင်ရွာ၏တောင်ဖက် တမိုင်ကွာ ရှေးဟောင်းကုန်းမှလည်း ပျူလက်ရာဟုဆိုနိုင်သည့် ရွှေကြာမှောက်ကြာလှန်ပလ္လင်နှင့် တကွ စိန်ဘုရားခေါ် ကျောက်သလင်း ဆင်းတုငယ်တဆူ (ဓာတ်ပုံ ၂) အပြင် ပျူစာနှင့်ပါဠိစာပါသော ဗုဒ္ဓရုပ်ပွားပါ အုတ်ခွက်အောက်ပိုင်းကျိုး (ဓာတ်ပုံ ၃) နှင့်တကွ ပုတီးစေ့များကိုပါ တွေ့ခဲ့ဖူး၏။

ဤပျူအထောက်အထား ရှေးဟောင်းပစ္စည်းများကို မြောက်ဖက် ပင်းမြို့မှ တောင်ဖက် တောင်တွင်းကြီးမြို့အထိ တွေ့ခဲ့ရသည်ကို ထောက်သဖြင့် ဤမြေပြန့်သည် ဗိဿနိုးခေတ်လောက်ဟု မဆိုနိုင်စေကာမူ အလွန်ရှေးကျသောကာလက ပျူလူမျိုးတို့နေထိုင်ခဲ့ရာ ဒေသဖြစ်သည်ဟု ဆိုရပါမည်။

ဤသို့ဖြစ်လျှင် ဗိဿနိုးမြို့ကို ဗဟိုပြုသော ဤယင်းလွင်ပြင်သည် မြန်မာနိုင်ငံအတွင်းသို့ ရွှေ့ပြောင်း ဝင်ရောက်လာကြသော တိဗက်မြန်မာ အနွယ်ဝင်တို့၏ ရွှေ့ပြေးလူများဖြစ်သည့် ပျူတို့ အေဒီ ၁ ရာစုနှစ်များလောက်က အခြေစိုက်နေထိုင်ခဲ့ရာ ရှေးဦးလက်မှန်ဒေသဟု ယူဆရန်ရှိပေသည်။

**အဆိုပြုချက်များနှင့်စောဒက**

ဤယူဆမှုတွင် (၁) ဗိဿနိုးသည် ပျူတို့၏မြို့တော်ဖြစ်သည်။ (၂) ထိုမြို့တော်ကို အေဒီ ၁ရာစု နှစ်များလောက်က တည်ခဲ့သည်ဆိုသော အရေးကြီးလှသည့် အဆိုပြုချက် နှစ်ရပ် ပါဝင်နေသည်။ ပျူဒင်္ဂါးများကို တွေ့ရှိရုံမျှ သရေခေတ္တရာယဉ်ကျေးမှုနှင့် ဆက်သွယ်ခြင်းရှိရုံမျှဖြင့် လူမျိုးတမျိုးကို ပျူဟု ယေဘုယျအားဖြင့် သတ်မှတ်နိုင်မည်လော။ ရေဒီယိုကာဗွန်ဓာတ်ခွဲစမ်းသပ်နည်းဖြင့် စမ်းသပ်၍ ဖြဟ္မီအက္ခရာပါ မြေတန်ဆိပ်တုံးတို့ကို အထောက်အထားပြုရုံမျှဖြင့် ခေတ်ကာလကို အေဒီ ၁ရာစုနှစ်များဟု သတ်မှတ်နိုင်အံ့လော။ ယင်းတို့ကို ခိုင်မြဲစေမည့် အခြားအထောက်အထားများ မရှိပေသလောဟု စောဒက တက်လိုက တက်နိုင်သည်။ သံသယဖြစ်လိုက ဖြစ်နိုင်သည်။

ရှေးဟောင်းသုတေသန အထောက်အထားတို့က ဗိဿနိုးသည် ပျူမြို့တော် ဖြစ်နိုင်သည်။ ထို ဗိဿနိုးထွန်းကားခဲ့သောကာလကို သမိုင်းစဉ်တွင် အေ၊ ဒီ၊ ၁ ရာစုမှ ၅ရာစု နှစ်များအတွင်း သတ်မှတ်ပေးနိုင်သည်ဟု အဆိုပြုချက်များကို အာရှအရှေ့တောင်ပိုင်း၏ သမိုင်းစဉ်တွင် ချ၍ သမိုင်းအမြင်ဖြင့် ကြည့်နိုင်စွမ်းသော အထောက်အထားများ ရှိပါသည်။ သွယ်ဝိုက်အထောက်အထားများသာမက ခေတ်ပြိုင်ကျသော တိုက်ရိုက်အထောက်အထားများလည်း ရှိပါသည်။ ယင်းတို့နှင့်စပ်လျဉ်း၍ ခေတ်ကာလ သတ်မှတ်ချက်ဆိုင်ရာတို့ကို ရှေးဦးစွာ ဆန်းစစ်ဖော်ပြလိုပါသည်။

× × × × ×

## သမိုင်းခေတ်ဦး အရှေ့တောင်အာရှ

အာရှအရှေ့တောင်ပိုင်းတွင် ကမ္ဘာဦးလူ ပေါ်ပေါက်၍ ခေတ်လူသားအဆင့်ထိ ပြောင်းလဲလာခဲ့ကြောင်းကို သိရှိရ၏။[၄] ထိုနောက် ဘဝတည်ဆောက်ရေးတွင် လူသားတို့အသုံးပြုလာခဲ့သော ကုန်ထုတ်လက်နက်ပစ္စည်းအမျိုးအစားကိုလိုက်၍ ခေါ်ဝေါ်အပ်သော **ကျောက်ခေတ်ဟောင်း**[၅]သည်လည်းကောင်း **ကျောက်ခေတ်သစ်**[၆]သည်လည်းကောင်း မြန်မာနိုင်ငံအပါအဝင်ဖြစ်သော အရှေ့တောင်အာရှဒေသတွင် အဆင့်ဆင့် ပြောင်းလဲပေါ်ပေါက်ခဲ့၏။ ကျောက်ခေတ်သစ်တွင် လယ်ယာစိုက်ပျိုးမှုကို အခြေခံသည့် ကုန်လုပ်ဆက်ဆံရေးစနစ် ပေါ်ပေါက်ခဲ့သည်။ ထိုခေတ်သည်သမိုင်းမတင်မီ ရှေးဦးဘုံမြေခေတ်မျိုးဖြစ်ဟန်တူ၏။ ဤကာလတွင် မြန်မာနိုင်ငံနှင့်အာရှအရှေ့တောင်ပိုင်းတခွင်တွင် အပြံ့အနှံ့ရောက်ရှိနေထိုင်ကြသူတို့မှာ တောင်ပိုင်းအနွယ်ကြီးခေါ် **သြစတြစ်အနွယ်ကြီး***ဝင် ဘာသာစကားများကို ပြောကြသည့် ရှေးလူများဖြစ်ကြ၏။ မြောက်ဖက်ကုန်းပိုင်းတွင် မွန်ခမာအနွယ်ခွဲဝင် စကားများ ပြောကြသော **သြစတြိုအေရှားတစ်****တို့က ကြီးစိုး၍ တောင်ပိုင်းတွင် ဆလုံ၊ မလေးစသည့် အင်ဒိုနီးရှင်းအနွယ်ခွဲဝင် စကားများပြောကြသော **သြစတြိုနီးရှင်း*****တို့က ကြီးစိုးခဲ့သည်ဟု ဆိုရပေမည်။ အာရှအရှေ့တောင်ကျောက်ခေတ်သစ်လူတို့၏ ယဉ်ကျေးမှုကို သာမန်အားဖြင့် သြစတြစ်ယဉ်ကျေးမှုဟု သိမှတ်ကြသည်။ ဤကား သမိုင်းမတင်မီခေတ်၏ နောက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင်ဖြစ်သော အာရှအရှေ့တောင်ပိုင်း၏ သာမန်အခြေအနေပေတည်း။

## သမိုင်းခေတ်သို့ ပြောင်းသည့်ကာလ

ဤဒေသတွင် သမိုင်းမတင်မီခေတ်မှသည် သမိုင်းခေတ်သို့ မည်သည့်ကာလက မည်သို့မည်ပုံ ပြောင်းလဲလာခဲ့သနည်း။ လူတို့၏သမိုင်းစဉ်တွင် ခေတ်တခေတ်နှင့်တခေတ်ကို အတိအကျ ခွဲခြားသတ်မှတ်ရန် ဖြစ်နိုင်သည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ခေတ်ဟောင်းက ယဉ်ကျေးမှု၊ ဓလေ့၊ ကုန်လုပ်ဆက်ဆံမှုစနစ်တို့သည် ခေတ်သစ်အတွင်းသို့ ကာလကြာမြင့်စွာ တွယ်ကပ်ပါလာသောကြောင့် ဖြစ်သည်။ သို့သော် ဤဒေသလူနေမှုဘဝတွင် ခရစ်နှစ်များအစ ပတ်ဝန်းကျင်လောကက ထူးခြားသည့် ပြောင်းလဲမှုများ ပေါ်ပေါက်လာခဲ့သဖြင့် သမိုင်းမတင်မီ ခေတ်ဟောင်းအတွင်းမှပင် သမိုင်းခေတ်ဦးသည် ပေါက်ဖွားလာခဲ့သည်ဟု ဆိုနိုင်ပေသည်။

### ပြောင်းလဲလာမှုများ

ပေါ်ပေါက်ခဲ့သည့် ထူးခြားသော ပြောင်းလဲချက်တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) လူသုံးလက်နက်ပစ္စည်း(ဝါ)ကုန်ထုတ်ကရိယာများ ပြုလုပ်ရာတွင် သမားရိုးကျသုံးလာခဲ့သော ကျောက်လက်နက်တို့အပြင် သတ္တုလက်နက်တို့ကိုပါ အသုံးပြုလာကြခြင်း၊ တနည်းဆိုသော် ကျောက်လက်နက်ပစ္စည်းတို့အပြင် ကြေးညို (နောက်ပိုင်းတွင်သံ) ဖြင့် ပြီးသော လက်နက်ကရိယာများကိုလည်း သုံးစွဲလာကြခြင်း။

* Austric Family.
** Austro-asiatic.
*** Austronesian.

## သမိုင်းခေတ်ဦး အရှေ့တောင်အာရှ

အာရှအရှေ့တောင်ပိုင်းတွင် ကမ္ဘာဦးလူ ပေါ်ပေါက်၍ ခေတ်လူသားအဆင့်ထိ ပြောင်းလဲလာခဲ့ကြောင်းကို သိရှိရ၏။[၄] ထိုနောက် ဘဝတည်ဆောက်ရေးတွင် လူသားတို့အသုံးပြုလှာခဲ့သော ကုန်ထုတ်လက်နက်ပစ္စည်းအမျိုးအစားကိုလိုက်၍ ခေါ်ဝေါ်အပ်သော **ကျောက်ခေတ်ဟောင်း**[၅] သည်လည်းကောင်း **ကျောက်ခေတ်သစ်**[၆] သည်လည်းကောင်း မြန်မာနိုင်ငံအပါအဝင်ဖြစ်သော အရှေ့တောင်အာရှဒေသတွင် အဆင့်ဆင့် ပြောင်းလဲပေါ်ပေါက်ခဲ့၏။ ကျောက်ခေတ်သစ်တွင် လယ်ယာစိုက်ပျိုးမှုကို အခြေခံသည့် ကုန်လုပ်ဆက်ဆံရေးစနစ် ပေါ်ပေါက်ခဲ့သည်။ ထိုခေတ်သည်သမိုင်းမတင်မီ ရှေးဦးဘုံမြေခေတ်မျိုး ဖြစ်ဟန်တူ၏။ ဤကာလတွင် မြန်မာနိုင်ငံနှင့်အာရှအရှေ့တောင်ပိုင်းတခွင်တွင် အပျံ့အနှံ့ ရောက်ရှိနေထိုင်ကြသူတို့မှာ တောင်ပိုင်းအနွယ်ကြီးခေါ် **ဩစတြစ်အနွယ်ကြီး*** ဝင် ဘာသာစကားများကို ပြောကြသည့် ရှေးလူများဖြစ်ကြ၏။ မြောက်ဖက်ကုန်းပိုင်းတွင် မွန်ခမာအနွယ်ခွဲဝင် စကားများ ပြောကြသော **ဩစတြိုအေရှားတစ်****တို့က ကြီးစိုး၍ တောင်ပိုင်းတွင် ဆလုံ၊ မလေးစသည့် အင်ဒိုနီးရှင်းအနွယ်ခွဲဝင် စကားများပြောကြသော **ဩစတြိုနီးရှင်း*****တို့က ကြီးစိုးခဲ့သည်ဟု ဆိုရပေမည်။ အာရှအရှေ့တောင် ကျောက်ခေတ်သစ်လူတို့၏ ယဉ်ကျေးမှုကို သာမန်အားဖြင့် ဩစတြစ်ယဉ်ကျေးမှုဟု သိမှတ်ကြသည်။ ဤကား သမိုင်းမတင်မီခေတ်၏ နောက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင်ဖြစ်သော အာရှအရှေ့တောင်ပိုင်း၏ သာမန်အခြေအနေပေတည်း။

## သမိုင်းခေတ်သို့ ပြောင်းသည့်ကာလ

ဤဒေသတွင် သမိုင်းမတင်မီခေတ်မှသည် သမိုင်းခေတ်သို့ မည်သည့်ကာလက မည်သို့မည်ပုံ ပြောင်းလဲလာခဲ့သနည်း။ လူတို့၏သမိုင်းစဉ်တွင် ခေတ်တခေတ်နှင့်တခေတ်ကို အတိအကျ ခွဲခြားသတ်မှတ်ရန် ဖြစ်နိုင်သည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ခေတ်ဟောင်းက ယဉ်ကျေးမှု၊ ဓလေ့၊ ကုန်လုပ်ဆက်ဆံမှုစနစ်တို့သည် ခေတ်သစ်အတွင်းသို့ ကာလကြာမြင့်စွာ တွယ်ကပ်ပါလာသောကြောင့် ဖြစ်သည်။ သို့သော် ဤဒေသလူနေမှုဘဝတွင် ခရစ်နှစ်များအစ ပတ်ဝန်းကျင်လောက်က ထူးခြားသည့် ပြောင်းလဲမှုများ ပေါ်ပေါက်လာခဲ့သဖြင့် သမိုင်းမတင်မီ ခေတ်ဟောင်းအတွင်းမှပင် သမိုင်းခေတ်ဦးသည် ပေါက်ဖွားလာခဲ့သည်ဟု ဆိုနိုင်ပေသည်။

### ပြောင်းလဲလာမှုများ

ပေါ်ပေါက်ခဲ့သည့် ထူးခြားသော ပြောင်းလဲချက်တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) လူသုံးလက်နက်ပစ္စည်း (ဝါ) ကုန်ထုတ်ကရိယာများ ပြုလုပ်ရာတွင် သမားရိုးကျသုံးလာခဲ့သော ကျောက်လက်နက်တို့အပြင် သတ္တုလက်နက်တို့ကိုပါ အသုံးပြုလာကြခြင်း၊ တနည်းဆိုသော် ကျောက်လက်နက်ပစ္စည်းတို့အပြင် ကြေးညို (နောက်ပိုင်းတွင်သံ) ဖြင့် ပြီးသော လက်နက်ကရိယာများကိုလည်း သုံးစွဲလာကြခြင်း။

* Austric Family.
** Austro-asiatic.
*** Austronesian.

# ပျူ မြို့ တော် များ တည် နေ ရာ ပြ မြေပုံ






ပျူမြို့ဟောင်း အမည်များကို ▭ ဤသို့ ပေါင်ပတ်ထားပါသည်။

၄၀ ၃၀ ၂၀ ၁၀ ၀ ၄၀ ၈၀ ၁၂၀ ၁၆၀ -မိုင်

# မြို့ရာ မြို့ခင်း တို့ကို နှိုင်းယှဉ် အပ်သော ပျူမြို့ ၃ မြို့၏ ပန္နက်ပုံများ

ပန္နက်ပုံ ၁




ဗိဿနိုးမြို့

သရေခေတ္တရာမြို့

ဟန်းလင်းမြို့

## မြို့တို့၏တည်နေရာ

ဤမြို့ကြီးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းစဉ်၏ လမ်းမတော်ကြီးဖြစ်သော **ဧရာဝတီ** မြစ်ကမ်းပါးတွင် မတည်ရှိကြပဲ မြစ်နှင့်မနီးမဝေးရှိ မမြင့်လှသော တောင်ရိုးတန်း သို့မဟုတ် ကုန်းမြင့်တန်း၏ တဖက်တွင် မြစ်မှအကာအကွယ်ယူထားသည့်နှယ် တည်နေကြ၏။

ဗိဿနိုးမြို့နှင့် ဧရာဝတီမြစ် အနီးဆုံးနေရာဖြစ်သော မိကျောင်းရဲမြို့မှသော် ဗိဿနိုးသည် ဧရာဝတီမြစ်၏ အရှေ့ဖက် မိုင် ၂၀ ခန့်အကွာတွင် ရှိ၏။ မြို့နှင့် မြစ်စပ်ကြားတွင် ပေ ၇၅၀ အထိ မြင့်သော တောင်ရိုးတန်းရှိကြောင်းကို ဆိုခဲ့ပြီးဖြစ်သည်။ သရေခေတ္တရာမြို့သည်လည်း ဧရာဝတီမြစ်၏ အရှေ့ဖက် ၅ မိုင်ကွာတွင် ပေ ၄၅၀ ကျော် မြင့်သော တောင်ရိုးတန်းခြားလျက် တည်နေ၏။ ဟန်လင်းမြို့မှာမူ ဧရာဝတီမြစ်၏ အနောက်ဖက် ၁၀ မိုင်ကွာတွင် ရှိသည်။ ကြားတွင် ပေ ၄၅၀ ကျော် အမြင့်ဆုံးရှိ၍ အကျယ်ဆုံးနေရာတွင် မြစ်၏အနောက်ဖက် ၇ မိုင်အထိရောက်သော ကုန်းမြင့်ငယ်တခု ရှိနေပေသည်။

တဖန် ဗိဿနိုးမြို့သည် စီးပွားရေးအတွက် ယင်းလွင်ပြင်ကို ကြောထောက် နောက်ခံအဖြစ် မှီခိုနိုင်သည့် နေရာတွင် တည်နေသကဲ့သို့ သရေခေတ္တရာမြို့သည် နဝင်းချောင်းနှင့် လက်တက်များအားဖြင့် တည်ဆောက်ထားသော လွင်ပြင်ကိုလည်းကောင်း၊ ဟန်လင်းသည် ယခုအခါတွင် အနောက်ဖက်သို့ မြစ်ကြောင်း ရွှေပြောင်းသွားသော မူးမြစ်၏ မြစ်ဝှမ်းကိုလည်းကောင်း မှီခိုနိုင်သည့် နေရာများတွင် အသီးသီး တည်နေကြပေသည် (မြေပုံ ၂ ကိုရှု။)။

## မြို့ရာမြို့ခင်း

မြို့တို့၏တည်နေရာ ပထဝီအခြေအနေများတွင် အသွင်တူသကဲ့သို့ မြို့ခင်းမြို့ရာ စီမံထားပုံတို့၌လည်း အသွင်တူနေသည်ကို တွေ့ရသည်။ ဤမြို့ကြီးတို့၏ မြို့ခင်းမြို့ရာသည် နောက်ခေတ်များတွင် ပေါ်ပေါက်ခဲ့သော မြို့တော်များ၏ မြို့ခင်းမြို့ရာတို့ကဲ့သို့ မကျဉ်းပဲ များစွာကျယ်ဝန်းကြသည်။

**ဗိဿနိုးမြို့** သည် စတုရန်းမကျသော လေးထောင့်ပုံ ဖြစ်၏။ အနောက်ဖက်တွင်မှတပါး ကျန် ၃ဖက်တွင် မြို့ရိုးရာများ ရှိနေပေသေးသည်။ မြောက်မြို့ရိုးသည် ပေ ၉၀၀၀ ခန့် ရှည်၏။ အရှေ့မြို့ရိုးသည် ပေ ၁၀၀၀၀ ခန့်၊ တောင်မြို့ရိုးသည် ပေ ၈၀၀၀ ခန့် အသီးသီး ရှည်သည်။ ဤမြို့ရိုး ၃ ဖက်၏ အလျားကို ဆန့်ကြည့်လျှင် ၅ မိုင်ကျော် ရှည်သည်ကို တွေ့ရမည်။ မြို့တွင်းဒေသ၏ **အကျယ်အဝန်းမှာ** စတုရန်းမိုင် ၃.၃ ခန့် ရှိမည်ဟု မြန်မာနိုင်ငံ သမိုင်းကော်မီရှင် လူကြီးတဦးဖြစ်သူ ပထဝီဝင် ပါမောက္ခ ဒေါက်တာ ဒေါ်သင်းကြည်က ဗိဿနိုးမြို့ဟောင်းတွင် ကွင်းနင်းပြီးနောက် ကောင်းကင်ရိုက် ဓာတ်ပုံများကို အခြေပြု၍ ခန့်မှန်းထားသည်။

**သရေခေတ္တရာ** မြို့သည် စက်ဝိုင်းပုံမကျသော အဝန်းအဝိုင်းပုံဖြစ်၏။ တောင်မြောက်အကျယ်ဆုံး အပိုင်းတွင် အချင်းသည် ကိုက် ၅၀၀၀ ခန့်ရှိ၍ အရှေ့အနောက် အကျယ်ဆုံးအပိုင်းတွင် အချင်းသည်

ဂိုက် ၄၂၈၀ ကျော်ရှိသည်။ မြို့ရိုး၏ ပတ်လည်အရှည်မှာ ၈ မိုင် ၅ ဖာလုံကျော်ရှိ၍ မြို့ဝန်းအကျယ်မှာ စတုရန်း ၅ မိုင်ခွဲခန့် ရှိသည်။

**ဟန်လင်းမြို့ကို** ကွင်းဆင်း သုတေသနပြု၍ ကောင်းကင်ရိုက်ဓာတ်ပုံ အထောက်အထားများအရ ခန့်မှန်းအပ်သော ဒေါက်တာဒေါ်သင်းကြည်၏ ဟန်လင်းမြို့ အတိုင်း အတာ တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | | |
|---|---|---|---|
| တောင်-မြောက်။ | အနောက်မြို့ရိုးတလျှောက် | ပေ | ၉၆၀၀ |
| | အလယ်ဗဟိုတလျှောက် | ပေ | ၁၀၀၀၀ |
| | အရှေ့မြို့ရိုးတလျှောက် | ပေ | ၉၄၀၀ |
| အရှေ့-အနောက်။ | မြောက်မြို့ရိုးတလျှောက် | ပေ | ၄၈၀၀ |
| | အလယ်ဗဟိုတလျှောက် | ပေ | ၆၂၀၀ |
| | တောင်မြို့ရိုးတလျှောက် | ပေ | ၅၆၀၀ |

အရှေ့ဖက်တွင် မြို့ရိုးနှစ်ထပ်ရှိရာ အပြင်နှင့်အတွင်းမြို့ရိုးတို့သည် မြောက်စွန်တွင် ပေ ၄၀၀ ကွာ၍ တောင်စွန်တွင် ပေ ၅၀၀ ကွာသည်။ အတွင်းမြို့ရိုး၏ ပတ်လည်အရှည်မှာ ၅.၄၂ မိုင်ရှိ၍ မြို့ဝန်း၏ အကျယ်မှာ စတုရန်းမိုင် ၁.၈၅ ရှိသည်။

ဤခန့်မှန်းချက်များအရ သရေခေတ္တရာမြို့သည် မြို့ရာမြို့ခင်း အကျယ်ဆုံးဖြစ်၍ ဟန်လင်းမြို့မှာ မြို့ရာမြို့ခင်းအကျဉ်းဆုံးဖြစ်သည်ကို တွေ့ရပေမည်။ (ပန္နက်ပုံ ၁။ မြို့ရာမြို့ခင်းတို့ကို နှိုင်းယှဉ်ပြအပ်သော ပျူမြို့ ၃ မြို့၏ ပန္နက်ပုံများကိုရှုပါ။)

**အစီအမံ၊ အခင်းအကျင်း**

ဟန်လင်းမြို့သည် အလွန့်အလွန် ပျက်စီးပြုန်းတီးနေပြီဖြစ်၍ မြို့တွင်းအခင်းအကျင်းတို့၏ မူလအနေအထားကို ခန့်မှန်းရန် မလွယ်ကူလှပေ။ ဗိဿနိုးနှင့် သရေခေတ္တရာမြို့တို့၌မူ ရှေးဟောင်း အဆောက်အအုံနှင့် မြို့ရိုးတန်တိုင်းတို့ကို တူးဖော်ပြီးသည့်နောက်တွင် အထင်အရှား တွေ့နိုင်ပေသည်။ ဤမြို့ကြီးနှစ်မြို့တွင် လူနေအဆောက်အအုံများ၊ သာသနာအဆောက်အအုံများရှိရာအပိုင်းနှင့် လယ်ယာ စိုက်ပျိုးရာအပိုင်းဟူ၍ နှစ်ပိုင်းခွဲထားသည်။ သရေခေတ္တရာမြို့၏ အရှေ့မြောက်ခြမ်းကို လယ်ယာ စိုက်ပျိုးရေးအတွက် သီးသန့်ထား၏။ ဗိဿနိုးတွင် နန်းတော်ရာမှ တောင်ဖက်မြို့ရိုးလောက်အထိ အုတ်တန်တိုင်းခတ်၍ မြို့အရှေ့ပိုင်းကို စိုက်ပျိုးရန်ခွဲခြားထားသည်။[၁၀] ထိုမှတပါး မြို့ကြီးများအတွင်းသို့ ရေသွင်းသောမြောင်း၊ ရေသွင်းစိုက်ပျိုးရန်တူးမြောင်းများ၊ ရေထုတ်မြောင်းစသည်တို့ ရှိခဲ့သည်ကိုလည်း ယနေ့ထိ ကျန်ရှိနေသော အရာအကြောင်းတို့မှ သိသာနိုင်၏။ မြို့တွင်း၌ ရေဖူလုံရေးအတွက်လည်း ရေကန်များထားရှိပေသည်။ ဤသို့ အခင်းအကျင်းစီစဉ်ထားခြင်းမှာ ထိုခေတ်ကစစ်ဆင်ရာတွင် မြို့ကို

ဝန်းရံတိုက်ခိုက်လုပ်ကြံခြင်းကို မြို့တွင်း၌ စားရေရိက္ခာဖူလုံစေခြင်းဖြင့် ရန်သူတို့ကို ကာလကြာမြင့်စွာ ခုခံနိုင်ရန် စီမံပြုလုပ်ထားခြင်းဖြစ်ပေသည်။

ထူးခြားစွာတူနေသော အခြားအချက်တခုမှာ မြို့ကြီးများကို ရေပေါသောအင်းကြီးနှင့် ကန်ကြီးများကိုအမှီပြု၍ တည်ထားခြင်းပင်ဖြစ်သည်။ ဗိဿနိုးမြို့သည် မြို့အရှေ့မြောက်ရှိ ရွှေရောင်တော်အင်းကို အမှီပြုခဲ့သည့်နည်းတူ ဟန်လင်းသည် မြို့အရှေ့တောင်ဖက်တွင် မြို့နှင့်တဆက်တည်းရှိနေသော နဂါးရုံကန်နှင့် မြို့တောင်ဖက်အဘန်ကွာရှိ ဟန်လင်းအင်း ကိုလည်းကောင်း၊ သရေခေတ္တရာသည် မြို့အရှေ့မြောက်ထောင့်တွင် မြို့နှင့်တဆက်တည်းဖြစ်နေသော ယခုခေတ်ခေါ် 'ပင်လယ်' အင်းကြီးကိုလည်းကောင်း အမှီပြု၍နေပေသည်။

မြို့တည်ရာ ပထဝီအနေအထား မြို့ခင်းမြို့ဘာ မြို့တွင်းအစီအမံအခင်းအကျင်းတို့တွင် ဗိဿနိုးမြို့သည် ပျူမြို့များဟု အထင်အရှားသိရသော ဟန်လင်းနှင့်သရေခေတ္တရာ အထူးသဖြင့် သရေခေတ္တရာနှင့် များစွာအသွင်တူနေခြင်းက ဗိဿနိုးမြို့သည် ပျူမြို့တော်ဖြစ်ကြောင်းကို ထောက်ခံနေပေသည်။

မြို့တော်၏ တည်နေရာနှင့် အနေအထား အခင်းအကျင်းတွင်သာ တူညီသည် မဟုတ်။ ထိုမြို့ဟောင်းတို့တွင် တူးဖော်တွေ့ရှိရသော အဆောက်အအုံတို့၏ပုံနှင့် ဗိသုကာပညာ၊ ရှေးဟောင်းလက်ရာပစ္စည်းတို့တွင်လည်း တူညီသောအသွင်များ ဆောင်နေသည်ကို တွေ့ရပေသည်။"

## ဗိသုကာနှင့်အနုပညာ အသွင်တူမှုများ

မြို့ရိုးမြို့တာမှစ၍ အဆောက်အအုံများ တည်ဆောက်ရာတွင် အသုံးပြုသော အုတ်တို့သည် နောင်ခေတ်များတွင်သုံးသော အုတ်တို့ထက် များစွာကြီးသည်။ ထူလည်းထူသည်။ မြို့၃မြို့စလုံး၌ အသုံးပြုသော အုတ်တို့မှာ အုတ်ကြီးများဖြစ်သည်။ ယေဘုယျအားဖြင့် အရွယ်အစားချင်းလည်း တူညီကြသည်ကို တွေ့ရ၏။ပြန်းမျှအုတ်အရွယ်အစားမှာ အလျား၁၇လက်မ၊ အနံ၉လက်မ၊ ထု၃လက်မဖြစ်၏။

ဗိဿနိုးမြို့၏ (တူးဖော်ပြီး) မြို့ဝင်ပေါက် (အမှတ်၁၃၊ ၁၅) တို့သည် မန္တလေးမြို့ဝင်ပေါက်ကဲ့သို့ မြို့ရိုးကိုဖောက်၍ အကာအကွယ်အတွက် ရှေ့တွင် မီးတားတန်တိုင်းကို ဆောက်လုပ်ထားသည့် ပုံမျိုး မဟုတ်ပေ။ တဖက်တချက်မှလာသော မြို့ရိုးတန်တိုင်းသည် ဝင်ပေါက်ဖော်မည့် နေရာတွင် အတွင်းသို့ကွေ့ဝိုက်ဝင်သွားကာ ယင်းကို ဝင်ပေါက်၏ဝဲယာတွင် ကတုတ်နှစ်ခုအဖြစ် ရဲလောင်းသွယ်သည့် နှယ်တည်ဆောက်ထားပေသည်။ တန်ထောင်ဆစ်ချိုးမဟုတ်ပဲ စက်ဝိုင်း၏အပိုင်းငယ်သဖွယ် ကွေ့ဝိုက်၍ ချိုးထားသဖြင့် ထိပ်ဝတွင် အသွန်ကျယ်ရာမှ အတွင်းသို့ တဖြည်းဖြည်း ကျဉ်းဝင်လာပြီးသော် အတန်ဝေးစွာ မျဉ်းပြိုင်သဖွယ် ဆက်၍ဆောက်လုပ်ထားပေသည်။ မျဉ်းပြိုင်ဖြစ်နေသော ကတုတ်ရဲလောင်းနှစ်ခုကြား၏ အကျယ်ကို မြို့ဝင်ပေါက်၏အကျယ်ဟု သိနိုင်ပေသည်။ ဗိဿနိုး ကုန်းအမှတ်၁၃၏ မြို့ဝင်ပေါက်အကျယ်မှာ ပေ၂၀ရှိ၏ (ခေတ်ပုံ ၄) (ပန္နက်ပုံ ၂)။ ကုန်းအမှတ်၁၅တွင် တွေ့ရသော မြို့ဝင်ပေါက်၏အကျယ်မှာ ၁၅ပေရှိသည် (ခေတ်ပုံ ၅)။

ဤကဲ့သို့သော မြို့ဝင်ပေါက်ပုံစံမျိုးကို ဟန်လင်း၌လည်းကောင်း၊ သရေခေတ္တရာ၌လည်းကောင်း တွေ့ရှိရသည်။ ဟန်လင်းတွင် တူးဖော်ပြီးဖြစ်သော တောင်ဖက်မြို့ဝင်ပေါက် (ဟန်လင်းကုန်းအမှတ် ၁၀) (ပန္နက်ပုံ ၃)၊ သရေခေတ္တရာရှိ တူးပြီး အနောက်မြောက်မြို့ဝင်ပေါက် (ရွှေတံခါးပေါက်ကုန်းအမှတ်၅) (ပန္နက်ပုံ ၄) နှင့် မတူးရသေးပဲ သဘာဝအနေအထားအတိုင်းပင် ရှိနေသေးသော အခြားသောတံခါးပေါက်အချို့တို့မှာလည်း ဤဗိဿနိုးမြို့ ဝင်ပေါက် (ကုန်း ၁၃ နှင့် ၁၅) တို့နှင့် တစေထဝ တည်းပင်ဖြစ်ပေသည်။

ဘာသာရေး သို့မဟုတ် ထုံးတမ်းဆိုင်ရာ အဆောက်အအုံများနှင့်စပ်လျဉ်း၍ ဗိဿနိုးတွင် တွေ့ရသော အဆောက်အအုံ ပုံစံတခုသည် ဟန်လင်းတွင်တွေ့ရသော အဆောက်အအုံ ပုံစံတခုနှင့် ထပ်တူနီးပါးမျှ တူနေသည်ကိုလည်း ထူးခြားစွာ တွေ့ရပေသည်။

ဟန်လင်းနှင့်ဗိဿနိုးတို့တွင် တူးဖော်တွေ့ရှိပြီးဖြစ်သော အဆောက်အအုံတို့အနက် တခုနှင့်တခု လွန်စွာအသွင်တူသော အဆောက်အအုံတို့မှာ ဟန်လင်းအမှတ် ၅ ကုန်း အဆောက်အအုံနှင့် ဗိဿနိုးအမှတ် ၁၂ ကုန်း အဆောက်အအုံ [၁၂] တို့ဖြစ်သည်။ ဟန်လင်းကုန်းအမှတ် ၅ အဆောက်အအုံသည် အနားတဖက်လျှင် ၄၃ ပေခန့်ရှိသော စတုရန်းပုံ အုတ်အဆောက်အအုံဖြစ်သည်။ အရှေ့ဖက်မျက်နှာတွင် ပေ ၂၀ ခန့်ရှည်သော အုတ်ပေါင် ၂ ခုကို အလယ်ဗဟိုလောက်တွင် လှေကားသဖွယ်ဆက်ထား၏။ လှေကားထစ်များကိုကား မတွေ့ရတော့ပေ (ပန္နက်ပုံ ၅)။ ဗိဿနိုးမြို့မြောက်ဖက်စွန်ရှိ ကုန်းအမှတ် ၁၂ အဆောက်အအုံမှာလည်း အလားတူပုံမျိုးဖြစ်သည်။ အနားတဖက်လျှင် ၃၄ ပေရှည်သည်။ ဤစတုရန်းပုံ၏အရှေ့ဖက်၌ပင် ၁၂ ပေပတ်လည်ခန့်ရှိ၍ လှေကားထစ် ၃ ထစ်ပါသော အုတ်ခုံတခုကို ဆက်ထားသည် (ပန္နက်ပုံ ၆)။ အဆောက်အအုံ နှစ်ခုစလုံး၌ပင် အုတ်များကို အလျားလိုက်စီခြင်း၊ ထောင်လိုက်စီခြင်းဖြင့် နံရံကိုဖော်ထားသည်။ ထောင်လိုက်စီသော အုတ်တို့၏မျက်နှာစာအပေါ် ထောင့်ကို ထောင့်မှန်မထားပဲ ချောမွတ်ညီညာစွာ ခုံး၍ထားသည်မှာလည်း တူသည်။ အဆောက်အအုံ၏ပြင်ပတန်ဆာဆင်မှုကို အလှအပဖြစ်စေရန် ဤကဲ့သို့ထိပ်ခုံးအုတ်များကို သုံးခဲ့ခြင်းဖြစ်သည်ဟု ယူဆရ၏။

ဗိဿနိုးမြို့ကုန်းအမှတ် ၉၊ ၁၀ အဆောက်အအုံများနှင့် သရေခေတ္တရာမြို့ ဦးခင်ဘကုန်းနှင့် မသီးကျကုန်းခေါ် ငွေပင်တက်ကုန်းအဆောက်အအုံတို့တွင်လည်း ထိပ်ခုံးအုတ်ကို ထောင်လိုက်စီ၍ အလှအပပုံဖော်ထားသည်ကို တွေ့နိုင်ပေသည်။

## ပျူဒင်္ဂါးများ

ဤမြို့ကြီး ၃ မြို့ကို ဆက်စပ်ပေးနေသည့် ထင်ရှားသော အခြားအဆောက်အထားတို့မှာ ပျူဒင်္ဂါးဟုအသိများနေသော အမှတ်လက္ခဏာပါ ငွေပြားဝိုင်းများဖြစ်ကြသည်။ ဗိဿနိုးမြို့ဟောင်းတွင် ဟန်လင်းနှင့်ပျူဒင်္ဂါးနှစ်မျိုးစလုံးကို မြေပေါ်မြေအောက်မှ ဖော်ထုတ်ရရှိခဲ့ကြောင်း ဗိဿနိုးစာတန်းတွင်

ဓာတ်ပုံ ၄



ဓာတ်ပုံ ၅ ဗိဿနိုးမြို့ ကုန်းအမှတ် ၁၃ မြို့ဝင်ပေါက် တပိုင်းတစ တူးပြီး ပုံ (မြောက်ဖက်မှ မြင်ကွင်း)



ဗိဿနိုးမြို့ ကုန်းအမှတ် ၁၅ မြို့ဝင်ပေါက် တူး ဖော် ပြီး ပုံ (မြောက်ဖက် မှ မြင် ကွင်း)



(က) ဟန်လင်း ကုန်း မှတ် (၁၀) တောင်မြို့ရိုး တံခါး ပေါက်။ (တောင်ဖက်မှ မြင်ကွင်း။)

ဓာတ်ပုံ အမှတ် ၄ နှင့် ၅၊ ဗိဿနိုး ကုန်း အမှတ် ၁၃၊ ၁၅၊ တို့တွင် တွေ့ရသော မြောက်မြို့ရိုးရှိ တံခါး ပေါက် ပုံ များ နှင့် နှိုင်း ယှဉ် ပါ။



(ခ) အထက်ပါ တံခါးပေါက်၊ မြောက်ဖက်မှ မြင် ကွင်း

ဤ ပုံ များ ကို ရှေး ဟောင်း သုတေသနဌာန မှ ရရှိ ပါ သည်။ နောက် ကျ ၍ ရရှိသဖြင့် သီး ခြား ထည့် သွင်း ထား ခြင်း ဖြစ် ပါ သည်။

ပန္နက်ပုံ–၂




ဗိဿနိုး၊ ကုန်းအမှတ် ၁၃၊ မြောက်မြို့ရိုးအလယ် မြို့ပေါက်ပန္နက်ပုံ

ပန္နက်ပုံ ၃

ဟန်လင်း-ကုန်းအမှတ် ၁၀ တံခါးပေါက် ပန္နက်ပုံ



ပန္နက်ပုံ ၄

သရေခေတ္တရာ-မြောက်ရွှေတံခါးပေါက်

(ကုန်းအမှတ် ၅) ပန္နက်ပုံ



ပန္နက်ပုံ ၅




ဟန်းလင်းကုန်းအမှတ် ၅ အဆောက်အအုံ ပန္နက်ပုံ

ပန္နက်ပုံ ၆



တွေ့ရ၏။ [၁၃] ဤနေရာတွင် ပျူဒင်္ဂါးတို့အကြောင်းကို ဆိုရန်မဟုတ်သော်လည်း ဆက်စပ်နေမှုကို နှိုင်းယှဉ်မှုပြုခြင်းအားဖြင့် ဖော်ထုတ်ပေးနိုင်ရေးအတွက် လိုအပ်မည့်ရှင်းလင်းဖော်ပြမှုကိုကား ပြုလုပ်ရန် လိုပါမည်။

သရေခေတ္တရာတွင် အများဆုံးတွေ့ရသော ဒင်္ဂါးပုံစံမျိုးကို သရေခေတ္တရာဒင်္ဂါး၊ ဟန်လင်းတွင် အများဆုံးတွေ့ရသောဒင်္ဂါးပုံစံမျိုးကို ဟန်လင်းဒင်္ဂါးဟု သာမန်အားဖြင့် ပညတ်ထားခြင်းဖြစ်သည်ဟု ယူဆရပါသည်။ သရေခေတ္တရာဒင်္ဂါး၊ ဟန်လင်းဒင်္ဂါးတို့ကို နေရာအနှံ့အပြား၌ တွေ့ရပါသည်။ သရေခေတ္တရာဒင်္ဂါးအချို့ကို ဟန်လင်း၌၎င်း၊ ဟန်လင်းဒင်္ဂါးအချို့ကို သရေခေတ္တရာ၌၎င်း တွေ့ရသည်လည်း ရှိပါသည်။

**သရေခေတ္တရာဒင်္ဂါးများ**

သရေခေတ္တရာဒင်္ဂါး ဆိုရာတွင်လည်း ပုံစံတမျိုးတည်းရှိသည် မဟုတ်။ အမှတ်လက္ခဏာတို့ အသွင်ပြောင်းလဲလာရာမှ ပေါ်ပေါက်ခဲ့သော ကွဲလွဲချက်များ၊ အသေးစိတ်ဖြစ်သော အမှတ်လက္ခဏာတို့၏ တည်နေရာမတူမှုနှင့် မသိသာမထင်ရှားသော ကွဲလွဲမှုများ ရှိပေသည်။ ထင်ရှားသောအမှတ်လက္ခဏာများ ကွဲပြားသော သရေခေတ္တရာဒင်္ဂါး ၃ မျိုးကို တွေ့ဖူးပါသည်။ အမှတ်လက္ခဏာကွဲပြားရာတွင် ဒင်္ဂါး၏ မျက်နှာဘက် တည်းတွင်သာ ထူးခြားသောကွဲပြားမှုရှိ၏။ အခြားတဖက်၌မူ အနည်းငယ်မျှသော အသေးစိတ်ကွဲလွဲချက်များမှ တပါး တပုံစံတည်းရှိသည်ဟု ဆိုနိုင်ပေသည်။ ဤကွဲပြားမှုမရှိလုသောဖက်ကို ကြောဖက်ဟုခေါ်ကြပါစို့။ အခြားတဖက်ကို မျက်နှာဖက်ဟု ခေါ်ကြပါစို့။ မျက်နှာဖက်တွင် ကွဲပြားမှု အတန်များသည်။ ထင်လည်းထင်ရှားသည်။မျက်နှာဖက်တွင် ကွဲပြားမှုရှိသလောက် မထင်ရှားသော်လည်း ကြောဖက်၌လည်းကွဲပြားမှု အနည်းငယ်ရှိသည်။ ဤသို့ အမျိုးအစား ကွဲပြားမှုကိုလိုက်၍ သရေခေတ္တရာ ပျူဒင်္ဂါတို့ကို ၃ မျိုး ၃ စားခွဲခြားနိုင်သည်။

ပထမအမျိုးအစားတွင် မျက်နှာဖက်၌ **သိရိဝစ္ဆလက္ခဏာ** [၁၄] ဟု ဗိသုကာပညာမြို့ဟောင်း စာတန်းတွင် ခေါ်ထားသော **ဝစ္ဆမာန** [၁၅] ပုံသည် အတွင်းဖက်၌ ခရုသင်းကိုထောင်၍ ထည့်ထားသည်ပုံ ဖြစ်သည်။ [၁၆] ကြောဖက်၌မူ အတော်ပွန်း၍ မထင်မရှားဖြစ်နေသော **ဗဒ္ဓပီဌပုံ** [၁၇] ပါသည်။ ပို၍ထင်ရှားသော ပုံတို့ကို အခြားအမျိုးအစားတို့တွင် တွေ့ရသည်။

ဒုတိယအမျိုးတွင် မျက်နှာဖက်၌ သိရိဝစ္ဆ (ဝစ္ဆမာန) လက္ခဏာအတွင်း ဘေးတဖက်တချက်တွင် ထောက်လိုက်အစက် ၄ စက်စီပါ၍ အောက်ခြေတန်းပေါ်တွင် တည်နေသောလှံသွား (သတ္တိ) ပုံပါလာသည်။အထက်ယာဖက်တွင် နေ၊ ဝဲဖက်တွင် လ၊ အပြင်ယာဖက်တွင် ခရုသင်း၊ ဝဲဖက်တွင် ချွန်းတောင်း (သို့မဟုတ်ဝရဇိန်) နှင့် အောက်ခြေတွင် လှိုင်းထနေသော အစင်းအကြောင်းတခု ပါသည်။ [၁၈] ကြောဖက်၌ စက်ဝိုင်း ၂ ထပ်အကြား ပုတီးစေ့ များပါသော အနားသတ်အတွင်းရှိ ဗဒ္ဓပီဌပုံ ပါသည်။ ဗဒ္ဓပီဌ (ဆက်စပ်ထားသော အင်းပျဉ် သို့မဟုတ် ပလ္လင်) ပုံမှာ ဤဒင်္ဂါးတွင် ဗဟို၌ ပွင့်ပပ်

၄ ခုပါသောပန်းပွင့်တွင် ၂ ထပ်ရှိသော တြိဂံပုံ ၂ ခု ထိပ်တိုက်လာဆက်သောပုံမျိုးဖြစ်သည်။ တြိဂံပုံဟု ဆိုသော်လည်း အောက်တြိဂံပုံသည် တြိဂံပုံမပီသပါ။ အနားများမဖြောင့်တန်းပဲ ကွေးနေသည်။ တြိဂံ ၂ ခုကြား ပန်းပွင့်တဖက်တချက်မှ ပါးပျဉ်းထောင်နေသော နဂါးခေါင်းပုံ (တံခွန်ပုံလည်းဆိုနိုင်၏။) ၁ ခုစီထွက်နေသည်။ ပလ္လင်၏ထိပ်တွင် အစက်အပြောက် ၅ ခု တန်းလျက်ရှိသည်။ ပလ္လင်၏အောက်ခြေတွင် တုံးငယ် ၅ ခုကို စက်ဝိုင်းအနားနှင့် ပလ္လင်အောက်ခြေနားစပ်ကြားတွင် ထည့်ထားသည်။[၁၉]

တတိယအမျိုးအစားတွင် မျက်နှာဖက် သိရိဝစ္ဆ (ဝစ္ဆမာန) အဘွင်း ဒုတိယအမျိုးအစားတွင် ပါသော လုံသွားနှင့် အစက်အပြောက် ၈ ခု (ပေါင်း ၉ ခု) အစားအရွယ်တူ အစက်အပြောက် ၃ ခုတန်း ၃ ခု (ပေါင်း ၉ ခု) ပါသည်။ ဤအစက်အပြောက်တို့အောက်တွင် တုံးငယ်တခုပါသည်။ အထက်တွင် ယာဖက်၌ နေ၊ ဝဲဖက်၌ လ၊ အပြင်တွင် ယာဖက်၌ ခရုသင်း၊ ဝဲဖက်တွင် ချွန်းတောင်း (သို့မဟုတ်ဝရဇိန်) အောက်ခြေတွင် ရေလှိုင်းပုံအစင်းအကြောင်း ၂ ခု သို့မဟုတ် ၃ ခုပါသည်။ ကြောဖက်၌ ဗဒ္ဓပီဌပုံ ပါသည်။ ဒုတိယအမျိုးအစားတွင်ပါသော ဗဒ္ဓပီဌနှင့် မတူသောအချက်တို့မှာ တြိဂံတို့သည် တြိဂံပုံ အတန် ပီသခြင်းဖြစ်သည်။ ဗဟိုတွင်ရှိသော ပန်းပွင့်နေရာတွင် အတွင်း၌ အစက်ပါသော စက်ဝိုင်းပုံဖြစ်နေသည်။ ပလ္လင်အထက်၌ ရှိသော အစက်အပြောက်တို့မှာ မီးတောက်ငယ်များအသွင်ရှိသည်။ ဒင်္ဂါးတခု၌မူ ဆီးမီး ခွက်ပုံ ပေါ်နေသည်။ ယင်းဒင်္ဂါးတွင် ပလ္လင်ပုံသည် ပိုမိုထင်ရှား၍ နဂါးခေါင်းပုံမှာလည်း ပိုမို၍ ကြီးသည်[၂၀] (ဓာတ်ပုံ ၆ ရှု။)။

**ဟန်လင်းဒင်္ဂါးများ**

ဟန်လင်းတွင်တွေ့ရသောဒင်္ဂါးတို့တွင် မျက်နှာဖက်၌ သိရိဝစ္ဆ (ဝစ္ဆမာန) ပုံပါ၍ ကြောဖက်တွင် တက်နေဝင်းပုံပါသည်။ အသေးစိတ်လေ့လာလျှင် သိရိဝစ္ဆ (ဝစ္ဆမာန) အတွင်း၌အစက်အပြောက် ၃ခုကို ထောင်လိုက်လည်းကောင်း၊ အတိုအရှည်မညီသော စက်ဝိုင်း၏အပိုင်းငယ် ၆ ခုကို အချိုးကျစွာ နေရာ ကျစွာလည်းကောင်း ထည့်ထားသည်။ အကြောင်းအစက်ပေါင်း ၉ခုရှိသည်။ ထိပ်ယာဖက်တွင် နေ၊ ဝဲဖက်တွင် လ၊ အောက်ခြေတွင် အကွာအဝေး ညီမျှစွာခြားထားသော အစက်၃စက်၊ အပြင်ဝဲဖက်တွင် သွသ္တိကစကြာ၊ ယာဖက်တွင် ဗဒ္ဓပီဌပုံတို့ပါသည်။ ဟန်လင်းဒင်္ဂါးတို့မှာ ပုံစံတညီတည်း မဟုတ်ပေ။ အချို့တွင် သွသ္တိကနှင့် ဗဒ္ဓပီဌတို့ နေရာလွဲနေသည်။ ဒင်္ဂါးတခုတွင် ဗဒ္ဓပီဌနေရာ၌ နေပုံပါသည်။ သွသ္တိက သည် အစက်အပြောက် ၄ ခုပါသော ကြက်ခြေခတ်ပုံဖြစ်နေသည်လည်း ရှိသည်။ ဒင်္ဂါးအငယ်များတွင် သိရိဝစ္ဆ (ဝစ္ဆမာန) အတွင်းရှိ စက်ဝိုင်းအပိုင်းငယ်တို့မှာ မကွေးကောက်တော့ပဲ မျဉ်းဖြောင့်များ ဖြစ်နေ သည်။ သိရိဝစ္ဆ (ဝစ္ဆမာန) ကား မူလပုံအတိုင်းပင်ရှိသည်[၂၁] (ဓာတ်ပုံ ၇ က ရှု။)။

ကြောဖက်တွင် စက်ဝိုင်း ၂ထပ်ကြား ပုတီးစေ့များပါသည့် အနားသတ်အတွင်း၌ မိုးကုပ်စက်ဝိုင်း အပေါ် ပြူထွက်စဖြစ်သော တက်နေဝင်းကို ရောင်ခြည်လက် (အထက်၆ အောက်၆) ၁၂လက်၊ ရောက်ခြည်လက်တို့စပ်ကြားတွင် အစက်အပြောက် (အထက်၇ အောက်၇) ၁၄ခုနှင့်တကွ ပုံဖော် ထား၏။[၂၂] အမှတ်လက္ခဏာတို့သည် ဒင်္ဂါးအရွယ်ကိုလိုက်၍ အနည်းငယ် အပြောင်းအလဲ ရှိကြသည် (ဓာတ်ပုံ ၇ ခ ရှု။)။

ဗိဿနိုးဒင်္ဂါးတို့၏ အမှတ်လက္ခဏာတို့ကား အသို့ရှိသနည်း။ ကုန်းအမှတ်၃တွင် ဒင်္ဂါး၃ပြား၊ ၁၅တွင်၁ပြား၊ ပေါင်း ၄ပြားတွေ့ခဲ့ရာ ကုန်းအမှတ်၃မှ ၂ပြား[၂၃]နှင့် အမှတ်၁၅မှ ၁ပြား[၂၄]တို့ကိုသာ ပုံထုတ်၍ပြခဲ့သည် (ဓာတ်ပုံ ၇ က ခ ရှု။)။

**ဗိဿနိုးဒင်္ဂါးများ**

ဓာတ်ပုံ ၇ တွင်ပါသော ဝဲစွန်ဒင်္ဂါးပုံကို ဗိဿနိုးအမျိုးအစား (၁) ၊ အလယ်ဒင်္ဂါးပုံကို ဗိဿနိုး အမျိုးအစား (၂) ၊ယာစွန်ဒင်္ဂါးပုံကိုဗိဿနိုးအမျိုးအစား (၃) ဟု ဤစာတန်းအတွက် သတ်မှတ်ကြပါစို့။

ဗိဿနိုးအမှတ်၁၅ကုန်းတွင် တွေ့ရသော ဤဗိဿနိုးအမျိုးအစား (၁) ဒင်္ဂါး၏မျက်နှာဖက်တွင် သိရိဝစ္ဆ (ဝစ္ဆမာန) အမှတ်လက္ခဏာအတွင်း အစက်အပြောက်၃ခုနှင့် စက်ဝိုင်း၏ အပိုင်းငယ်၃ခု (ပေါင်း ၆) ကို အချိုးကျစွာ နေရာချထား၍ အောက်ခြေတွင်အတွင်းသို့ ဟိုက်နေသော စက်ဝိုင်း အပိုင်းတခု တွေ့ရသည်။ လှိုင်းပုံမျိုးကား မဟုတ်ပေ။ ထိပ်တွင် နေနှင့်လ ပါဟန်တူ၏။ အသေအချာ ကား မဆိုနိုင်ပါ။ ယာဖက်တွင် သွသ္တိကစကြာပုံ၊ ဝဲဖက်တွင် ခရုသင်းပုံတို့ကို ရေးရေးတွေ့နိုင်ပေသည်။

ကြောဖက်တွင် စက်ဝိုင်း၂ခုကြား ပုတီးစေ့ပါသည့် အနားသတ်အတွင်း မိုးကုပ်စက်ဝိုင်းပေါ်တွင် ပြူထွက်စဖြစ်သော နေကို ရောင်ခြည်လက် (အထက်၅ အောက်၅) ၁၀လက်၊ ရောင်ခြည်လက်တို့၏ စပ်ကြားတွင် အစက်အပြောက် (အထက်၆ အောက်၆) ၁၂ခုတို့နှင့်တကွ ပုံဖော်ထားသည်။

**ဗိဿနိုးဒင်္ဂါးနှင့် ဟန်လင်းဒင်္ဂါး နှိုင်းယှဉ်ချက်**

ယင်းဒင်္ဂါး၏ မျက်နှာဖက်နှင့် ကြောဖက်တို့ကို အထက်တွင်ဆိုခဲ့သော ဟန်လင်းဒင်္ဂါးနှင့် နှိုင်းယှဉ်ကြည့်လျှင် (ဓာတ်ပုံ ၉ က ရှု) မျက်နှာဖက်၌ ဗိဿနိုးအမျိုးအစား (၁) တွင် သိရိဝစ္ဆ (ဝစ္ဆမာန) အတွင်း၌ အစက်ကြောင်း ၆ ခုပါ၍ ဟန်လင်းဒင်္ဂါးတွင် ၉ ခုပါခြင်း၊ ဗိဿနိုးဒင်္ဂါးတွင် ယာဖက်၌ သွသ္တိကစကြာ၊ ဝဲဖက်၌ ခရုသင်းပါ၍ ဟန်လင်းဒင်္ဂါးတွင် ယာဖက်၌ ဗဒ္ဓပီဌ၊ ဝဲဖက်၌ သွသ္တိက ပါခြင်း၊ ဗိဿနိုးဒင်္ဂါးတွင် အောက်ခြေ၌ အစင်းကြောင်းတခု ပါ၍၊ ဟန်လင်းဒင်္ဂါးတွင် အစက်အပြောက် ၃ ခုပါခြင်းတို့၌မတူပဲ ကွဲပြားနေသည်ကို တွေ့ရမည်။

ဗိဿနိုးအမှတ်၃ကုန်းက ဒင်္ဂါး (၁) ဖြစ်သည့် ဗိဿနိုး အမျိုးအစား (၂) ကို လေ့လာကြလျှင် ဤသို့တွေ့ရ၏။

မျက်နှာဖက်၌ သိရိဝစ္ဆ (ဝစ္ဆမာန) ၏ အတွင်း၌ အစက်အပြောက် ၉ခု (၃ခုစီ ၃တန်း) ပါ၍ ယာဖက်တွင် ချွန်းတောင်း (သို့မဟုတ် ဝရဇိန်) ၊ ဝဲဖက်တွင် ခရုသင်း၊ ထိပ်တွင် ယာဖက်၌ နေ၊ ဝဲဖက်၌ လ၊ အောက်ခြေတွင် ရေလှိုင်းအစင်း အကြောင်း ၂ ခုပါသည်။ ကြောဖက်တွင် စက်ဝိုင်း ၂ခု

အကြား ပုတီးစေ့ပါသော အနားသတ်အတွင်းတွင် ဗဟို၌ အစက် အပြောက် ပါသော စက်ဝိုင်းနှင့် တဖက်တချက် တံခွန်တခုစီရှိ၍ အနားဖြောင့်သော ဗဒ္ဓပီဌပလ္လင်နှင့် ပလ္လင်ထိပ်တွင် အစက်အပြောက် ၅ ခုပါသည်။

**ဗိဿနိုးဒင်္ဂါးနှင့် သရေခေတ္တရာဒင်္ဂါး နှိုင်းယှဉ်ချက်**

ယင်းဒင်္ဂါးကို အထက်တွင်ဆိုခဲ့သော သရေခေတ္တရာဒင်္ဂါး တတိယအမျိုးအစားနှင့် နှိုင်းယှဉ်ကြည့်သောအခါ (ဓာတ်ပုံ ၉ ခ ရှု။) သရေခေတ္တရာ ဒင်္ဂါး၌ မျက်နှာဖက်သိရိဝစ္ဆ (ဝစုမာန) အတွင်း အစက်၉စက် အောက်တွင် တုံးငယ်တခုပါခြင်း၊ ဗိဿနိုးဒင်္ဂါးတွင် မပါမရှိခြင်း၊ သရေခေတ္တရာဒင်္ဂါးတွင် သိရိဝစ္ဆ (ဝစုမာန) ၏ယာဖက်၌ ခရုသင်း၊ ဝဲဖက်၌ ချွန်းတောင်း (သို့မဟုတ် ဝရဇိန်)၊ ဗိဿနိုးဒင်္ဂါးတွင် ယာဖက်၌ချွန်းတောင်း၊ဝဲဖက်၌ခရုသင်းပါနေခြင်း၊ကြောဖက်၌ ပလ္လင်အထက်ရှိ အစက်အပြောက်၅ခုမှာ သရေခေတ္တရာဒင်္ဂါးတွင် ဆီမီးခွက်ထွန်းထားပုံ သို့မဟုတ် မီးတောက်ပုံရှိနေခြင်းတို့တွင် ကွာခြားနေသည်။

ဗိဿနိုးအမှတ်၃ကုန်းက ဒင်္ဂါး (၂) ဖြစ်သည့် ဗိဿနိုးအမျိုးအစား (၃) ကို လေ့လာကြည့်သောအခါမျက်နှာဖက်ရှိ သိရိဝစ္ဆ (ဝစုမာန) လက္ခဏာသည်ပုံမပီပဲ မျဉ်းကြောင်းများ ဆက်ထားသည့် အချိုးမကျသောပုံမျိုးဖြစ်သည်။ သို့သော် ဟန်လင်းဒင်္ဂါးငယ်တို့၏ မျက်နှာဖက်တွင် တွေ့ရသော အသွင်မျိုးကိုကား ဆောင်နေပေသည်။ ယာဖက်တွင် ဗဒ္ဓပီဌပုံဟု ယူဆနိုင်သောပုံမျိုးရှိ၏။ ဝဲဖက်ပုံမှာ မထင်ရှားတော့ပေ။ ကြောဖက်ပုံမှာလည်း သပ်သပ်ရပ်ရပ်မရှိပါ။ မူလက ပုတီးစေ့များပါသော ၂ထပ်စက်ဝိုင်းအတွင်းရှိ တက်နေဝန်းပုံကို ပြဟန်တူသည်။ နေတွင် အထက်ပိုင်း၌ ရောင်ခြည်လက်ဂခု၊ အောက်ပိုင်းတွင် ၇ခု ပေါင်း၁၅ခုနှင့် အစက်အပြောက် ၁၆ခုပါသည်။ ထူးခြားသောပုံဟု ဆိုရပါမည်။ ဤပုံနှင့်နှိုင်းယှဉ်ရန် သရေခေတ္တရာ သို့မဟုတ် ဟန်လင်းဒင်္ဂါးများ မတွေ့သေးဟု ဆိုရပါမည်။ သို့သော် ဟန်လင်းဒင်္ဂါးငယ်တခုတွင် ဝစုမာနသည် မူလပုံရှိ၍ ဖြောင့်တန်းသောအတွင်းအကြောင်းများပါသည်ကို တွေ့ရသည် (ဓာတ်ပုံ ၉ ဂ ရှု။)။

ထူးခြားသောအချက်တခုမှာ ဗိဿနိုးနှင့် သရေခေတ္တရာဒင်္ဂါးတို့တွင် ခရုသင်းနှင့်ချွန်းတောင်း သို့မဟုတ် ဝရဇိန်အမှတ်လက္ခဏာတို့ပါ၍ ဟန်လင်းဒင်္ဂါးတို့ဘွင် ယင်းအမှတ်လက္ခဏာများ မပါရှိခြင်းပင် ဖြစ်သည်။

**ဒင်္ဂါးမှ ရရှိသောသမိုင်း**

ဤဒင်္ဂါးနှိုင်းယှဉ်တွေ့ရှိချက်များကို အခြေပြု၍ အောက်ပါအတိုင်း ယေဘုယျအားဖြင့် ယူဆနိုင်သည်။

(၁) ပျူမြို့များဖြစ်သော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာတို့တွင် တွေ့ရသောဒင်္ဂါးတို့၌ ပါရှိသည့် ဝစုမာနပုံစသည့်လက္ခဏာတို့သည် ၄ရာစုနှစ်များအလယ်လောက်မှ ၆ရာစု

ဓာတ်ပုံ ၆

သရေခေတ္တရာ ပျူဒင်္ဂါး ၃ မျိုး ၃ စား။



မျက်နှာ (က)



မျက်နှာ

(ခ)



ကျော



မျက်နှာ

(ဂ)



ကျော



(က) မျက်နှာဖက်



(ခ) ကျောဖက်



၁ ၂ ၃

(က) ဗိဿနိုး ဒင်္ဂါးများ မျက်နှာဖက်



၁ ၂ ၃

(ခ) ဗိဿနိုး ဒင်္ဂါး များ ကြောဖက်



ပိသာနိုး ၁။



မျက်နှာ ကြော



ဟန်လင်း

(က)



မျက်နှာ ကြော









မျက်နှာ ပိသာနိုး ၂။ ကြော

မျက်နှာ ပိသာနိုး ၃။ ကြော









မျက်နှာ သရေခေတ္တရာ ၃။ ကြော

(ခ)

မျက်နှာ ဟန်လင်း ကြော

(ဂ)

ပိသာနိုး ဒင်္ဂါးများ နှင့် ဟန်လင်း၊ သရေခေတ္တရာ ဒင်္ဂါး များ ကို နှိုင်း ယှဉ် ပြ ချက်

နှစ်များနောက်ပိုင်းအထိ စိုးစံခဲ့သည်ဟုဟူဆရသော ဝေသာလီပြည် စန္ဒြမင်းဆက် လက်ထက်အတွင်းက ပေါ်ပေါက်ခဲ့သော ဒင်္ဂါးတို့၌ပါသည့် အမှတ်လက္ခဏာတို့နှင့် အခြေခံတွင် အသွင်တူသည်၊ ဆက်စပ်နေသည်။[၂၁]

(၂) ဒင်္ဂါးတို့တွင်ပါသော အမှတ်လက္ခဏာတို့သည် ယေဘုယျအားဖြင့်တူကြသဖြင့် ထိုမြို့ကြီး ၃ မြို့တို့သည် ဆက်စပ်မှုရှိခဲ့သည်။

(၃) သို့သော် အသေးစိတ်တွင်မူမတူပဲ ကွဲပြားကြသဖြင့် ဒင်္ဂါးသွန်းလုပ်မှုအတတ်ပညာတွင် တမြို့ကတမြို့ကို လွှမ်းမိုးမှုရှိခဲ့သော်လည်း ထိုမြို့တို့သည် သီးခြားလွတ်လပ်စွာတည်ရှိခဲ့ကြသည်။

(၄) ဟန်လင်း၊ သရေခေတ္တရာဒင်္ဂါးတို့ပါ အမှတ်လက္ခဏာတို့နှင့်စာလျှင် ဗိဿနိုးဒင်္ဂါးများပါ အမှတ်လက္ခဏာတို့မှာ ပုံရိုးများဖြစ်သဖြင့်ရှေးဦးသုံးခဲ့သော လက္ခဏာများဟုဆိုရန်ရှိ၏။ ယင်းတို့ကို အခြေပြု၍ ဟန်လင်းနှင့် သရေခေတ္တရာတို့တွင် ဒင်္ဂါးတို့ကို တိုးတက်ဆန်းကြယ်စွာ ပုံဖော်ခဲ့ကြခြင်းဖြစ်သည်ဟု ယူဆရန်ရှိပေသည်။

(၅) ဤအချက်ကလည်း ဗိဿနိုးမြို့သည် သရေခေတ္တရာနှင့် ဟန်လင်းတို့ထက် ရှေးကျကြောင်းကို ထောက်ခံနေပေသည်။

သို့ရာတွင် ဗိဿနိုး၌တွေ့ရသော ဒင်္ဂါးတို့၏အရေအတွက်သည် နည်းပါးလှ၏။ အမျိုးအစားတခုအတွက် နှိုင်းယှဉ်လေ့လာရန် အမျိုးတူဒင်္ဂါးများ မရှိသေးခြင်းကြောင့် အထက်ပါနှိုင်းယှဉ်ချက်များနှင့် ကောက်နုတ်ချက်များကို ပြည့်စုံပြီဟု မဆိုသာပါ။ လုံလောက်ပြီ၊ ခိုင်လုံပြီ၊ ကိုးစားနိုင်ပြီဟုလည်း မယူဆနိုင်သေးပါ။ ထင်မြင်ယူဆချက်များသာဖြစ်၍ အသစ်တွေ့ရဦးမည့် အထောက်အထားများအရ ပြင်ဆင်သွားရဖွယ်ရှိပေသည်။

**ယဉ်ကျေးမှုတူညီချက်များ**

လူသုံးအခြားပစ္စည်းများတွင်လည်းကောင်း၊ အိုးခွက်ပစ္စည်းများ၏ပုံသဏ္ဌာန်နှင့် တန်ဆာဆင်မှုအမှတ်လက္ခဏာများတွင်လည်းကောင်း၊ လည်ဆွဲပုတီးလုံးမှစ၍ ကိုယ်ဝတ်တန်ဆာတို့တွင်လည်းကောင်း တွေ့ရချက်တို့ကလည်း ဤမြို့ကြီး ၃ မြို့သည် တမြို့နှင့်တမြို့ အခြေခံအားဖြင့် ဆက်စပ်မှုရှိနေကြောင်း ထင်ရှားပေသည်။ ထိုမြို့ကြီး ၃ မြို့စလုံးသည် သမိုင်းခေတ်တွင်းသို့ ကောင်းစွာရောက်နေပြီဖြစ်ကြောင်းကိုလည်း အဆိုပါတွေ့ရှိချက်များအရ သိရပေသည်။

သေသူကိုဖုတ်ကြည်းသင်္ဂြိုဟ်ပြီးနောက် အရိုးနှင့်ပြာတို့ကို အိုးများတွင်ထည့်ကာ ဘာသာရေးသို့မဟုတ် ထုံတမ်းစဉ်လာဆိုင်ရာ အဆောက်အအုံတို့တွင် ထားရှိခြင်း၊ သီးခြားသင်္ချိုင်းဂူများတွင် စနစ်တကျ မြှုပ်နှံထားရှိခြင်း တည်းဟူသောဓလေ့တွင်လည်း ဤမြို့ကြီးသုံးမြို့၌နေခဲ့ကြသောလူတို့သည်

တူကြ၏။ အထူးသဖြင့် ဗိဿနိုးနှင့်ဟန်လင်းတို့သည် ပို၍တူကြသည်။ သရေခေတ္တရာ ငွေးပင်တက်ကုန်း (မသီးကျကုန်း) ကို တူးရာတွင် စေတီဟုယူဆရသော အဆောက်အအုံအနီး၌ကပ်လျက် အရိုးအိုး များကို တွေ့ရသကဲ့သို့ ဗိဿနိုးနှင့်ဟန်လင်းကို တူးဖော်ရာတွင်လည်း အလားတူတွေ့ရ၏။[၂၆]

## ဟန်လင်းနှင့်ပို၍နီးစပ်ခြင်း

အထက်တွင်ဆိုခဲ့ပြီးဖြစ်သော အသွင်တူမှုတို့ကိုအသေးစိတ်ဆန်းစစ်လိုက်သောအခါ အဆောက် အအုံပညာ၊ ဒင်္ဂါးသွန်းလုပ်မှု၊ အိုးခွက်လုပ်ငန်းတို့က ဗိဿနိုးသည် သရေခေတ္တရာနှင့် နီးစပ်သည်ထက် ဟန်လင်းနှင့် ပို၍နီးစပ်နေသည်ကို ပြနေသည်။ ဤတွေ့ရှိချက်ကို နောက်ထပ်တူးဖော်တွေ့ရှိချက်တို့က မဆန့်ကျင်သော် သို့မဟုတ် ယခုတွေ့ထားရသမျှကို အခြေပြုရသော် ဗိဿနိုးနှင့်ဟန်လင်းသည် ခေတ်ပြိုင် ဖြစ်ဟန်ရှိသည်။ သို့တည်းမဟုတ် အကြောင်းအမျိုးမျိုးကြောင့် ဗိဿနိုး ပျက်ခဲ့ရသောအခါ ဗိဿနိုး မြို့ကပျူတို့သည် ဧရာဝတီကိုဆန်တက်၍ ဟန်လင်းသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်လည်း ဖြစ်ဟန် ရှိသည်။ ဤတွေးတောယူဆချက်အရဆိုလျှင် ဗိဿနိုး၏ရန်သူသည် တောင်ဖက်မှလာခဲ့သည်ဟု ဆိုရ ပေမည်။ တောင်ဖက်ပျူမြို့ဖြစ်သော သရေခေတ္တရာမြို့သည် ဟန်လင်းထက် ပို၍နီးသည်။ ခရီးထက်ဝက် မျှသာရှိသည်။ ဧရာဝတီကိုစုန်၍သွားရမည်ဖြစ်၍ သွားရောက်ရန်လည်း ပိုမိုလွယ်ကူသည်။ သို့ဖြစ်ပါလျက် တောင်ဖက်သို့မသွားပဲ မြောက်ဖက်သို့သွားရခြင်းမှာ တောင်ဖက်ရှိရန်သူအင်အားကို မထိုးဖောက်ဝံ့ သောကြောင့် တနည်းဆိုသော် ထိုအင်အားမှ လွတ်ကင်းလိုသောကြောင့် ဖြစ်နိုင်ဖွယ်ရာရှိပေသည်။

## ဒုတိယ အသုတ်ဝင်လာသော ပျူများ

ရှေးဟောင်းသုတေသန ကောက်နုတ်ချက်အရ သရေခေတ္တရာက လာတိုက်၍ (ဤအချက်သည် ရာဇဝင်သမိုင်းတွင် လာရှိသည်နှင့်လည်း ကိုက်ညီသည်။) အေ၊ဒီ ၃၀၀ လောက်တွင် ဗိဿနိုးပျက်ရသည် ဆိုသော အချက်နှင့် အထက်တွင်ယူဆထားသည့် ဗိဿနိုးပျက်ပြီးနောက် ဟန်လင်းသို့ရွှေ့ပြောင်းနေထိုင် ခဲ့ကြဟန်ရှိသည်ဟူသော အချက်တို့သည် ဆက်စပ်၍ ရနိုင်သော အချက်များဖြစ်၏။ ဤအတိုင်းဆိုလျှင် (၁) သရေခေတ္တရာကို တည်ထောင်ခဲ့သော ပျူတို့သည် မြန်မာနိုင်ငံတွင်းသို့ ရွှေ့ပြောင်းနေထိုင် ခဲ့ကြသော ပျူတို့အနက် ဒုတိယအသုတ် ဝင်ရောက်လာကြသူများဖြစ်သည်။ (၂) ဝင်လာရာတွင် ဗိဿနိုးကို ရှောင်ကွင်း၍ မြန်မာနိုင်ငံအတွင်းသို့ စစ်တောင်းမြစ်ဝှမ်းအောက်ပိုင်းလောက် (တောင်ငူ ဒေသလောက်) မှ ဝင်ရောက်ခဲ့ကြသူများဖြစ်သည်။ (၃) မြန်မာနိုင်ငံတောင်ပိုင်းတွင် အိန္ဒိယယဉ်ကျေးမှု နှင့် တွေ့ထိကာတိုးတက်လာကြသူများ၊တိုင်းကြီးပြည်ကြီးတည်ထောင်လာခဲ့ကြသူများ၊အင်အားကြီးမား လာကြသူများဖြစ်သည့်ဟူသော ယူဆချက်တို့သည်လည်း သဘာဝကျဖွယ်ရာရှိပေသည်။

မြန်မာနိုင်ငံမြောက်ပိုင်းသို့ ရွှေ့ပြောင်းခဲ့သော ပျူတို့မှာ မြောက်ဖက်တွင် တကောင်းဒေသ လောက်ကို အခြေပြုခဲ့သော သက်တို့နှင့် ဆက်ဆံရမည်သာ ဖြစ်ပေသည်။ အကြောင်းမှာ အေ၊ဒီ ၅ရာစု လောက်တွင် သက်အစုဝင်များသည် ချင်းတွင်းနှင့် ဧရာဝတီမြစ် နှစ်သွယ်စပ်ကြား၏ မြောက်ပိုင်းတွင်

ရောက်ရှိ နေရာယူပြီး ဖြစ်နိုင်သောကြောင့်တည်း။ ဤဒေသတွင် ဟန်လင်းကဲ့သို့သော ပျူနိုင်ငံကို တည်ထောင်နိုင်ရေးသည် သက်လူမျိုးတို့အခြေမခိုင်မီ ဗိသနိုးအင်အားကောင်းစဉ် ကာလကဆိုလျှင် ပို၍ ဖြစ်နိုင်ဖွယ်ရာရှိသဖြင့် ဟန်လင်းတည်ထောင်သည့် အချိန်ကို ဗိသနိုးမပျက်မီကာလကဟု ခန့်မှန်းခြင်းက ပို၍ ယုတ္တိတန်ပေမည်။ တနည်းဆိုသော် ဗိသနိုးခေတ်က မြောက်ဖက်မှ ဝင်လာကြသည့် သက်-ကဒူး တို့၏ ဘေးမှ နိုင်ငံကိုကာကွယ်နိုင်ရန် ဟန်လင်းတွင် လွတ်လပ်သော ပျူမြို့တမြို့ကို တည်ထောင်ခဲ့ပြီး ဖြစ်တန်ရာ၏။ ဗိသနိုးပျက်ပြီးနောက်မှ ဗိသနိုးသားတို့ ထိုမြို့သို့ ရွှေ့ပြောင်းလာခဲ့ခြင်း ဖြစ်နိုင်ပေသည်။ ဟန်လင်းမြို့၏ အရွယ်အစားကို ဗိသနိုး၊ သရေခေတ္တရာ မြို့ကြီးများ၏ အရွယ်အစားနှင့် နှိုင်းယှဉ် ကြည့်လျှင် ဟန်လင်းမှာ မြို့ငယ်တခုသာ ဖြစ်နိုင်သည်ဟူသော အချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုပေသည်။ (ပန္နက်ပုံ ၁ ရှု။)

× × × × ×

## အိန္ဒိယယဉ်ကျေးမှုနှင့်ဗိသနိုး

ရှေးဟောင်းသုတေသနအထောက်အထားများကို အခြေပြုသော ဆွေးနွေးကြံဆချက်များအရ မြန်မာနိုင်ငံသမိုင်းတွင် ရှေးအကျဆုံးယဉ်ကျေးမှု ထွန်းကားခဲ့သည့် နိုင်ငံသားများအဖြစ် ဗိသနိုးခေတ် ပျူတို့ကို သမိုင်းခေတ်ဦးတွင် နေရာချထားခဲ့ပေသည်။ မြန်မာနိုင်ငံနှင့် အာရှအရှေ့တောင်ပိုင်းနိုင်ငံတို့ အတွက် ခရစ်နှစ်အစလောက်ကဖြစ်သော ဤသမိုင်းခေတ်ဦးကာလတွင် နေရာချထားချက်ကို ဗိသနိုး တွင်တွေ့ရသော အိန္ဒိယယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းအထောက်အထားအချို့ကလည်း ထောက်ခံနေ ပြန်လေသည်။

ဗိသနိုးအမှတ် ၃ ကုန်းအဆောက်အအုံသည် အိန္ဒိယနိုင်ငံ နာဂါရ်ဇုနကောဏ္ဍရှိ စေတီပုံနှင့် တထေဝတည်း တူကြောင်း[၂၄] အိန္ဒိယတောင်ပိုင်း အန္ဓရဒေသယဉ်ကျေးမှု လွှမ်းမိုးခြင်းကို ဗိသနိုး ဘာသာရေး အဆောက်အအုံတို့တွင် တွေ့ရကြောင်း၊ ကုန်းအမှတ် ၂ အဆောက်အအုံ ပန္နက်ပုံကို နာဂါရ်ဇုနကောဏ္ဍကျောင်းများ၏ ပန္နက်ပုံတို့နှင့် နှိုင်းယှဉ်နိုင်ကြောင်း၊ ကုန်းအမှတ် ၄၊ ၉၊ ၁၁၊ ၁၂၊ ၂၁၊ ၂၄ တို့တွင် တွေ့ရသော အဆောက်အအုံတို့နှင့် နာဂါရ်ဇုနကောဏ္ဍဗုဒ္ဓဘာသာ အဆောက်အအုံ တို့သည် အလွန်နီးစပ်စွာတူညီ နေကြောင်း၊ ဗိသနိုးတည်ဆောက်မှု လုပ်ငန်းတွင် နာဂါရ်ဇုနကောဏ္ဍ ဗုဒ္ဓဝါဒီဗိသုကာတို့၏ လွှမ်းမိုးမှု မချုပါနေကြောင်း၊ လူသေမြှုပ်သည့် ဓလေ့နှင့် ဆက်စပ်ခြင်းမရှိပါက ဗိသနိုးကုန်းအမှတ် ၁၄ ကို ဗုဒ္ဓဘာသာထူပါဟု သဘောသားနိုင်ကြောင်း၊ ယင်းထူပါ၏ ရှေ့ပြေးပုံတို့ကို နာဂါရ်ဇုနကောဏ္ဍတွင် တွေ့နိုင်ကြောင်း၊[၂၅] အိုးလုပ်ငန်းတွင်လည်း အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့်ဆက်သွယ်မှု ရှိကြောင်း[၂၆] စသည်တို့ကို ရှေးဟောင်း သုတေသနတွေ့ရှိရချက်များက ဖော်ထုတ်ပြခဲ့ပြီး ဖြစ်ပေသည်။

### မြတ်သောလက္ခဏာတော်များ

ဒင်္ဂါးနှင့် အိုးပြင်ပတန်ဆာဆင်မှုတို့တွင် တွေ့ရသော ခရုသင်း၊ သွတ္ထိက၊ ဗဒ္ဓပီဌ၊ သိရီဝစ္ဆခေါ် ဝစ္စမာန၊ ချွန်းတောင်း သို့မဟုတ် ဝရဇိန်စသည့် အမှတ်လက္ခဏာတို့သည် အိန္ဒိယနိုင်ငံတွင် ထွန်းကား

သော ပြာဟ္မဏဝါဒ၊ ဗုဒ္ဓဝါဒ၊ ဇိနဝါဒတို့တွင် အထွတ်အမြတ်ထားအပ်သော ဘာသာရေးဆိုင်ရာ အမှတ်လက္ခဏာများ ဖြစ်နေပေသည်။

**အုတ်နှင့်ဣဋ္ဌကာ**

အဆောက်အအုံ ဆောက်လုပ်ရာတွင် အုတ်ကိုအသုံးပြုသည့် အလေ့အထသည် ဘာသာတရားတို့နှင့်အတူ အိန္ဒိယနိုင်ငံဖက်မှ အာရှတိုက်အရှေ့တောင်ပိုင်းသို့ ရောက်လာခဲ့ခြင်းဖြစ်သည်ဟု ဆိုစမှတ်ပြုကြသည်။ အုတ်ဟူသော ဝေါဟာရပင်လျှင် သက္ကဋ **ဣဋ္ဌကာ**၊ ပါဠိ **ဣဋ္ဌကာ**မှ သက်သော စကားဖြစ်သည်။ အာရှအရှေ့တောင်ပိုင်းရှိ ယိုးဒယား၊ ကမ္ဘောဒီးယား စသော နိုင်ငံတို့တွင်သုံးသော အုတ်၏ ဝေါဟာရတို့မှာလည်း ဤသက္ကဋ **ဣဋ္ဌကာ** မှ သက်သောစကားများပင် ဖြစ်ကြောင်း သိရ၏။

**အိန္ဒိယယဉ်ကျေးမှုပျံ့နှံ့ခဲ့ပုံ**

အာရှ အရှေ့တောင်ပိုင်းသို့ အိန္ဒိယယဉ်ကျေးမှု ပျံ့နှံ့ရောက်ရှိခဲ့သည့် သမိုင်းဖြစ်စဉ်တွင် ဗိသနိုးကိုလည်း လျှော်ကန်သင့်မြတ်စွာ ထည့်သွင်းနိုင်ရန်လိုအပ်ပေသည်။

သမိုင်းခေတ်ဦးကာလတွင် အာရှအရှေ့တောင်ပိုင်းသို့ မြောက်ဖက်ဆီမှ တိဗက်မြန်မာ အနွယ်ဝင်များ အလုံးအရင်းနှင့် ဖောက်ထွင်းစတင်ဝင်ရောက်လာသကဲ့သို့၊ တောင်ဖက်နှင့်အနောက်ဖက်တို့မှလည်း အိန္ဒိယတိုင်းသားတို့သည် အလုံးအရင်းနှင့်ပင် မဟုတ်သော်လည်း အနည်းငယ်စီ စွန့်စားဝင်ရောက်လာခဲ့ကြသည်။ အဘယ့်ကြောင့် အိန္ဒိယသားတို့ လာရောက်ခဲ့ကြသနည်း။

**အရှေ့အနောက်ဆက်သွယ်မှုကုန်းလမ်းတခု**

တရုတ်ပြည် **ရှေးဟန်မင်းဆက်*** (ဘီ၊စီ ၂၀၆–အေ၊ဒီ ၂၅) တွင် အထင်ရှားဆုံးသော **ဝူတီကေရာဇ်**** (ဘီ၊စီ ၁၄၀-၈၇) လက်ထက်၌ မြန်မာနိုင်ငံမြောက်ပိုင်းကိုဖြတ်၍ အာရှအနောက်ပိုင်းနိုင်ငံများနှင့် တရုတ်ပြည် အနောက်တောင်ပိုင်းတို့ကို ဆက်သွယ်ထားသော ကုန်သည်လမ်းတခု ရှိခဲ့လေသည်။ သို့သော် ထိုလမ်းကိုတရုတ်တို့ မသုံးနိုင်ခဲ့သေးပေ။[၂၀] **နှောင်းဟန်မင်းဆက်***** (အေ၊ဒီ ၂၅-၂၂၀) လက်ထက်တွင် ယူနန်နယ်အနောက်ပိုင်းကို တရုတ်တို့ သိမ်းပိုက်မိ၍ အေ၊ဒီ ၆၉ တွင် ယခုပေါင်ရှန်ဒေသ၌ **ယုင်ချောင်**■ အုပ်ချုပ်ရေးနယ်ကို ဖွဲ့စည်းကာ ဤကုန်သည်လမ်းမကြီးကို ချုပ်ကိုင်ခဲ့ပေသည်။[၂၁] ဤလမ်းသည်ဥရောပတွင်ထွန်းကားခဲ့သော ရောမအင်ပါယာနှင့် တရုတ်ပြည်တွင် ထွန်းကားခဲ့သော ဟန်အင်ပါယာတို့ကို ဆက်သွယ်ပေးသော ကုန်သွယ်လမ်းတခု ဖြစ်ပေသည်။ အေ၊ ဒီ ၉၇ နှင့် အေ၊ဒီ ၁၂၁ တို့တွင် ဤလမ်းမကြီးကိုလိုက်၍ ရောမအင်ပါယာလက်အောက်ခံ ရှန်■■ (ယခုဆီးရီးယားဒေသ) သို့မဟုတ် **တန်**■■■ နိုင်ငံက သံအဖွဲ့တို့သည် **လော့ယာင်**● မြို့တော် ဟန့်နန်းတော်သို့ ရောက်ခဲ့ကြ၏။[၂၂]

* Former Han Dynasty.
** Emperor Wu Ti.
*** Later Han Dynasty.
■ Yung-ch'ang.
■■ Shan.
■■■ Tan.
● Lo-yang.

**အရှေ့အနောက်ဆက်သွယ်ရေး ရေလမ်း**

ဤအင်ပါယာကြီးနှစ်ခုကို ဆက်သွယ်ပေးသော အခြားလမ်းတခုမှာ တောင်ဖက် ပင်လယ်ခရီးလမ်းဖြစ်၏။ ပင်လယ်နီနှင့် အာရေဗျပင်လယ်တို့ကိုဖြတ်၍ အိန္ဒိယတောင်ပိုင်းနှင့် သီဟိုဠ်တွင် တထောက်နားကာ၊ မလက္ကာရေလက်ကြားသို့ ယင်းမှတဆင့် တရုတ်ပင်လယ်ကိုဖြတ်ကာ တရုတ်ပြည်တောင်ဖက်ကန်တုန်သို့ ရောက်သော ခရီးလမ်းဖြစ်သည်။ အေ၊ ဒီ ၁၃၃၊ ၁၆၆၊ ၂၂၆ နှစ်များတွင် တရုတ်ပြည်သို့ ရောက်ခဲ့သော ရောမအင်ပါယာ သံအဖွဲ့တို့သည် ဤလမ်းကို လိုက်ခဲ့ကြပေသည်။[22]

**စီးပွားရေးလှုံ့ဆော်မှု**

ကူးသန်းရောင်းဝယ်မှုတည်းဟူသော စီးပွားရေးလှုံ့ဆော်မှုကြောင့် တရုတ်များ၊ မလေးများသည် ပင်လယ်ကူး ရွက်လှေများကို အသုံးပြုကာ အိန္ဒိယတောင်ပိုင်း နိုင်ငံများနှင့် ကူးသန်းဆက်သွယ်ခဲ့ကြသကဲ့သို့ပင် အိန္ဒိယတောင်ဖက်သားတို့ကလည်း အာရှအရှေ့တောင်ပိုင်းနှင့် ဆက်သွယ်ခဲ့ကြပေသည်။ ရောမအင်ပါယာ အထက်တန်းလွှာလူတို့ အလိုရှိသော လူသုံးကုန်းပစ္စည်းများကို အာရှအရှေ့တောင်ပိုင်းနှင့် တရုတ်ပြည်ဖက်မှ ရရှိနိုင်ခဲ့သဖြင့် ဤကူးသန်းရောင်းဝယ်မှုသည် များစွာအကျိုးဖြစ်ထွန်းစေသောလုပ်ငန်းတခု ဖြစ်ခဲ့ပေသည်။ ဤခေတ် ကုန်ထုတ်ဆက်ဆံရေးစနစ်မှ ဤကူးလူးဆက်ဆံမှုများ ပေါက်ဖွားခဲ့ခြင်းဖြစ်ပေသည်။

အေ၊ ဒီ ၁ ရာစု နှစ်များတွင် **ဟစ်ပလော့*** ဆိုသူသည် မုတ်သုံလေအကြောင်းနှင့် အသုံးကို သိခဲ့သဖြင့် အိန္ဒိယနှင့် ရောမအင်ပါယာသည် ပိုမိုနီးစပ်လာခဲ့၏။ အေ၊ ဒီ ၅၀ လောက်တွင် **ပွမ်ပိုးနီးယပ်မေလာ****သည် ဂင်္ဂါမြစ်၏ အရှေ့ဖက်တွင်ရှိသော **ရွှေကျွန်း-ငွေကျွန်း*****များအကြောင်းကို ရေးခဲ့ဖူး၏။ ၁ ရာစုနှစ်များ၏ နောက်ပိုင်းတွင် အမည်မသိ ပုဂ္ဂိုလ်တဦးရေး **'အိရိုင်သရင်ပင်လယ် ကမ်းရိုးတန်းတလျှောက် ရေကြောင်းခရီး'**▪ ဟု အဓိပ္ပါယ်ရသော စာအုပ်တွင်[23] အိန္ဒိယနိုင်ငံတောင်ပိုင်း အရှေ့ဖက် ပင်လယ်ကမ်းပေါ်ရှိ သင်္ဘောဆိပ်မြို့များမှ **ကိုလန်းဒီးယား**▪▪ခေါ် ရွက်သင်္ဘောကြီးတို့ ဂင်္ဂါမြစ်ဝရှိ သင်္ဘောဆိပ်မြို့နှင့် ရွှေမြေဒေသ (သုဝဏ္ဏဘူမိ) တို့သို့ ကူးလူးသွားလာသော အကြောင်းများနှင့် အာရှအရှေ့တောင် ကမ်းရိုးတလျှောက်ရှိ ဒေသ အတော်များများအကြောင်းတို့ ပါရှိပေသည်။ ရွှေမြေ၏ မြောက်ဖက်တွင် **သီးနိုင်**▪▪▪ (တရုတ်ပြည်) မြို့ကြီး[24]ရှိ၍ ထိုမြို့တွင် ပိုးပိတ်ချောနှင့် ခြည်မျှင်များ ထွက်ကြောင်း ဆိုထားပေသည်။ ယင်းပိုးပိတ်ချောနှင့် ခြည်မျှင်တို့ကို လူတို့သည် ကြောဖြင့်ပိုး၍ **ဗရိဂဇမြို့**● သို့ သယ်ပေးခဲ့ကြောင်း၊ ဂင်္ဂါမြစ်ဝရှိ သင်္ဘောဆိပ်မြို့တွင် အဖိုးတန်သည့် သစ်ကြမ်းပိုးရွက်များ၊ နာဒူဆီ (နံ့သာဆီ) **မလဗသရွှန်**●● တို့ကို ဖြန့်ဖြူးကြောင်း၊ ဤအဖိုးတန် လူသုံးဆီ တမျိုးရှိသော မလဗသရွှန်ကိုတရုတ်ပြည် အနောက်တောင်ဖက်မှရကြောင်း သိရ၏။[25]

ဗိဿနိုး၏ တည်နေရာသည် ဤလူသုံးပစ္စည်းများကို တရုတ်ပြည် အနောက်တောင်မှ ပင်လယ်ဆိပ်ကမ်းသို့ပို့ရာ လမ်းခရီး၌ ကျရောက်နေသည်။

---

* Hippalos.
** Pomponius Mela.
*** Chrysê, Argyra.
▪ Periplus of the Erythraean Sea.
▪▪ kolandia.
▪▪▪ Thinai.
● Broach.
●● tamālaptra.

အေ၊ ဒီ ၂ ရာစု နှစ်များအတွင်းက ရေးသားခဲ့သည်ဟု ယူဆရသော **တော်လမီ** * ပထဝီကျမ်းတွင်လည်း မြန်မာနိုင်ငံ တောင်ဖက်ပိုင်းရှိ ဒေသများအကြောင်း၊ မြန်မာနိုင်ငံ မြောက်ပိုင်းကိုဖြတ်၍ အိန္ဒိယပြည် ပါဋလိပုတ္တမြို့၊ ယင်းမှတဆင့် အနောက်ဖက် **ဗက်တြိယား****ပြည်သို့ သွားသောလမ်း အကြောင်းကိုပါ တွေ့ရပေသည်။ တော်လမီ၏ပထဝီကျမ်းတွင်ပါသော **စရဗက်*****ကွေ့သည် ယခု မုတ္တမကွေ့ ဖြစ်တန်ရာ၏။ ယင်းပင်လယ်ကွေ့၏ မြောက်ဖက်အတွင်းပိုင်းတွင် **မလ်သူရ** † မြို့ ရှိကြောင်း၊ အတွင်းပိုင်းတွင် နေထိုင်သူတို့သည် ကိုယ်လက်အင်္ဂါတုတ်ခိုင်၍ အမွေးအမှင်ထူသူများ ဖြစ်ကြောင်း ဆိုထားပေသည်။

ဤမလ်သူရမြို့ဟူသည်မှာ ဗိဿနိုးမြို့ကို ညွှန်းခြင်းပင်လောဟု တွေးတောကြံဆဖွယ်ရာရှိပေသည်။

အထက်တွင်ကိုးခဲ့သော ကျမ်းများကို ရေးသူတို့သည် မိမိတို့ရေးသားဖော်ပြသော ဒေသများသို့ ကိုယ်တိုင်ရောက်ကြသည်မဟုတ်။ များသောအားဖြင့် ဤဒေသများသို့ ရောက်ခဲ့ဖူးကြသော အိန္ဒိယပြည်သား ကုန်သည်ခရီးသည်များထံမှ တဆင့်ကြားသိရသည်တို့ကို မှတ်တမ်းတင်ရေးသားကြခြင်း ဖြစ်ပေသည်။

**အိန္ဒိယစာပေအထောက်အထား**

အိန္ဒိယစာပေအထောက်အထားများဖြစ်သော ပိဋကတ်တော်လာ ဇာတကများ၊ နိဒ္ဒေသကျမ်းများ၊ မိလိန္ဒပဉှာကျမ်း စသည်တို့၌လည်းကောင်း၊ ဂျိန်းဝါဒဆိုင်ရာကျမ်းဂန်များ၌လည်းကောင်း၊ ဟိန္ဒူဝတ္ထုတော်ကြီးများဖြစ်သော ရာမာယန၊ မဟာဘာရတ တို့၌လည်းကောင်း အာရှအရှေ့တောင် ဒေသသို့ သွားရောက်ခဲ့သည့် အဖြစ်အပျက်များကို တွေ့ရပေသည်။ ဤအိန္ဒိယအထောက်အထားများလာ အာရှအရှေ့တောင်ရှိ ဒေသအမည်တို့တွင် ဂရိ-ရောမမှတ်တမ်းလာ အမည်တို့နှင့် မတူသော အမည်များ ပါဝင်နေ၏။ အမည်ချင်းပင် မတူသော်လည်း ယင်းအမည်တို့၏ အဓိပ္ပါယ်များမှာ တူနေသည်ကို တွေ့ရသည်။

သို့ဖြစ်ရကား ရောမ-တရုတ်ပင်လယ်ခရီး ကူးသန်းရောင်းဝယ်မှု၏ လှုံ့ဆော်ချက်ကြောင့် အိန္ဒိယသားတို့သည် မြန်မာနိုင်ငံနှင့် အာရှအရှေ့တောင် ဒေသသို့ ရောက်ခဲ့ကြခြင်းဖြစ်သည်။ သို့ရောက်ခဲ့သည့် ကာလမှာ အထက်တွင်ဆိုခဲ့သော ပွမ်ပိုးနီးယပ်မေလာ (အေ၊ ဒီ ၅၀)၊ အီရိုင်သရင်ပင်လယ်ကမ်းရိုးတန်း တလျှောက် ရေကြောင်းခရီး (အေ၊ ဒီ ၁ ရာစု) တော်လမီ (အေ၊ဒီ ၂ ရာစု) တို့ထက် များစွာစော၍ ရောက်ခဲ့ခြင်းဖြစ်သည်ကိုကား သံသယရှိဖွယ်မဟုတ်ပေ။ ဤသို့ဖြင့် ဤစာတန်းနှင့် တိုက်ရိုက်သက်ဆိုင်နေသော ဗိဿနိုးမြို့သို့ အိန္ဒိယယဉ်ကျေးမှု ရောက်ခဲ့သည့်ခေတ်ကာလကို ခန့်မှန်းနိုင်ပေမည်။ ဗိဿနိုးဒေသသို့ ရောက်ခဲ့ခြင်းမှာကား မြောက်ဖက် တရုတ်-ရောမကုန်းလမ်းမှ ဖြတ်၍ တောင်ဖက်ရေလမ်းသို့ ဆင်းရာ လမ်းခွဲတွင် ကူးသန်းရောင်းဝယ်မှုကောင်းသောကြောင့် ဖြစ်တန်ရာ၏။

* Ptolemy.
** Bactria.
*** Sarabak.
† Malthura.

**အိန္ဒိယ ယဉ်ကျေးမှု ရောက်ခဲ့ရာဒေသများ**

အိန္ဒိယနှင့် အာရှအရှေ့တောင်ပိုင်း သမိုင်းပညာရှင်တို့သည် အာရှအရှေ့တောင်ဒေသသို့ အိန္ဒိယ ယဉ်ကျေးမှု ရောက်ခဲ့ပုံကို ရေးသားဖော်ပြကြရာ၌ ဆိုခဲ့ပြီးဖြစ်သော နိုင်ငံခြားစာပေ အထောက်အထား တို့အပြင် သက်ဆိုင်ရာဒေသတို့၌ တွေ့ရသော ရှေးဟောင်းအထောက်အထားတို့ကိုလည်း မှတည်ခဲ့သည်။ အာရှအရှေ့တောင်ပိုင်းတွင် ကုန်းမ၌ အရှေ့စွန်ဖြစ်သော မဲခေါင်မြစ်ဝကျွန်းပေါ် ယခုတောင်ဗီယက်နမ် နိုင်ငံအထိလည်းကောင်း၊ ကျွန်းစုတို့တွင် အရှေ့ဖက် **ဆဲလီဗီ***ကျွန်းအထိလည်းကောင်း ရှေးခေတ်က အိန္ဒိယယဉ်ကျေးမှု ရောက်ခဲ့ကြောင်းများကို အထောက်အထားများဖြင့် ရှေးပညာရှင်တို့က ဖော်ပြခဲ့ကြ ပြီးဖြစ်သည်။ (မြေပုံ ၃ ရှု။)

မြန်မာနိုင်ငံတွင် သရေခေတ္တရာ၊ ဥဿာပဲခူး၊ သုဝဏ္ဏဘူမိတို့တွင် စာပေ၊ ကျောက်ဆစ်လက်ရာ အထောက်အထားများ၊ မလေးကျွန်းဆွယ်တွင် အေ၊ ဒီ ၄ ရာစုခန့်က ရေးထိုးသော သက္ကဋကျောက်စာ၊ ယိုးဒယားနိုင်ငံတောင်ပိုင်း ဒွါရဝတီ နခေါမ်ပထောမ်နှင့် ဖောင်းတုက်တို့တွင် အမရာဝတီ (၂ ရာစုမှ ၄ ရာစု) နှင့် **ဂုတ္တ**** (၆ ရာစု) ပုံတော်ရုပ်ပွားတော်များနှင့် **ပွမ်ပီအိုင်*****ရောမ မှန်အိမ်စသည်များ၊ ကမ္ဘောဒီးယားတွင် ၃ ရာစုခန့်ကဟု ခန့်မှန်းရသော သက္ကဋကျောက်စာ၊ မဲခေါင်မြစ်ဝကျွန်းပေါ် မြောက်ဖက် **စမ္ပ**■ နိုင်ငံတွင် ၃ ရာစုခေတ်က သက္ကဋကျောက်စာ၊ ကိုချင်ချိုင်းနား (ယခုတောင်ဗီယက်နမ် တောင်စွန်) ဒေသတွင် ၂ ရာစုနှစ်နောက်ပိုင်း သက္ကဋအက္ခရာပါသော တန်ဆိပ်တုံးတခုနှင့် အေ၊ဒီ ၁၅၂ ပါသော **အန်တိုနီနပ်ပိုက်ယပ်**■■ ၏ ရွှေတန်ဆိပ်ပြားတခု၊ ဗိုနီယိုကျွန်းတောင်ပိုင်းတွင် ၅ ရာစုနှစ် အစက သက္ကဋကျောက်စာ၊ ဂျာဝါးအရှေ့ပိုင်း၊ စုမာတြာ၊ ပလမ်ဗင်၊ ဆဲလီဗီတွင် အမရာဝတီပုံတော် ရုပ်ပွားတော် များ၊ ဂျာဝါးကျွန်းအနောက်ပိုင်းတွင် ၅ ရာစုနှစ်အလယ်လောက်က သက္ကဋကျောက်စာ စသည်တို့ကို တွေ့ခဲ့ရပေသည်။ ဗိဿနိုးမြို့ကို မတူးဖော်ခဲ့ရသေးသဖြင့် ထိုမြို့အကြောင်းနှင့် စပ်လျဉ်း၍ကား ရှေးပညာရှင်တို့ အဆိုအမိန့် မရှိခဲ့ပေ။

**ဗိဿနိုးနှင့် အိန္ဒိယတောင်ပိုင်း**

ယခုတော်လှန်ရေးအစိုးရလက်ထက်ရောက်မှ ရှေးဟောင်းသုတေသနဌာနက စနစ်တကျ တူးဖော် လာသဖြင့် ဗိဿနိုးမြို့တွင်လည်း အခြားဒေသများမှာကဲ့သို့ပင် အလွန်ရှေးကျသော အထောက်အထား များကို တွေ့လာခြင်း ဖြစ်ပေသည်။ ယင်းတွေ့ရှိချက်တို့ကိုအခြေပြု၍ ဗိဿနိုးမြို့ကိုလည်း အထက်တွင် ဆိုခဲ့သော အိန္ဒိယယဉ်ကျေးမှုပျံ့နှံ့ရောက်ရှိခဲ့ရာ အလွန်ရှေးကျသော သမိုင်းဝင်ဒေသအဖြစ် ထည့် သွင်း၍ ထိုခေတ် အာရှအရှေ့တောင်ပိုင်းရှိ လူတို့၏သမိုင်းဖြစ်ရပ်များနှင့် ဆက်စပ်ကာလေ့လာနိုင်ခွင့် ရရှိပေသည်။

ဗိဿနိုးမြို့သို့ ပင်လယ်ခရီးဖြင့် မရောက်နိုင်၊ ကုန်းလမ်းခရီးဖြင့်သာ တဆင့်သွားနိုင်သည်။ အထက်၌ ဝေသာလီဒဂ်ါးများနှင့် ဗိဿနိုးဒဂ်ါးတို့တွင် အခြေခံချင်းတူသော အမှတ်လက္ခဏာများရှိခဲ့ ပုံကို ဆိုခဲ့ပြီးဖြစ်၏။ ရခိုင်တိုင်း လေးမြို့မြစ်ဝှမ်း အထက်ပိုင်းသို့ အိန္ဒိယယဉ်ကျေးမှုရောက်ရန် လွယ်ကူ

* Celebes.
** Gupta.
*** Pompeii.
■ Campa.
■■ Antonius Pious.

သော်လည်း ရခိုင်ရိုးမကို ကျော်ဖြတ်ပြီးမှ သို့မဟုတ် ပင်လယ်မှအတွင်းသို့ မိုင် ၂၆၀ ခန့် ဝင်ပြီးမှ ဗိဿနိုးသို့ ရောက်ရှိရန်မှာ လွယ်ကူသော ကိစ္စမဟုတ်ပေ။

သမိုင်းခေတ်ဦးတွင် အိန္ဒိယနိုင်ငံက ကုန်သည်များ၊ စွန့်စားသွားလာသူများ၊ ဘာသာရေးသမားများသည် ဗိဿနိုးသို့ မည်သည့်ဖက်မှ မည်သို့ရောက်ခဲ့ကြသည်ကို ခန့်မှန်း၍သာ တွေးတောနိုင်ပေသည်။ သရေခေတ္တရာ မတည်မီကာလနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ဆလုံ-မလေး အနွယ်ဝင်တို့ မကြီးစိုးမီကာလကသော် အိန္ဒိယသားတို့သည် ဧရာဝတီမြစ်ကြောင်းအတိုင်း (ထိုစဉ်က မြစ်ဝကျွန်းပေါ်သည် ဤမျှ တောင်ဖက်သို့ ရောက်ဦးမည်မဟုတ်ပေ။) ဆန်တက်လာက ဖြစ်နိုင်၏။ သို့မဟုတ် ရခိုင်ဖက်မှ ယခုပတိမ်း-ဖဲလမ်းအတိုင်း မင်းဘူးလောက်မှ တဆင့်လည်း ဝင်ရောက်နိုင်ကြမည်။ တွေ့ရသော အထောက်အထားတို့သည် အိန္ဒိယတောင်ပိုင်း ယဉ်ကျေးမှုတို့နှင့် ဆက်စပ်နေသဖြင့် မြောက်ဖက်တကောင်းမှ တဆင့်ဝင်လာသူများ သို့တည်းမဟုတ် အနောက်မြောက်ဖက်ဆီမှ ဝင်လာသူများ ဖြစ်နိုင်ရန် အကြောင်းမရှိပေ။

ဗိဿနိုးရောက် အိန္ဒိယယဉ်ကျေးမှုသည် အိန္ဒိယနိုင်ငံတောင်ပိုင်း 'နာဂါရ်ဇုနကောဏ္ဍ' ယဉ်ကျေးမှုဖြစ်ကြောင်း ရှေးဟောင်း သုတေသနအထောက်အထားများအရ ဗိဿနိုးဆောင်းပါးတွင် အတိအလင်းဆိုထားပြီးဖြစ်သည်။[၃၀]

## စီးပွားရေးကြောင့် ပေါ်ပေါက်ရသောမြို့လော

မြန်မာနိုင်ငံမြောက်ဖက်တွင် တရုတ် - ရောမကုန်သည်လမ်းမကြီး ဖြတ်သွားသည်။ မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းတွင် ရောမအင်ပါယာက အလိုရှိနေသော လူသုံးပစ္စည်းများ ထွက်သည်။ ယင်းလမ်းမကြီးအတိုင်း အိန္ဒိယပြည်တွင်းသို့ မဝင်ပဲ အိန္ဒိယတောင်ပိုင်းက ကုန်သဘောတို့နှင့် လွယ်ကူစွာဆက်သွယ်နိုင်သည့် လမ်းမှာ ထိုမြောက်ဖက်လမ်းမကြီးမှ ဧရာဝတီမြစ်ကြောင်းအတိုင်း တောင်ဖက်သို့စုန်ဆင်းသောလမ်းခွဲဖြစ်၏။ ယင်းလမ်းအနီး ဗဟိုကျသောနေရာတွင် ဗိဿနိုးမြို့ တည်နေသည်။ သို့ဖြစ်ရာဗိဿနိုးသည် မြန်မာနိုင်ငံအလယ်ပိုင်း၌ ထိုခေတ်က ကုန်သည်စခန်းကောင်းတခု ဖြစ်နေပေသည်။ ဤလမ်းအတိုင်း လာမှသာလျှင် အိန္ဒိယနိုင်ငံတောင်ပိုင်းက ကုန်သည်တို့ အကျိုးခံစားခွင့်ရကြမည်။

တဖန် အမရာဝတီနှင့် နာဂါရ်ဇုနကောဏ္ဍမြို့တို့တည်ရာ ကစ္စနာမြစ်ဝကျွန်းပေါ် အထက်ပိုင်းမြေပြန့်၏ အဓိကသင်္ဘောဆိပ်သည် တော်လမီ၏ **မိုက်စိုးလိယ***ဖြစ်၏။ ယင်းမိုက်စိုးလိယသည် ယခုခေတ်**မစုလိပတမ်****ဖြစ်နိုင်သည်။ ရှေးက အလွန်လူကြိုက်များသော **မတ်စလင်*****ခေါ် ပိတ်ပါးရောင်းဝယ်ရာနေရာဟု ဆိုကြသည်။ ဤမြစ်ဝရှိ **ကဏ္ဍကသောလ** † သင်္ဘောဆိပ်နှင့် သီဟိုဠ်သင်္ဘောဆိပ်တို့ အဆက်အသွယ်များပုံ၊ သီဟိုဠ်နှင့် ဤဒေသတို့ အထူးရင်းနှီးစွာဆက်ဆံခဲ့ပုံကို **ဒေါက်တာဗိုဂယ်** ■ က ဆိုထားပေသည်။[၄၀] ဤပင်လယ်ရပ်ခြား ကုန်ကူးသန်းရောင်းဝယ်မှု တိုးတက်သောကြောင့် အဆိုပါကစ္စနာမြစ်ဝရှိ

---

* Maisolia.
** Masulipatam.
*** muslin.
† Kaṇṭakasola.
■ Dr. Vogel.



ပန္နက်ပုံ ၄ (က) နာဂါရ်ဇုနကောဏ္ဍ ထူပါကြီး၏ ပန္နက်ပုံ။




၄ (ခ) နာဂါရ်ဇုနကောဏ္ဍ ထူပါအမှတ် ၇-၏ ပန္နက်ပုံ။




၄ (ဂ) ဗိဿနိုး ကုန်းအမှတ် ၃ တွင်တွေ့ရသော တရုံတန်တိုင်း ၂ ထပ်ပါ ထူပါ၏ ပန္နက်ပုံ။

ဓာတ်ပုံ (၁၀)




(က) အန္ဓရ ထူပါပုံရိုးရိုး




(ခ) အနုစိတ် တန်ဆာဆင်ထားသော အန္ဓရ ထူပါပုံ



(ဂ) နဂါရ်ဇုနကောဏ္ဍထူပါ ဂ–မှ ထူပါပုံ ကျောက်ဌာပနာကြုတ်



(ဃ) ယင်းထူပါမှ စဥ်ကိုင်ထားသောမြေ ဌာပနာကြုတ်

သဘော်ဆိပ်မြို့တို့သည် ထိုခေတ်က စည်ကားလှသော ကမ္ဘာ့ဈေးကြီးများ ဖြစ်ခဲ့သည်။မိုက်စိုးလိယသည် သုဝဏ္ဏဘူမိသို့သွားသော သဘော်တို့၏ အခြေခံစခန်းလည်း ဖြစ်သည်။

ကစ္စနာမြစ်ဝှမ်းတွင် ဗုဒ္ဓသာသနာထွန်းကားခြင်းမှာ ဤရောင်းဝယ်မှု ဖွံ့ဖြိုးသောကြောင့်ဖြစ်သည်ဟု ဒေါက်တာဗိုဂယ်က ဆို၏။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာသူတို့သည်လည်း ကုန်သည်လူတန်းစားမှပင် ဖြစ်ပေသည်။ ဤကုန်သည်များနှင့် သူတို့၏ အရှင်သခင် မင်းဆွေမင်းမျိုးတို့၏ ဥစ္စာဘဏ္ဍာကို သုံး၍သာလျှင် အမရာဝတီနှင့် နာဂါရ်ဇုနကောဏ္ဍရှိထူပများ ကျောင်းများကို တည်ဆောက်ခဲ့ခြင်းဖြစ်၏။ ရောမအင်ပါယာ၏ ရွှေအများကို ဤဒေသမှ ရခဲ့သည်မှာ မုချပင်ဖြစ်သည်။[၆၀]

## သမိုင်းကြောင်း

နာဂါရ်ဇုနကောဏ္ဍသည် အိန္ဒိယပြည်တောင်ပိုင်း ဂေါဒါဝရီမြစ်နှင့် ကစ္စနာမြစ်နှစ်သွယ်စပ်ကြား တေလေဂူလူမျိုးတို့နေရာ အန္ဓရဒေသတွင် ရှိသည်။ အသောကမင်းကြီး လက်ထက်တွင် ဤဒေသသည် မောရိယအင်ပါယာတွင် အပါအဝင်ဖြစ်ခဲ့၏။ မောရိယအင်ပါယာ ပျက်သုဉ်းသောအခါ **သာတဝါဟန***
မင်းဆက် တည်ထောင်အုပ်စိုးလာ၍ လွတ်လပ်သောနိုင်ငံအဖြစ် တည်ခဲ့၏။ဤမင်းဆက် လက်ထက်တွင် ဗုဒ္ဓသာသနာ ဆက်လက်ထွန်းကားခဲ့၏။ ဤမင်းဆက်သည် နှစ်ပေါင်းလေးရာကျော် အုပ်စိုးခဲ့သည်။ ဗုဒ္ဓသာသနာ အဆောက်အအုံများ ထွန်းကားခဲ့သော အဓိကဌာနများမှာ အမရာဝတီ၊ **ဇဂယျပေတ****၊ နာဂါရ်ဇုနကောဏ္ဍ တို့ဖြစ်သည်။ အမရာဝတီတွင်ရှိသော ရှေးဟောင်း ထူပါကြီးကို ဘီ၊ စီ ၂ ရာစု လောက်က တည်ဆောက်ခဲ့၍ အေ၊ ဒီ ၂ ရာစု လောက်တွင် ထပ်မံတိုးချဲ့ အမွမ်းတင်ခဲ့ ပြန်သည်။ နာဂါရ်ဇုနကောဏ္ဍရှိ အဓိကထူပါကြီးကို အေ၊ ဒီ ၂ ရာစုမတိုင်မီ အတော်စောစောကပင် တည်ဆောက်ခဲ့သည်ဟု သိရ၏။[၆၁]

ဤသာတဝါဟန မင်းဆက်ကို အေ၊ ဒီ ၃ ရာစု အစလောက်တွင် **ဣခါကု***** မင်းဆက်က ဆက်ခံအုပ်စိုးသည်။ ဤမင်းဆက်သစ်ကို တည်ထောင်ခဲ့သော **သန္တမူလ**† မင်းသည် ဗြာဟ္မဏဝါဒကို အလေးအနက် ယုံကြည်စွာ အားပေးခဲ့၏။ ထိုမင်းကို ဆက်ခံသော မင်းအချို့ကမူ ဗုဒ္ဓဝါဒကို အလေးပေးကြပြန်သဖြင့် ဗြာဟ္မဏဝါဒ ပြန်လည်ထွန်းကားမှုသည် အချိန်မကြာရှည်ခဲ့ပေ။[၆၂]

နာဂါရ်ဇုနကောဏ္ဍ အထူးအစီရင်ခံစာဖြစ်သော အိန္ဒိယ ရှေးဟောင်းသုတေသန ဌာန၏ မှတ်တမ်း ၅၄[၆၃]တွင်မူ နာဂါရ်ဇုနကောဏ္ဍတွင် အုပ်စိုးသော မင်းတို့သည် ဗြာဟ္မဏအယူဝါဒအရ ကျင့်သုံးကြသော်လည်း မိဘုရားများနှင့် အမျိုးသမီးဆွေတော် မျိုးတော်တို့ကမူ ဗုဒ္ဓဝါဒကိုအားပေး၍ ဤဒေသရှိ သာသနာအဆောက်အအုံများကို တည်ဆောက်လှူဒါန်းခဲ့ကြောင်း ဆိုသည်။ ဤသို့ဖြင့် ၃ နှင့် ၄ ရာစုများအတွင်း ကျောင်းတိုက်များ ထူပါများ ပေါ်ပေါက်ခဲ့လေသည်။[၆၄]

---

* Sātavāhana.
** Jagayyapeta.
*** Ikhāku.
† Santamūla.

**စေတီပုံ**

ဤဒေသရှိ ထူပါအချို့တို့၏ အခြေသည် လှည်းဘီးပုံရှိသည်။ တည်ဆောက်ရာတွင် အသုံးပြုသော အုတ်တို့သည် ပျူမြို့များတွင်သုံးသော အုတ်တို့၏အရွယ်ရှိသည် (၂၀ လက်မ×၁၀ လက်မ ၃ လက်မ)[၄၀]။ အုတ်တို့ကို မြေသရွတ်ဖြင့်စီ၍ နံရံကို အင်္ဂတေကိုင်သည်။ ထူပါ၏ပေါင်းခုံးသည် ၃ ပေမှ ၅ ပေထိမြင့်သော အောက်ခံစည်ပိုင်းပုံ စက်ဝိုင်းအခြေမှ စ၍တက်လာသည်။ အမြင့်မှာ စက်ဝိုင်းအကျယ်ပေါ်တွင် မူတည်ဟန်ရှိ၏။ ဤစည်ပိုင်းပုံ၏ လေးမျက်နှာတွင် စည်ပိုင်းလောက်ပင်မြင့်သော လေးထောင့်အုတ်ခုံတခုစီ ဆက်၍ထားသည်။ ပန်းတင်ခုံအဖြစ် သုံးဟန်တူသည်။ ဤပုံမျိုးသည် အန္ဒရထူပါတို့၏ ထူးခြားသော ဗိသုကာပုံစံဖြစ်သည်။ ယင်းပုံမျိုးကို အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ မတွေ့ရပေ။ (ပန်းကပ်ပုံ ၇-က ရှု။)

ပိုမိုကြီးသော ထူပါတို့တွင် ဤပန်းတင်ခုံတို့အပေါ်၌ ကျောက်တိုင် ၅ တိုင်စီ ရှိသည်။ ယင်းတို့ကို **အာယကတိုင်**ဟု ကျောက်စာများ၌ခေါ်သည်။ ယင်းတိုင်တို့ရှိရာ ခုံကိုလည်း **အာယကခုံ**ဟု ခေါ်သည်။ ဤအစီအရင်မျိုးကို အမရာဝတီထူပါကြီးတွင်လည်း တွေ့ရသည်။[၄၀]

ထူပါအားလုံးသည် ပျက်စီးနေပြီဖြစ်သဖြင့် မူလပုံကို ဖော်ယူရန်မလွယ်ကူပေ။ သို့သော် လှပစွာထုလုပ်ထားသော ထူပါပုံစံငယ်များကို တူးဖော်တွေ့ရသောအခါ ဤထူပါကြီးတို့၏ မူလပုံကို ခန့်မှန်းနိုင်ပေသည်။ (ဓာတ်ပုံ ၁၀ က၊ ခ၊ ဂ၊ ဃ ရှု။)

တူးဖော် တွေ့ရချက်များအရ ဤဒေသတွင် အေ၊ ဒီ ၂ နှင့် ၃ **ရာစု** များက ထူပါနှစ်မျိုးရှိခဲ့သည်ဟု ဆိုနိုင်၏။ တမျိုးသည် အုတ်အင်္ဂတေဖြင့် ရိုးရိုးပြုလုပ်ထားသော ထူပါဖြစ်၍ အခြားတမျိုးမှာ အထွတ်မှဖိနပ်တော်အထိ ကျောက်ဆစ်ပန်းများ၊ ရုပ်ပုံများဖြင့် ပြွတ်သိပ်နေအောင် တန်ဆာဆင်ထားသော ပုံဖြစ်သည်။ ဒုတိယအမျိုး၏ အောက်ပိုင်းတွင် လှပစွာ ဆစ်ထားသော ထုံးကျောက်ပြားများကို ထူပါ၏အုတ်သားတွင်ကပ်၍စီထားသည်။[၄၆]

အဏ္ဍခေါ် ပေါင်းခုံးကြီး၏ အပေါ်ပိုင်းပတ်လည်တွင် ခါးပန်းရစ်နှင့် ပန်းဆွဲများ ရှိသည်။ ထိပ်တွင် ထီးပုံပြုလုပ်ပူဇော်ထားသည်။

ဗိဿနိုးကုန်း အမှတ် ၃ တွင် တွေ့ရသော အဆောက်အအုံသည် စက်ဝိုင်းနှစ်ထပ်အလယ်တွင် ပန်းတင်ခုံ လေးဖက်တပ်ထားသော ဆလင်ဒါပုံ ထူပါဖြစ်သည်။ အပြင်ဆုံးစက်ဝိုင်းသို့ ချဉ်းကပ်ရန် လေးမျက်နှာ၌ အုတ်လှေကားတခုစီ ဆက်၍ လုပ်ထားသည်။

ဤပုံသည် အမရာဝတီနှင့် နာဂါရ်ဇုနကောဏ္ဍတို့၌ တွေ့ရသော အန္ဒ ရပုံမျိုး ဖြစ်သည် (ပန်းကပ်ပုံ ၇-ခ ရှု။)

နာဂါရ်ဇုနကောဏ္ဍတွင် အောက်ခြေစက်ဝိုင်း သို့မဟုတ် အာယကခုံ (ပန်းတင်ခုံ) မပါသော ထူပါပုံမျိုးကိုသည်းတွေ့ရသည်ဆို၏။ ‘‘ဗိဿနိုးတွင် စတုရန်းကွက်အလယ်၌ ဆလင်ဒါပုံပါ၍ စတုရန်း၏ အနားတခုကို အပြင်ဖက်မှ လှေကားတပ်ဆင်သည့်နှယ် ပေါင် ၂ ခု သို့မဟုတ် စတုဂံပုံတခုဆက်ထားသည့် အုတ်အဆောက်အအုံ အောက်ခြေပိုင်းများကို တူးဖော်တွေ့ရှိခဲ့ရ၏ (ဗိဿနိုးကုန်း အမှတ် ၆၊ ၁၄၊ ၁၈။)။

အလယ်ရှိ ဆလင်ဒါပုံ၏ ထိပ်ပိုင်းတွင် မူလက ခုံးနေသော ထူပါပုံ ရှိကောင်းရှိခဲ့ပေမည်။ ရှိခဲ့သော် လေးထောင့်အရံအတားပါသော ထူပါဟု ခေါ်ရပေမည်။ နာဂါရ်ဇုနကောဏ္ဍာပုံတော်မျိုးပင် ဖြစ်နိုင်၏။[၄၇]

## ဝိဟာရကျောင်းများ

ဗိဿနိုးတွင် တွေ့ရသည့် စုဝေးဝတ်ပြုရာ၊ တရားနာရာ ရှည်လျားသော စတုဂံပုံအုတ်အဆောက်အအုံမျိုး (ကုန်းအမှတ် ၉ နှင့် ၁၁) နှင့်ဆင်သော အဆောက်အအုံမျိုးကို နာဂါရ်ဇုနကောဏ္ဍာတွင်လည်း တွေ့နိုင်၏။ ဤအဆောက်အအုံတို့သည် ဝိဟာရကျောင်းများဖြစ်သည်။ ဗိဿနိုး အဆောက်အအုံတို့၏ တိုင်တို့သည် သစ်သားတိုင်များ ဖြစ်ကြသည်။[၄၈]

## ဘာသာနှင့်ရိုးရာ

ဗိဿနိုးနှင့် အမရာဝတီ နာဂါရ်ဇုနကောဏ္ဍာ အဆောက်အအုံတို့တွင် ဗိသုကာလက်ရာတူညီချက်များ ရှိသော်လည်း ယင်းအဆောက်အအုံတို့ကို အသုံးချမှုတွင်ကား မတူသောဓလေ့များ ရှိနေပေသည်။

ဗိဿနိုးတွင် သေသူတို့၏ အရိုးအိုးများကို ထူပါတို့နှင့်ကပ်လျက် မြှုပ်ထားကြသည်။ ဝိဟာရကျောင်းဟုခေါ်ထားသော စတုဂံပုံအဆောက်အအုံတို့တွင်လည်း အပြင်ပတ်လည်တွင်သာမက အတွင်း၌ပင် အရိုးအိုးများကို တွေ့ရသည်။ နာဂါရ်ဇုနကောဏ္ဍာရှိ အလားတူအဆောက်အအုံတို့တွင် အရိုးအိုးထားသည့် ဓလေ့ မရှိပေ။ သို့သော် ရဟန်းတော်များ၏ အရိုးများကို ရေအိုးတွင်ထည့်ကာ တန်ဆာဆင်ခြင်းမရှိသော ထူပါငယ်များတွင် ဌပနာတတ်သည့် ဓလေ့ကား ရှိပေသည်။[၅၀]

ဤသည်ကိုထောက်၍ ဗိဿနိုးပျူတို့သည် ဗုဒ္ဓဘာသာကို လက်ခံပြီးလျှင် မိမိတို့၏ ရိုးရာ အစဉ်အလာကို သာသနာကျင့်သုံးမှုနှင့် ပူးပေါင်းကာ လိုက်နာဆောင်ရွက်ကြသည်ဟု ဆိုရန်ရှိပါသည်။

ဤနှိုင်းယှဉ်ချက်များကို ထောက်ထား၍ ဗိဿနိုးရှိ အဆောက်အအုံတို့တွင် သာသနာရေး အဆောက်အအုံများပါရှိသည်ကို အခိုင်အမာ ဆိုနိုင်၏။ အထူးသဖြင့် စက်ဝိုင်းနှစ်ထပ်ပါ ဗိဿနိုး အဆောက်အအုံသည် အမရာဝတီနှင့် နာဂါရ်ဇုနကောဏ္ဍာ ထူပါပုံနှင့် တထေဝနီးပါး တူနေ၍ ဗုဒ္ဓသာသနာဆိုင်ရာ ထူပါတဆူဖြစ်သည်ကို သံသယဖြစ်ရန်မလိုပေ။ သို့ရာတွင် ဤအဆောက်အအုံတို့အတွင်း၌ မည်သည့်သာသနိကပစ္စည်းကိုမျှ ယနေ့တိုင် မတွေ့ရသေးခြင်းမှာ ထူးခြားလှပေသည်။

အမရာဝတီနှင့် နာဂါရ်ဇုနကောဏ္ဍာရှိ ထူပါအချို့တို့တွင် ဌပနာပစ္စည်း၊ သာသနိကပစ္စည်းများကိုတွေ့ရ၏။ အချို့သော ထူပါတို့၌မူ ဗိဿနိုးမှာကဲ့သို့ပင် မည်သည့်သာသနိကပစ္စည်းကိုမျှ မတွေ့ရပေ။ ဤသို့မတွေ့ရသော အဆောက်အအုံမျိုးကို ဗိဿနိုးရှိ အလားတူ အဆောက်အအုံတို့၏ ရှေ့ပြေးပုံများပင်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

## သာသနိကပစ္စည်းများ မတွေ့ရသည့်အကြောင်း

ဗုဒ္ဓဝါဒဆိုင်ရာ ထူပါဖြစ်ပါလျက် အဘယ့်ကြောင့် သာသနိကပစ္စည်းများ မပါမရှိဖြစ်ရသနည်း။ အဆောက်အအုံများတည်ဆောက်ပုံနှင့် ကျောက်စာတို့တွင်လာရှိသော အချက်တို့ကိုထောက်၍ နာဂါရ်ဇုနကောဏ္ဍ ကြီးပွားစဉ်ကာလက အောက်ပါဗုဒ္ဓသာသနာဂိုဏ်း လေးဂိုဏ်းရှိခဲ့ဟန်တူကြောင်း **မစ္စတာ အိပ်၊ စာကာ***က ဆို၏။ [၅၁]

(၁) မဟာဝိဟာရဝါသီ
(၂) မဟီသာသက
(၃) ဗဟုဿုတိယ
(၄) အပရမဟာဝိနသေလိယ[၅၂]

အပရမဟာဝိနသေလိယဂိုဏ်းသည် ဤဒေသတွင် အင်အားအကြီးဆုံး ဩဇာအညောင်းဆုံး ဖြစ်သည်။ ဤမြစ်ဝှမ်းတွင် ရုပ်ပွားတော်များ ကိုးကွယ်ခြင်းမပြုမီ ကာလကတည်းက စတင်တည်ရှိလာသောဂိုဏ်းဖြစ်သည်။ နောက်ပိုင်းတွင် ဂိုဏ်းနှစ်ဂိုဏ်းကွဲကာ တဂိုဏ်းသည် ရုပ်ပွားတော်ကိုးကွယ်မှုကို လက်ခံခဲ့လေသည်။ အခြားတဂိုဏ်းကမူ အဆုံးထိအောင် ကန့်ကွက်ခဲ့ပေသည်။

ရုပ်ပွားတော်ကိုးကွယ်မှုကို မဟီသာသကဂိုဏ်းကလည်း လက်မခံခဲ့ပေ။

ဗိဿနိုးမြို့ရှိရာ ယင်းလွင်ပြင်သို့ရောက်ရှိ သာသနာပြုခဲ့ကြသော နာဂါရ်ဇုနကောဏ္ဍက ဗုဒ္ဓဝါဒီတို့သည် အထက်ပါရုပ်ပွားကိုးကွယ်မှုကို လက်မခံသော အပရမဟာဝိနသေလိယဂိုဏ်းနှင့် မဟီသာသကဂိုဏ်းတို့က ပုဂ္ဂိုလ်များ ဖြစ်သောကြောင့် ဗိဿနိုးရှိ သာသနာ့အဆောက်အအုံတို့၌ သာသနိကပစ္စည်းများ မတွေ့မရှိရခြင်းဖြစ်သည်ဟု ဆိုဖွယ်ရာရှိပေသည်။

သို့တည်းမဟုတ် မူရင်းဒေသဖြစ်သော ကစ္စနာမြစ်ဝှမ်းအောက်ပိုင်းသို့ ရုပ်ပွားတော်ကိုးကွယ်မှုဝါဒ မရောက်မီကပင် ဗိဿနိုးသို့ ထိုဒေသမှ သာသနာတော် ရောက်ခဲ့ပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် အဆက်အသွယ်ပြတ်ခဲ့သဖြင့် ယခုကဲ့သို့ သာသနိကပစ္စည်းများ မတွေ့ရှိရခြင်း ဖြစ်သည်ဟုလည်း ယူဆရပေသည်။

## အိန္ဒိယယဉ်ကျေးမှုဆိုင်ရာ အခြားအထောက်အထားများ

ဗိဿနိုးမြို့တွင် အိန္ဒိယတောင်ပိုင်း ယဉ်ကျေးမှု ရောက်ခဲ့ကြောင်းကို ထင်ရှားစေသော အခြားအထောက်အထားတို့မှာ အိုးခွက်များပေါ်တွင် တွေ့ရသောပုံစံများ၊ အမှတ်လက္ခဏာများ၊ ပုတီးစေ့များ၊ အမှတ် ၂ ကုန်းတွင် တွေ့ရသည့် ချွန်းတောင်းနှင့် စကြာပုံပါသော ကျောက်ပြားငယ်နှင့် တန်ဆိပ်

* H. Sarkar.

# အိန္ဒိယ ယဉ်ကျေးမှုရောက်ရှိရာ အာရှအရှေ့တောင်ဒေသများ

အေဒီ ၁ ရာစု မှ ၅ ရာစုအထိ ခန့်မှန်းမြေပုံ

မြေပုံ ၃



ထိုးထားသော မြေတုံးငယ်[၆၃]စသည်တို့ ဖြစ်၏။ ဤတန်ဆိပ်ထိုးထားသော တခြမ်းပဲ့ မြေတုံးငယ်တွင် ပါရှိသောစာကို **သံဃသိရိ**ဟု ဖတ်ရကြောင်း သိရသည်။ အသုံးပြုထားသော အက္ခရာမှာ အိန္ဒိယ တောင်ပိုင်းတွင် အေ၊ ဒီ ၂ ရာစုအတွင်းက သုံးခဲ့သော ဗြဟ္မီအက္ခရာမျိုး ဖြစ်သည်ဟု ဆိုသည်။ အမရာဝတီမြို့ဟောင်းတွင် ရုပ်ဝက်ဖော်၍ထုထားသော ကျောက်အနုပညာလက်ရာတို့တွင် **သိရိ**နောက် ဆက်ပါသော **ဓမ္မသိရိ၊ ဒီဃသိရိ** စသည့်အမည်များ တွေ့ရကြောင်းဆိုထားရာ ဤတန်ဆိပ်ရှင် **သံဃသိရိ** သည် ဤအဆောက်အအုံကြီးနှင့် ဆက်စပ်နေသော ရဟန်းတော်တပါး၏ ဘွဲ့ပင်လောဟု တွေးတော ဖွယ်ရာရှိပေသည်။[၆၄]

နာဂါရ်ဇုနကောဏ္ဍတွင် ကျောက်စာများပင် ရေးထိုးနေပါလျက် ထိုဒေသက ယဉ်ကျေးမှု အချက်အလက်ကို ရထားသော ဗိဿနိုးမြို့တွင် ဤတန်ဆိပ်စာမှတပါး အခြားစာတို့ကို မတွေ့ရခြင်း သည်လည်း အထက်တွင်ဆိုခဲ့သော ရှေးကျမှု၊ မှုရင်းနေရာနှင့် အဆက်အသွယ် ပြတ်မှုတို့ကြောင့်ပင် လောဟု တွေးထင်ရပေသည်။

## အန္ဒရ နုပညာ မရရှိခဲ့ခြင်း

နာဂါရ်ဇုနကောဏ္ဍနှင့် အမရာဝတီတို့တွင် အလွန်လက်ရာမြောက်သော ကျောက်ဆစ်အနုပညာ လက်ရာ အများအပြားကို တွေ့ရ၏။ ယင်းအနုပညာလက်ရာဟန်သည် အိန္ဒိယမြောက်ပိုင်းတွင်တွေ့ရသော လက်ရာဟန်တို့နှင့် မတူ၊ တမူထူးခြား နေပေသည်။ လူ၊ တိရစ္ဆာန်၊ သစ်ပင် စသည်ပုံများ၊ ရှုခင်းများ၊ အဆောက်အအုံပုံများစ၍ ပုံအမျိုးမျိုးကို သဘာဝကျစွာ ဆစ်လုပ်ထားပေသည်။ ယင်းအနုပညာ၏ လက်ရာအစအနကိုမျှပင် ဗိဿနိုးမြို့၌ မတွေ့ရသေးပေ။ ဤသို့ မတွေ့ရခြင်းမှာလည်း သာသနာသည် ရှေးကျစွာ ရောက်ခဲ့ပြီးနောက် အဆက်အသွယ် ပြတ်ခဲ့ရသောကြောင့်ဟုပင် ဆိုဖွယ်ရာရှိ၏။ ယင်းသို့ အဆက်အသွယ်ပြတ်ခဲ့ရသည်မှာ မြန်မာနိုင်ငံကမ်းရိုးတန်းတလျှောက်နှင့် ရာဝတီမြစ်ဝကျွန်းပေါ်ဒေသ တို့တွင် သြစတြေလွိုက် လူမျိုးဖြစ်သော သြစတြိုနီးရှင်းတို့ ကြီးစိုးချုပ်ကိုင်လာသောကြောင့် ဖြစ်နိုင် ပေမည်။

## ရာမညနှင့်အန္ဒရ

အသက်ဝင်၍ အဆက်တန်းကျသော အန္ဒရအနုပညာ ဗိဿနိုးသို့ မရောက်ခဲ့သည်မှာ မြန်မာနိုင်ငံ အစောပိုင်းယဉ်ကျေးမှု၏ အနုပညာကြွယ်ဝရေးကို အဟန့်အတားဖြစ်စေခဲ့သည်။ ဗိဿနိုးသို့ပင် မရောက် ခဲ့သော်လည်း ရာမညဒေသတွင် အပါအဝင်ဖြစ်သော ပဲခူးခရိုင် ဝေါမြို့နယ် ကြုံတူဒေသသို့ကား ရောက်ခဲ့ ၏။ ယင်းဒေသရှိ ရှေးဟောင်း စေတီပန်းတင်ခုံ၏ နံရံပတ်လည်တွင် မြုပ်ထည့်ထားသည့် အုတ်ချပ်ကြီး များ၌ပါရှိသော ရုပ်ဝက်ဖော် ပျော်ပွဲရှင်ပွဲရှုခင်းတို့သည် များစွာအသက်ပါ၍ အချိုးအစားကျသော အန္ဒရ အနုပညာလက်ရာများ ဖြစ်ပေသည်။[၆၅]

## မြန်မာနိုင်ငံသမိုင်း၏ ရှေးဦးလက်မှန် သမိုင်းဝင်ဖြစ်ရပ်များ

အခြား အာရှအရှေ့တောင်ပိုင်းဒေသများရှိလူတို့ကဲ့သို့ပင် မြန်မာနိုင်ငံသမိုင်းခေတ်ဦးလူတို့သည်လည်း အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုနှင့်တွေ့ဆုံဆက်သွယ်မှု ရှိခဲ့ကြပေသည်။ မြန်မာနိုင်ငံ ဗိသနိုးမြို့တည်ရာ ယင်းလွင်ပြင်ရှိ ရှေးဦးပျူတို့သည် အေဒီ ၁ ရာစုလောက်မှစသော ယင်းဆက်သွယ်မှုကို အကြောင်းပြု၍ ဗုဒ္ဓသာသနာနှင့် ယင်းသာသနာကို အခြေပြုသောယဉ်ကျေးမှု အချက်အလက်တို့ကို အနွရဒေသမှ ရရှိခဲ့ကြောင်း၊ ဤကဲ့သို့ ဆက်သွယ်မှုရ၍ ယဉ်ကျေးမှုအချက်အလက်များ ရခဲ့ခြင်းမှာ ဗိသနိုးသည် တရုတ်ရောမကုန်သွယ်ရေး တောင်ဖက်ကုန်းလမ်းကြီးမှ တောင်ဖက်ပင်လယ်ဆီသို့ ခွဲလာသော ရောဝတီမြစ်ကြောင်း လမ်းမကြီးပေါ်တွင် ကျရောက်၍ အိန္ဒိယတောင်ပိုင်းကုန်သည်တို့၏ ကုန်သွယ်ရေး စခန်းဖြစ်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ပင်လယ်နှင့်အဆက်အသွယ်ပြတ်ခဲ့၍ အနွရဒေသနှင့် ကင်းကွာခဲ့ရကား အနွရ၏ တိုးတက်သောယဉ်ကျေးမှု အချက်အလက်တို့ကို အပြည့်အဝ မရလိုက်ခြင်း ဖြစ်ကြောင်း စသည့်သမိုင်းစဉ်ဆိုင်ရာ အချက်အလက်တို့ကို မြန်မာနိုင်ငံ၏ သမိုင်းတွင် ရှေးဦးလက်မှန် သမိုင်းစဉ် ဖြစ်ရပ်များအဖြစ်ဖြင့် ထည့်သွင်းဖော်ပြနိုင်မည် ဖြစ်ပေသည်။

### ခေတ်ပြိုင် တရုတ်စာပေအထောက်အထားများနှင့် ဗိသနိုးဒေသ

အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့စပ်ကြားတွင် ရှိနေ၍ အင်ဒိုချိုင်းနားဟု ရှေးကခေါ်သော ကျွန်းဆွယ်တွင် ပါဝင်နေသည့် မြန်မာနိုင်ငံ၏ မြောက်ပိုင်းသည် အဆိုပါ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ စပ်ကြားတွင် တိုက်ရိုက်ကျရောက်နေသည်။ သို့ဖြစ်၍ အလွန်ရှေးကျသည့်ကာလက ယဉ်ကျေးမှုထွန်းကားခဲ့သော ဤနိုင်ငံကြီးနှစ်နိုင်ငံမှ မြန်မာနိုင်ငံတည်ရာဒေသသို့ ယဉ်ကျေးမှုအချက်အလက်များ ရောက်ရှိနိုင်သည့် အခွင့်အလမ်းများ ရှိခဲ့ပေသည်။ နှစ်နိုင်ငံတွင် ထွန်းကားခဲ့သော ရှေးစာပေတို့တွင်လည်း ဤဒေသအကြောင်း သို့မဟုတ် ဤဒေသကိုညွှန်းသည့် အထောက်အထားများ ပါဝင်ခဲ့ပေသည်။

မြန်မာနိုင်ငံသည် အိန္ဒိယဖက်မှ ယဉ်ကျေးမှုအချက်အလက် အများပင် ရရှိခဲ့ပုံ၊ သို့ရာတွင် အိန္ဒိယစာပေ၌ သမိုင်းအထောက်အထား အလွန်နည်းပါးပုံတို့ကို ဆိုခဲ့ပြီးဖြစ်သည်။ တရုတ်နိုင်ငံ၌မူ မြန်မာနိုင်ငံတည်ရှိရာဒေသများအကြောင်းကိုဖော်ပြသော သို့မဟုတ် ယင်းဒေသများကို ရည်ညွှန်းသော ခေတ်ပြိုင်စာပေအထောက်အထားများ အတော်အတန် ရှိနေပေသည်။[၁၆] ဤသို့ဖော်ပြရည်ညွှန်းသော အကြောင်းအချက်တို့မှာ များသောအားဖြင့် အာရှအရှေ့တောင်ဒေသအကြောင်းတွင် အကြုံးဝင်နေသော အကြောင်းအချက်များဖြစ်သဖြင့် ယင်းစာပေများ ပေါ်ပေါက်ခဲ့သည့်ခေတ်အတွင်း ယေဘုယျကျသော တရုတ်နှင့်အရှေ့တောင်အာရှဒေသ ဆက်ဆံမှုသမိုင်းစဉ်နှင့် စာပေများအကြောင်းကို ရှေးဦးစွာ ဖော်ပြရလျှင် ယင်းစာပေတို့တွင် ပါဝင်သော မြန်မာနိုင်ငံအလယ်ပိုင်း (ရှေးဦးပျူနှင့် ဗိသနိုးမြို့) အကြောင်းကို ပေါ်လွင်နိုင်စေမည် ယူဆပါသည်။

မြန်မာနိုင်ငံမြောက်ပိုင်းကို ဖြတ်သန်းသွားခဲ့သော တောင်ဖက်တရုတ် - ရောမ ကုန်သွယ်ရေးလမ်းကြီးအကြောင်းနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတည်ရာဒေသနှင့် သမိုင်းခေတ်ဦးကစ၍ နီးစပ်လာခဲ့ပုံကို အထက်တွင် သာမန်အားဖြင့် ဆိုခဲ့ပြီးဖြစ်ပါသည်(အထက်စာမျက်နှာ ၁၉၆ ရှု။)။ ဤအကြောင်း၏ အဆက်အဖြစ်ဖြင့် တရုတ်နှင့် အာရှအရှေ့တောင် ဒေသတို့၏ ဆက်သွယ်ရေးကို အကျဉ်းအားဖြင့် ဖော်ပြလိုပါသည်။

**တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ တည်ရာဒေသ နီးစပ်လာခဲ့ပုံ**

ကျောက်ခေတ်သစ်ကတည်းက ပေါ်ပေါက်လာခဲ့သော တရုတ်နိုင်ငံသည် သမိုင်းခေတ်အတွင်း မူလဒေသ **ဝေမြစ်*** ဝှမ်းမှ တဖြည်းဖြည်း ကျယ်ပြန့်လာခဲ့ရာ ရှေးဟန့်နှင့် နှောင်းဟန့်မင်းဆက်များလက်ထက် (ဘီ၊ စီ ၂၀၂ - အေ၊ ဒီ ၂၂၀) တွင် မြန်မာနိုင်ငံရှိရာ တောင်ဖက်ယူနန်နယ်အထိ ဩဇာလွှမ်းမိုးလာခဲ့၏။ တရုတ်-ရောမကုန်သွယ်ရေး တောင်ဖက်ကုန်းလမ်းကြီးကို တရုတ်တို့ဖက်က ကြီးကြပ်ပေးနိုင်ရေးအတွက် လမ်းမကြီးဖြတ်ဝင်လာရာ ယူနန်နယ်၌ အေ၊ ဒီ ၆၉ တွင် **ယုင်ချောင်****အုပ်ချုပ်ရေးနယ်ကိုပင် တည်ထောင်မိခဲ့ပေသည်။

ရှေးခေတ်မှစ၍ တရုတ်နိုင်ငံသည် ခေတ်အလိုက် လူသုံးပစ္စည်းမျိုးစုံဖြင့် အလွန်ကြွယ်ဝသော နိုင်ငံ ဖြစ်သောကြောင့် အခြားအခြားသော နိုင်ငံတို့သည် ထိုနိုင်ငံနှင့် ကူးသန်းရောင်းဝယ်လိုကြသည်သာဖြစ်ကြ၏။ ကုန်သွယ်ရေးအတွက် ဆက်ဆံခြင်းမျိုးကို အမည်ခံအားဖြင့် လက်အောက်ခံနိုင်ငံက အခွန်ပဏ္ဏာဆက်သခြင်းဟု ပြောဆိုယူဆသည်တိုင်အောင် ရနိုင်သည့်ကုန်သွယ်မှုအခွင့်အရေးကို ထောက်ထား၍ အာရှအရှေ့တောင်နိုင်ငံတို့သည် မည်သို့မျှသဘောမထားပဲ တရုတ်နိုင်ငံနှင့် ကုန်သွယ်ခဲ့ကြ၏။

အေ၊ ဒီ ၂ ရာစု အလယ်လောက်မှစ၍ တောင်ဖက်ကုန်းလမ်းကြီးကို အသုံးနည်းလာခဲ့၏။ ရောမသံတို့ပင်လျှင် တောင်ဖက်ပင်လယ်ခရီးမှလာကြသဖြင့် (အထက်စာမျက်နှာ ၁၉၇ ရှု။) အာရှအရှေ့တောင်နိုင်ငံတို့နှင့် ပင်လယ်ခရီးကူးသန်းရောင်းဝယ်မှုမှာ ပိုမိုများပြားလာခဲ့ပေသည်။ လေးရာစုနှစ်ကုန်ဆုံးသည်အထိပင် ဖြစ်၏။

ဟန့်ခေတ်ကို ဆက်ခံသော **စန့်ကော့***** ခေါ် သုံးနိုင်ငံခေတ်တွင် အနောက်တောင်ဒေသကို ကြီးစိုးသော **ရှုဟန့်**■ နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်သူ **ကျူကော့လျောင့်**● သည် ယူနန်နယ် ယုင်ချောင်အထိ တိုက်ခိုက်အောင်ပွဲခံခဲ့၏။ တန်ခိုးအာဏာပြရုံအတွက်သာ ချီတက်တိုက်ခိုက်ခဲ့ပြီးနောက် ထိရောက်သော အုပ်ချုပ်မှုကို မဆောင်ရွက်ခဲ့သဖြင့် ဤအောင်နိုင်မှုမှာ ယာယီမျှသာဖြစ်ခဲ့လေသည်။ အမည်ခံမျှသာ ရှိခဲ့သော ယုင်ချောင်အုပ်ချုပ်ရေးနယ်ကို အေ၊ ဒီ ၃၄၂ ၌ ဖျက်သိမ်းခဲ့လေသည်။

---

* Wei River.
** Yung-ch'ang.
*** San Kuo.
■ Shu Han.
● Chu-ko Liang.

## နိုင်ငံခြားတိုင်းပြည်များအကြောင်းမှတ်တမ်း

အရှေ့တောင်ဖက် ပင်လယ်ကမ်းရိုးတန်းတဝိုက်ကို အခြေပြုသော **ဝူနိုင်ငံ*** သည် အာရှအရှေ့တောင်နိုင်ငံတို့နှင့် အပြန်အလှန် သံတမန်ဆက်သွယ်မှုများ ပြုခဲ့၏။ ထိုစဉ်က အင်အားအကောင်းဆုံးဖြစ်သော ယခုကမ္ဘောဒီးယားဒေသရှိ **ဖူနန်**** နိုင်ငံသို့ အေဒီ ၂၄၅ ခန့်တွင် **ကျူယင်***** နှင့် **ခါင်ထိုင်▪** မည်သော အရာရှိကြီး နှစ်ဦးကို သံဖက်ပြုစေလွှတ်ခဲ့၏။ ထိုသံတို့သည် ဖူနန်တွင် ငါးနှစ်မျှနေထိုင်ပြီးလျှင် ဖူနန်နိုင်ငံအကြောင်းနှင့်တကွ အာရှအရှေ့တောင်နိုင်ငံများနှင့် အိန္ဒိယရှိနိုင်ငံများအကြောင်းတို့ကိုပါ အခွင့်အရေးသာသလို စုံစမ်းမေးမြန်း မှတ်သားခဲ့ကြ၍ **ဝိုက်ကော်ကျွာန်**▪▪ခေါ် နိုင်ငံခြား တိုင်းပြည်များအကြောင်း မှတ်တမ်းကို ရေးသားပြုစုခဲ့ကြပေသည်။[၈၇] ဤကျမ်းနှင့် အခြားခေတ်ပြိုင် တရုတ်ကျမ်းများမှ သိရသောအချက်တို့မှာ ဤသို့ဖြစ်၏။

## ကျင်လင်

ထိုစဉ်က ဤဒေသတွင် အိန္ဒိယယဉ်ကျေးမှုကို အခြေခံသော နိုင်ငံဖြစ်သည့် အင်အားကြီးသော ဖူနန်သည် အနောက်ဖက် အိန္ဒိယ သမုဒ္ဒရာကမ်းခြေအထိ အောင်နိုင်ခဲ့ပေသည်။ မလေးကျွန်းဆွယ်ပေါ်ရှိ**တူခွန်**▪▪▪၊ **ကျိုကျီ**● ၊ **လက်သုက**●●၊**ဖန်ဖန်**●●● စသည့်မြို့တို့မှာဖူနန်၏လက်အောက်ခံများဖြစ်လာခဲ့သည်။ ဖူနန်၏ အနောက်ဖက် လီ ၂၀၀၀ ကျော်ကွာ ပင်လယ်ကွေ့ကြီး၏ ထိပ်တွင်ရှိသော **ကျင်လင်** (ဝါ) **ကျင်ချန်** ★ နိုင်ငံကိုသာ မအောင်နိုင်ခဲ့ချေ။ ကျင်လင်နိုင်ငံမှ အတွင်းပိုင်းသို့ ကုန်းလမ်းခရီးဖြင့် လီ ၂၀၀၀ကျော်သွားသော **လင်ယောင်**★★ နိုင်ငံသို့ ရောက်၏။ ထိုနိုင်ငံမှ အနောက်ဖက် လီ ၂၀၀၀ အကွာတွင် **နူဟို**★★★ နိုင်ငံရှိ၏။ ယင်းနိုင်ငံသည် ယူနန်နယ် ယုင်ချောင်နှင့် နယ်နိမိတ်အစပ်ဖြစ်လေသည်။[၈၈]

ကျင်လင်တွင် လူဦးရေများသည်။ လူတို့သည် ဆင်ကြီးများကိုဖမ်း၍ ယာဉ်အဖြစ် စီးနင်းကြသည်။ ဆင်သေသော် ဆင်စွယ်ကို ယူကြသည်။ အခြားထွက်ကုန်မှာ ငွေဖြစ်၏။

## လင်ယောင်

ကျင်လင်၏ အတွင်းပိုင်း လီ ၂၀၀၀ အကွာတွင်ရှိသော လင်ယောင်မှာ မြေပြန့် လွင်ပြင်တွင်ရှိသည်။ ဤနိုင်ငံ၌ အိမ်ထောင်စုပေါင်း တသိန်းကျော်ရှိ၏။ တိုင်းသူပြည်သားတို့သည် ဗုဒ္ဓသာသနာကို ကိုးကွယ်ကြ၏။ ရဟန်းပေါင်း ထောင်ပေါင်းများစွာ ရှိသည်။ ကျင်လင်မှ ဤမြို့သို့သွားရန် ရေလမ်းခရီးမရှိပေ။ မြင်း သို့မဟုတ် ရထားဖြင့်သာ သွားနိုင်၏။[၈၉]

---

* Wu.
** Fu-nan.
*** Chu Ying.
▪ K'ang T'ai.
▪▪ Wai-kuo-chuan.
▪▪▪ Tu-k'un.
● Chiu-chih.
●● Lang-ya-hsiu.
●●● P'an-p'an.
★ Chin-lin., Chin-ch'en.
★★ Lan-Yang.
★★★ Nu-hou.

# ခေတ်ပြိုင်တရုတ်ကျမ်းများအရဖြစ်သော အာရှအရှေ့တောင်ဒေသ

(အေဒီ ၁ ရာစုမှ ၅ ရာစု နှစ်များအထိ) မြေပုံ ၄




▬▬▬ အိန္ဒိယ–တရုတ်ကုန်သွယ်ရာ ကုန်းလမ်း

– – – – အိန္ဒိယ–တရုတ်ကုန်သွယ်ရာ ရေလမ်း

## သုဝဏ္ဏဘူမိ နှင့် ကျင်လင်

ဤသိရှိရချက်များကို မူတည်၍ ကောက်နုတ်ချက်ချရသော် ပင်လယ်ကွေ့ပေါ်တွင်ရှိခြင်း၊ဖူနန်၏ အနောက်ဖက်လီ ၂၀၀၀ အကွာတွင်ရှိခြင်းနှင့် နူဟို၊ ယုင်ချောင်တို့နှင့် ဆက်သွယ်တည်နေပုံတို့ကို ထောက်၍ ကျင်လင်သည် မုတ္တမကွေ့ပေါ်ရှိ ယခုသထုံခရိုင် ကေလာသတောင်တဝိုက်ဒေသဖြစ်သော သုဝဏ္ဏဘူမိ ဖြစ်နိုင်ကောင်း၏ဟု ယူဆရပေသည်။ ဤယူဆချက်သည် တော်လမီ၏ **ရွှေမြေ***နှင့်လည်းကောင်း၊ အိန္ဒိယ စာပေ အထောက် အထားများလာ သုဝဏ္ဏဘူမိနှင့်လည်းကောင်း တိုက်ဆိုင်နေပေသည်။ တဖက် တွင်ကား ကျင်လင်သည် ယိုးဒယားကွေ့ပေါ်တွင် ရှိသည်။ သို့မဟုတ် စုမာတြာကျွန်းကို ကျင်လင်ဟု ခေါ်သည်ဟု ကောက်နုတ်ချက်မျိုးကို ချနိုင်စေသည့် အကြောင်းပြချက်များလည်း ရှိနေပေသည်။[၆၀] အထူးသဖြင့် အရပ်မျက်နှာနှင့် အကွာအဝေးပေးထားချက်တို့သည် ရှုပ်ထွေး၍ တွက်ချက်ယူရန် ခက်ခဲ သည်ကို တွေ့ရ၏။

ကျင်လင်သည် သုဝဏ္ဏဘူမိ ဖြစ်နိုင်ခဲ့သော် အတွင်းဖက် လီ ၂၀၀၀ ကုန်းကြောင်းသွားလျှင် ရောက်နိုင်သော မြေပြန့်ရှိ လင်ယောင် နိုင်ငံသည် မည်သည့်နိုင်ငံပေနည်း။

အေ၊ ဒီ ၂ရာစု ဖြစ်သော တော်လမီ၏ ခေတ်လောက်တွင် မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်း တလျှောက်၌ လူရိုင်းများပိတ်နေသကဲ့သို့ပင် ဤအေ၊ ဒီ ၃ရာစု ပထမပိုင်းတွင်လည်း လူရိုင်းတို့၏ အန္တရာယ်ရှိနိုင်ခဲ့သောကြောင့် ပင်လယ်မှ ထိုမြို့သို့ ဧရာဝတီမြစ်အတိုင်းသွားရန် ခဲယဉ်းပေမည်။ သို့ဖြစ်၍ သုဝဏ္ဏဘူမိမှ စစ်တောင်းမြစ်ဝှမ်းအတိုင်း လှည်း သို့မဟုတ် မြင်းစီး၍ သွားရပေမည်။ ဤဒေသသည် မြေပြန့်တွင်ရှိ၍ လူဦးရေများပြားထူထပ်သော ဗုဒ္ဓဘာသာနိုင်ငံဖြစ်ကြောင်းလည်း သိရ၏။ ထိုနိုင်ငံ သည် နူဟိုနှင့် လီ ၂၀၀၀ အကွာ၊ နယ်နိမိတ်အစပ်ဖြစ်သော ယုင်ချောင်နှင့်သော် နူဟို၏ အကျယ် အဝန်းကိုလိုက်၍ လီ ၂၀၀၀ ထက်ပို၍ ဝေးသည်ဟုလည်း ယူဆနိုင်ပေသည်။

ဤနိုင်ငံသည် အထက်မြန်မာနိုင်ငံ တရုတ် - အိန္ဒိယ ကုန်သွယ်လမ်း အနီးတွင် ရှိလိမ့်မည်ဟု ပါမောက္ခလု (၁၉၂၄) က ယူဆသည်။ ဤယူဆချက်မှန်ပါက အေ၊ ဒီ ၃ရာစု အတွင်းက မြန်မာ နိုင်ငံတွင် ဗုဒ္ဓသာသနာ ရောက်နေပြီဖြစ်ကြောင်းကိုပြသည့် ခိုင်လုံသည့် အစောဆုံးသော အထောက် အထား ဖြစ်လိမ့်မည်ဟုလည်း ဆိုထားပေသည်။ **ထင်****ခေတ်ရာဇဝင်ကျမ်းများအရ ပျူနိုင်ငံ၏ခံတပ် မြို့ ကိုးမြို့တွင် အပါအဝင်ဖြစ်သော မြို့တမြို့၏အမည်သည် **(တောက်) လင်-ဝါင်*****ဖြစ်သည်။ **ဝါင်**၏ ရှေးအသံထွက်တွင် **ယ** သံပါရာ ယင်းကိုလင်ယောင်ဟုလည်း အသံထွက်နိုင်သည်။ဤမြို့သည် **ယှီလိယီ** ▪ ၏ ရှေ့တွင် ရှိသည်ဟု ပါမောက္ခလုကပင် ဆက်လက်၍ ထင်မြင်ချက် ပေးထား၏။[၆၁] ပါမောက္ခ ပေလီယိုက ယှီလိယီသည် တကောင်း ဖြစ်နိုင်သည်ဟု ယူဆသည်။ ယှီလိယီ၏ ရှေ့ဟု ဆိုရာ၌ သရေခေတ္တရာဖက်က ကြည့်သော်ယှီလိယီသို့မရောက်မီဟု တွက်ဖွယ်ရာရှိသည်။ထင်ခေတ်ရာဇဝင်ကျမ်း**ထင်ဟွေ့ယောက်**● ၏

* Chrysê.
** T'ang.
*** (Tao)-lin-wang.
▪ Hsi-li-i.
● T'ang-hui-yao.

အဆိုအရသော် လင်ယာင်သည် ဆယ်ရာစုအထိ လက်အောက်ခံမြို့အဖြစ် ရှိနေသေးသည်ဟု ယူဆရန် ရှိပါသည်။ ဤအချက်ကို ဗိဿနိုးတွင် တွေ့ရသော ပုဂံခေတ်ကဟု ယူဆရသည့် အဆောက်အအုံ (ကုန်း ၂၁) က ထောက်ခံနေပေသည်။

ဤလင်ယာင်သည် မည်သည့်နိုင်ငံ ဖြစ်သင့်သည်ကို ထင်မြင်ယူဆချက် မပေးသေးမီ ရှေးဦး ပျူတို့၏ အကြောင်းကိုဆိုသော တရုတ်စာပေအထောက်အထားများကို ဆွေးနွေးဖော်ပြလိုပေသည်။

**ဝေ့နန်းဆက်*** (၂၂၀-၂၆၄) နှင့် **ကျင်နန်းဆက်**** (၂၆၅-၄၁၉) တို့၏ စပ်ကြားကာလ လောက်တွင်ရေးခဲ့သော နန်**ကျုင်ပကျွန်းကျိ*****နှင့်**ယှီနန်ယိဖာင်ကျိ**■ တို့မှ ကောက်နုတ်ချက်တို့တွင် [၆၂] ဤသို့ဆိုထား၏။

> "ယုင်ချာင်မှာ ရှေး **အိုင်လောင်**● နိုင်ငံဖြစ်သည်။ ယုင်ချာင်၏ **အနောက်တောင်** လီ ၃၀၀၀ အကွာတွင် **ဖျောင်**★ (ပျူ) နိုင်ငံရှိသည်ဟုဆို၏၊ ဤနိုင်ငံတွင် မင်းသားနှင့် အမတ်၊ အဖနှင့်သား၊ အကြီးနှင့် အငယ်ဟူ၍ အသီးသီး နေရာထားကြသည်။"

ဤအထောက်အထားအရ အေ၊ ဒီ ၃ ရာစုအတွင်းက ယုင်ချာင် (ယခုခေတ် ပေါင်ရှန်) အနောက်တောင်ဖက် လီ ၃၀၀၀ အကွာတွင်ရှိသော ပျူနိုင်ငံသည် မြန်မာနိုင်ငံအလယ်ပိုင်းလောက် တွင် ကျရောက်ပေမည်။ လင်ယာင်နိုင်ငံသည်ယုင်ချာင်နှင့် လီ ၂၀၀၀ထက် (နူဟိုနိုင်ငံ၏ အကျယ်ကို လိုက်၍) ပိုဝေးမည်ဟု **နိုင်ငံခြားတိုင်းပြည်များအကြောင်းစာတန်း** အရ ယူဆကြောင်း အထက်တွင် ဆိုခဲ့သည်။ သို့ဖြစ်လျှင် ဤပျူနိုင်ငံနှင့် လင်ယာင်တို့သည် တနေရာတည်း၌ ရှိနေကြမည်လော။ သို့တည်းမဟုတ် ယင်းတို့သည် တခုတည်းပင် ဖြစ်လေသလော။ ခေတ်ကာလ အားဖြင့်ကား ထပ်တူ ဖြစ်နေပေသည်။

**နိုင်ငံခြားတိုင်းပြည်များအကြောင်းစာတန်း**တွင်ပါရှိသော လင်ယာင်အကြောင်းသည် တောင်ဖက် ဖူနန်ဒေသ၌ စုံစမ်းရရှိချက်များအရ ရေးသားထားချက် ဖြစ်၍ ပျူနိုင်ငံအကြောင်းမှာ မြောက်ဖက် ယုင်ချာင်ဒေသ၌ စုံစမ်းရရှိချက်များအတိုင်း ရေးသားထားချက် ဖြစ်သည်။ မြို့အမည်ခေါ်ဝေါ်မှုမှာ ဒေသကိုလိုက်၍ ကွဲပြားနိုင်သည်။ သို့ဖြစ်ရာ မြောက်ဖက်ကအထောက်အထားတွင် ပျူနိုင်ငံဟုခေါ်၍ တောင်ဖက်က အထောက်အထားတွင် လင်ယာင်ဟု ကွဲပြားစွာခေါ်ထားခြင်း ပေလောဟု တွေးထင် ဖွယ်ရာရှိပေသည်။ **နိုင်ငံခြားတိုင်းပြည်များအကြောင်းစာတန်း**ကို ပြုစုသူတို့သည် တရုတ်ပြည် အရှေ့ တောင်ပိုင်း ဝူနိုင်ငံသားများဖြစ်၍ ပျူလူမျိုးအကြောင်းကို သိကြဟန်မတူ။ ယုင်ချာင်ဖက်က လူတို့ကမူ ပျူများ ယုင်ချာင်၌ပင်ရှိနေသေးသဖြင့် ပျူတို့ရွှေ့ပြောင်းမှု၏ ရှေ့ပြေးဖြစ်သော ရှေးဦးပျူများ မြန်မာ

---

* Wei Dynasty.
** Tsin Dynasty.
*** Nan-chung-pa-chün-chih.
■ Hsi-nan-i-fang-chih.
● Ai-lao.
★ P'iao.

နိုင်ငံအလယ်ပိုင်းသို့ ရောက်ရှိနေကြောင်းကို ကောင်းစွာသိနိုင်သူများဖြစ်သည် ဟူသောအချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။

တရုတ်စာပေ အထောက်အထားတို့မှ ထပ်မံသိရှိရသော ဤပျူနိုင်ငံနေ လူတို့၏အကြောင်းမှာ အောက်ပါအတိုင်း ဖြစ်၏။

ပျူတို့သည် မား၊ လုံ-ပုဆိန် တို့ကို ရွှေဖြင့်ပြုလုပ်ကြသည်။[၆၃] ဤနိုင်ငံမှထွက်သော (ရရှိနိုင်သော) လူသုံးပစ္စည်း၊ ဇိမ်ခံပစ္စည်းတို့မှာ **ထုင်*** ခေါ်သော အပင်၏ပန်း (လက်ပံပင်အသီးလော။) မှ ရသောမှိုကို ရေစိမ်ပြီးနောက် ဗိုင်းငင်၍ရက်လုပ်သော အထည်အဝတ်များ၊ ကျောက်စိမ်းအညံ့စား၊ ပုလဲ၊ ကြေး၊ **အိုက်ယှိုင်**** သို့မဟုတ် **အိုက်နယှိုင်**** ခေါ် အမွှေးအကြိုင် (ဖုံးမသိန်လော။)၊ **ကျိရှေ ယှိုင်**■ ခေါ် ကြက်လျှာအမွှေးအကြိုင် (အသီးပင်ဖြစ်၏၊အသီးမှည့်သောအခါ ကြိုးသီ၍ဆွဲကြသည်။)[၆၄] **တိုနယှောင်**■■ ခေါ် အမွှေးအကြိုင် (ဒေါနလော။)[၆၅] စသည်တို့ ဖြစ်ကြသည်။

ဤပစ္စည်းတို့အနက် အချို့သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်ထွက်၍ အချို့မှာ တောင်ဖက် ပင်လယ်ကမ်းနိုင်ငံများတွင် ထွက်သည်ကို ကောင်းစွာ ခွဲခြားသိနိုင်ပေသည်။ ဤအချက်ကလည်း ဤပျူနိုင်ငံသည် ကုန်သွယ်ရေးစခန်းတခု ဖြစ်ခဲ့ကြောင်းကို ထင်ရှားစေသည်။

**ပျူနိုင်ငံ-ဗိသနိုး**

အထက်တွင်ဆိုခဲ့သော တရုတ်စာပေအထောက်အထားများကို စုပေါင်းလေ့လာ ဝေဖန်လိုက်သောအခါ

(၁) လင်ယာင်နှင့် ပျူနိုင်ငံသည် ထပ်တူဖြစ်သည်။

(၂) ဤပျူနိုင်ငံသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်ရှိသော ဗိသနိုးဒေသဖြစ်သည်။

(၃) ဤဗိသနိုးပျူနိုင်ငံသည် နိုင်ငံခြားနှင့် ကုန်သွယ်ရာစခန်းတခု ဖြစ်သည်။

(၄) ဤနိုင်ငံတွင် ဗုဒ္ဓသာသနာထွန်းကားသည်ဟု သဘာဝကျစွာ ကောက်နုတ်ချက် ချနိုင်ပေသည်။

× × × × ×

* t'ung.
** ai-hsiang.
** ai-na-hsiang.
■ chi-shê-hsiang.
■■ tou-na-hsiang.

## ဒုတိယအသုတ်ဝင်လာသောပျူများ

သုံးရာစုလေးရာစု အတွင်းက ပျူတို့နှင့်စပ်လျဉ်းသည့် တရုတ်စာပေ အထောက်အထားတို့ကို လေ့လာရာတွင် သတိပြုရန်အချက်တချက် ရှိနေပေသည်။ ယင်းမှာ **ကွာင်ကျီ** * ကျမ်းနှင့် ခေတ်ပြိုင် လောက်ကျသော ယခုခေတ် **စူချွာန်** ** ခေါ် **ဟွာယာင်** *** နိုင်ငံအကြောင်း မှတ်တမ်းဖြစ်သည့် **ဟွာယာင်ကောကျီ** ■ ကျမ်းတွင်ပါရှိသော အောက်ပါအချက်ပင်ဖြစ်၏။

**မင်တီ** ■■ ကေရာဇ် ( အေ၊ ဒီ ၅၈-၇၇) လက်ထက် (နှောင်းဟန့်မင်းဆက်)တွင်ယုင်ချာင် အုပ်ချုပ်ရေး နယ်ကို တည်ထောင်ခဲ့၏။........ဤနယ်မှာ **လော့ယာင်** ■■■ နေပြည်တော်နှင့် လီ ၆၉၀၀ ကွာဝေး၍ **နင်ကျိုး** ● (ယခုယူနန်နယ်) ၏ အနောက်တောင်အစွန်ဆုံးတွင် ရှိသည်။ ထိုဒေသတွင် **မင်ဖူ၊ ကျိုလောင်၊ ဖျောင်ယွဲ့၊ လောဖူ** (အဝတ်မဲ့ဖူ)၊ **ရှိန်တု**●● လူမျိုးတို့ရှိသည်။[၆၇] ဟု ယုင်ချာင်တွင်ပျူ (ဖျောင်ယွဲ့) တို့ ရှိနေကြောင်း ဆိုထား ချက်ပင် ဖြစ်သည်။

သုံးရာစု လေးရာစု နှစ်များက ယူနန်နယ်အနောက်တောင်စွန် ယုင်ချာင်၌ ပျူတို့သည် ယဉ်ကျေးမှုမရှိသေးသော ဖူလူမျိုးတို့နှင့် အတူရှိနေကြောင်း၊ သူတို့နှင့်အတူ အိန္ဒိယသား (ရှိန်တု) တို့လည်း ရှိကြောင်း ဆိုထားခြင်း ဖြစ်သည်။ အိန္ဒိယ-တရုတ်ကုန်သွယ်ရေးအတွက် အိန္ဒိယသားများ ဤဒေသသို့ ရောက်နေခြင်းဖြစ်သည်။

အထက်တွင် ကိုးခဲ့သော ထိုခေတ် အခြား တရုတ်အထောက်အထားများကမူ ပျူတို့သည် မြန်မာနိုင်ငံအလယ်ပိုင်းသို့ ရောက်ရှိ၍ မြို့ပြပြည်ရွာ ထူထောင်ပြီးလျှင် ယဉ်ကျေးမှု ရှိနေသူများဖြစ် ကြောင်း ဆိုထားသည်။ ဤအဆိုအမိန့်နှစ်ခုသည် ဆန့်ကျင်နေသဖြင့် သုံးရာစု လေးရာစု နှစ်များက ယုင်ချာင်တွင်ရှိနေသော ပျူတို့သည် မည်သူတို့ဖြစ်သည်ကို ဆန်းစစ်ရန် လိုလာပေသည်။

မြန်မာနိုင်ငံအလယ်ပိုင်းသို့ ရောက်နေသော ပျူတို့အကြောင်းကို ရေးသားရာ၌ ပျူကို တရုတ် စာတွင် **ဓား** သင်္ကေတဖြင့်ရေး၍ ယုင်ချာင်တွင်ရှိနေသော ပျူတို့ကိုမူ **လူ** သင်္ကေတဖြင့် ရေးခြင်းဖြင့် ခွဲခြားထားသည်ကို သတိပြုရပါမည်။ [ထာင်ခေတ် (၆၁၈-၉၀၇) ဆရာတို့ကမူ နောက်ပိုင်းပျူတို့ကို ရေးရာ၌ **မြင်း** သင်္ကေတဖြင့် ရေး၏။]

ဤယုင်ချာင်ပျူတို့သည် မြန်မာနိုင်ငံ အလယ်ပိုင်းသို့ ရောက်နေပြီဖြစ်သော ပျူတို့နှင့်အတူ ရွှေ့ပြောင်းလာခဲ့၍ လမ်းခရီးတွင် ကျန်နေသူများ ဖြစ်ဟန်မတူချေ။ တခေတ်တည်းတွင် နှစ်မျိုးခွဲရေး

---

* Kuang-chih.
** Ssu-ch'uan.
*** Hua-yang.
■ Hua-yang-kuo-chih.
■■ Ming Ti.
■■■ Lo-yang.
● Ning-chou.
●● Min-p'u; Chiu-lao; P'iao-yüch; Luo-p'u; Shên-tu.

သဖြင့် ကွဲပြားနေသူများဟု ဆိုရပေမည်။ ဤပျူတို့မှာ သရေခေတ္တရာကို ဗဟိုပြု၍ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် အထက်တန်းကျသော ယဉ်ကျေးမှုရှိသည့် ပျူနိုင်ငံကြီးကို တည်ထောင်ကြမည့် ဒုတိယအသုတ်ဝင်လာသည့် ပျူလူမျိုးများဖြစ်နိုင်ပေသည်။ မြန်မာနိုင်ငံအတွင်းသို့ ဤဒုတိယအသုတ် ပျူတို့ ရွှေ့ပြောင်းလာကြ၍ ယင်ချောင်နယ်၌ ရောက်နေစဉ် တရုတ်တို့က မှတ်တမ်းတင်ထားခြင်းဖြစ် သည်ဟု ယူဆရပေသည်။ သို့ဖြစ်လျှင် ပထမအသုတ်အဖြစ်ဖြင့် ဝင်သွားခဲ့ပြီဖြစ်သော ပျူတို့ မြန်မာ နိုင်ငံနယ်စပ်၌ ရောက်ရှိခဲ့စဉ်က အဘယ်ကြောင့် ရေးမှတ်ထားခြင်း မရှိသနည်း။ မြန်မာနယ်စပ်သို့ တစ်ရာစုအတွင်း တရုတ်တို့ ရောက်လာချိန်တွင် ပထမအသုတ် ပျူတို့သည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သောကြောင့် တရုတ်တို့ မသိခဲ့၍ ရေးမှတ်ခြင်းမပြုနိုင်ခဲ့ဟုသာ ဖြေရပေမည်။

ဤယူဆချက် မှန်ကန်ပါက ဒုတိယအသုတ်အဖြစ်ဖြင့် ဝင်ရောက်လာသော ဤပျူတို့သည် မြန်မာနိုင်ငံနယ်စပ် ယင်ချောင်ဒေသတွင် သုံးရာစု လေးရာစုအတွင်းက ရောက်လာခဲ့ပြီးနောက် နှစ်ပေါင်း တရာ့ငါးဆယ်နှစ်ရာခန့်ကြာသောအခါတွင် မြန်မာနိုင်ငံအတွင်း၌ သရေခေတ္တရာနိုင်ငံကို ထူထောင်နိုင် ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

## မြန်မာတို့ဝင်ရောက်ခဲ့ပုံနှင့် တူပုံ

အေ၊ ဒီ ရှစ်ရာစု ကိုးရာစု အတွင်းက ဤယင်ချောင်ဒေသ၌ပင် ရောက်ရှိနေသည်ဟု တရုတ်စာပေ အထောက်အထားများအရ အခိုင်အမာ သိရသော **မာင်ကျောင်*** (မင်းစော) စသည့် ခေတ်ဦးမြန်မာ လူမျိုးတို့သည် "နှစ်ပေါင်းတရာ့ငါးဆယ်နှစ်ရာခန့်ကြာပြီးနောက် ၁၀နှင့် ၁၁ ရာစုအတွင်းတွင် မြန်မာ နိုင်ငံအလယ်ပိုင်း၌ ပုဂံနိုင်ငံကြီးကို တည်ထောင်နိုင်ခဲ့ကြပုံနှင့် ဖြစ်ရပ်ချင်း ထူးခြားစွာ တူညီနေပေသည်။

### ဗိဿနိုးပျူတို့၏သမိုင်း

တင်ပြဆွေးနွေးခဲ့ပြီးသော အချက်အလက်များကို ပြန်လည်သုံးသပ်လိုက်သော် ရှေးဟောင်း သုတေသနဌာနက တူးဖော်တွေ့ရှိ၍ ပျူမြို့တော်ဟု သတ်မှတ်ထားအပ်သော ဗိဿနိုးမြို့ကိုအခြေပြုသည့် လူတို့၏သမိုင်းသည် အောက်ပါအတိုင်းဖြစ်မည်ဟု ဆိုရပေမည်။

## မြန်မာပြည်၏ ပထမပဒေသရာဇ်နိုင်ငံ

ဗိဿနိုးကိုအခြေပြုသော လူတို့၏နိုင်ငံသည် သမိုင်းခေတ်ဦးကာလ (ခရစ်နှစ်အစလောက်) မှ စ၍ မြန်မာနိုင်ငံတွင် ရှေးဦးလက်မှန် ပေါ်ပေါက်လာခဲ့သော ပထမပဒေသရာဇ်နိုင်ငံဖြစ်၏။ ဤနိုင်ငံကို တည်ထောင်ခဲ့သူတို့သည် တိဗက်မြန်မာအနွယ်ဝင် မွန်ဂိုလွိုက်အမျိုးဖြစ်သော ပျူလူမျိုးဖြစ်သည်။ ယင်းတို့သည် ပျူတို့အနက် မြန်မာနိုင်ငံအတွင်းသို့ ပထမအသုတ် ဝင်လာသူများ ဖြစ်ကြသည်။ (ဒုတိယအသုတ်ဝင်လာသော ပျူတို့မှာ သရေခေတ္တရာကို တည်ထောင်ခဲ့ပြီးနောက် အေ၊ဒီ ငါးရာစု လောက်က ပထမအသုတ် ပျူတို့၏ ဗိဿနိုးမြို့ကို တိုက်ခိုက်အောင်နိုင်ခဲ့သူများဟု ယူဆရသည်။)

---

* Mang Chao.

## ဩစထြေစ်ထုကို ရှေးဦးစွာထိုးဖောက်ခဲ့သော တိဗက်မြန်မာအနွယ်ဝင်လူမျိုးစု

ဤပျူတို့သည် မြန်မာနိုင်ငံတွင် အနှံ့အပြားနေထိုင်လျက်ရှိပြီးဖြစ်သော ဩစထြေစ်အနွယ်ဝင်လူမျိုးစုတို့၏ နေရာကို ရှေးဦးစွာ ထိုးဖောက်ဝင်ရောက်၍ နေထိုင်လာခဲ့ကြသော တိဗက်-မြန်မာ အနွယ်ဝင်တို့၏ ရွှေ့ပြောင်းမှုတပ်ဦးမှ ရွှေ့ပြေးရောက်လာကြသူများ ဖြစ်သည်။

## ဗိဿနိုးနှင့် အိန္ဒိယယဉ်ကျေးမှု

ဤပျူတို့သည် အိန္ဒိယနှင့်တရုတ် ကုန်သွယ်မှုလုပ်ငန်းတွင် ပါဝင်လာခဲ့ကြ၏။ အိန္ဒိယပြည် အန္ဓရဒေသမှ ရောက်လာသော ကုန်သည်တို့နှင့် ပူးပေါင်းမိကြကာ ထိုအန္ဓရသားတို့ထံမှ အဆောက်အအုံပညာ၊ ဘာသာတရား စသည့် ယဉ်ကျေးမှုအချက်အလက်များကို ရရှိခဲ့သူများဖြစ်၏။ အိန္ဒိယနှင့် တရုတ်ကုန်သွယ်ရာ တောင်ဖက်လမ်းခွဲပေါ်တွင် ကျရောက်နေကြ၍ မိမိတို့၏ အသက် အိုးအိမ်နှင့် ကူးသန်းရောင်းဝယ်မှုလုပ်ငန်းကို ကာကွယ်နိုင်ရန် ခေတ်ကာလ၏ စစ်မှုရေးအရ လိုအပ်သော ထုထည်ကြီးမားသည့် ဗိဿနိုးခံတပ်မြို့ကြီးကို တည်ဆောက်ခဲ့ကြလေသည်။

## ဗုဒ္ဓသာသနာ

ဗိဿနိုးမြို့တွင် ဗုဒ္ဓသာသနာ ထွန်းကားခဲ့သည်။ လူဦးရေမှာ အိမ်ထောင်စုပေါင်း တသိန်းကျော်ရှိ၏။ သာသနာကို ထိန်းသိမ်းထမ်းရွက်ကြသည့် ရဟန်းတော်တို့၏ အရေအတွက်သည် ထောင်ပေါင်းများစွာ ရှိခဲ့၏။ သာသနာရေးအဆောက်အအုံ အဓတော်များများကို တည်ဆောက်ခဲ့ကြသည်။ ရောက်ရှိလာသော သာသနာသည် အေ၊ ဒီ တစ်ရာစု လောက်က အန္ဓရဒေသတွင် ထွန်းကားသော သာသနာမျိုးဖြစ်၍ ရုပ်ပွားဆင်းတုကို ကိုးကွယ်ပူဇော်ခြင်းမပြုသည့် ဂိုဏ်းဝင်တို့ ဦးစီးသည် သာသနာဟု ဆိုရပေမည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် ရောက်ရှိလာသည့်သမိုင်းတွင် နောက်အကျဆုံး အေ၊ ဒီ နှစ်ရာစု လောက်က ဗိဿနိုးသို့ ရောက်ရှိလာသော သာသနာမှာ ခေတ်ပြိုင် အထောက်အထားတို့ကို အကြောင်းပြု၍ သိရသမျှတို့အနက် ရှေးအကျဆုံးပင် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်ကြသော်လည်း သူသေကိုမီးသင်္ဂြိုဟ်ပြီးနောက် အရိုးများကို အိုးတွင်ထည့်ကာ ထိန်းသိမ်းခြင်းစသည့် မိရိုးဖလာ ယုံကြည်မှုဓလေ့များကိုလည်း မစွန့်လွှတ်ပဲ ဗုဒ္ဓသာသနာနှင့် ပနံသင့်အောင် ပူးပေါင်းကျင့်သုံးခဲ့ကြပေသည်ဟု ယူဆရ၏။

သာသနာပင် ရောက်ခဲ့လင့်ကစား ဗိဿနိုး၌ စာပေထွန်းကားခြင်းမရှိခဲ့ဟု ဆိုရပေမည်။ ရောက်ရှိသော စာပေသည် အန္ဓရနိုင်ငံတွင် အေ၊ ဒီ ၂၀၀ ခန့်က ဗြဟ္မီအက္ခရာဖြင့် ရေးသားသော ပါဠိစာပေဖြစ်သည်ဟု ဆိုဖွယ်ရာရှိသည်မှတပါး ဗိဿနိုးခေတ်၏ စာရေးသားမှုအတတ်အကြောင်းကို မသိရပေ။

အိန္ဒိယ ယဉ်ကျေးမှုများ ရောက်ခဲ့ရာဒေသ ဖြစ်သော်လည်း အိန္ဒိယ ယဉ်ကျေးမှုရရှိသည့် အခြားဒေသများကဲ့သို့ မူရင်းဒေသနှင့် ကာလကြာမြင့်စွာ ဆက်သွယ်နိုင်ခဲ့ခြင်းမရှိဟု ယူဆရ၏။ ဩစထြိုနီးရှင်း

တို့၏ ရန်ကြောင့် မူရင်းဒေသနှင့် အဆက်အသွယ်ပြတ်ခဲ့ရဟန်တူ၏။ သို့ဖြစ်၍လည်း အခြားဒေသများမှာကဲ့သို့ စာပေ၊ ရုပ်ဝက်ဖော်၊ ရုပ်လုံးဖော် အနုပညာစသည့် တိုးတက်သော လက်မှုပညာနှင့် အနုပညာရုပ်များ ထွန်းကားခဲ့သည့် အထောက်အထားများကို မတွေ့ရခြင်းဖြစ်ပေသည်။

ပိသျှနိုးပျူတို့သည် လယ်ယာစိုက်ပျိုးလုပ်ကိုင်ခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုခဲ့ကြသည်ဟု ဆိုနိုင်၏။ သူတို့သည် ငွေစေ့များကို ပစ္စည်းဝယ်ယူရောင်းချရာတွင် သုံးစွဲခဲ့ဟန်တူ၏။ လက်ပံမှို့ကို ဗိုင်းငင်၍ ရက်လုပ်အပ်သော အဝတ်အထည်များကို ဝတ်ကြ၏။ ရောင်းချကြ၏။ အမွှေးနံ့သာနှင့် ဟင်းခပ်အမွှေးအကြိုင်တို့ကို ရောင်းဝယ်ဖောက်ကားကြသည်၊ သုံးစွဲကြသည်။

ဤပိသျှနိုး ပျူတို့သည် လူမှုဆက်ဆံရေးတွင် ရိုသေလေးစားထိုက်သူကို ရိုသေလေးစားသည့် ဂါရဝတရား လက်ကိုင်ထားကြသည့် လူယဉ်ကျေးများဖြစ်ကြ၏။

ရွှေငွေလက်ဝတ်တန်ဆာများ၊ အထိမ်းအမှတ် အန္တရာယ်ကင်း ငွေဒင်္ဂါးများကို ဝတ်ဆင်ခဲ့ကြဟန်တူသည်။ သမိုင်းခေတ်အတွင်းသို့ ရောက်နေခဲ့ပြီဖြစ်ရကား သူတို့သည် ခဲ၊ ကြေး၊ သံတို့၏ အသုံးကို ကောင်းစွာသိကြသူများဖြစ်သည်။

ဤပျူတို့သည် သရေခေတ္တရာပျူတို့လောက် လက်ရာမမြောက်ကြသော်လည်း အဆောက်အအုံပညာတွင် အတန်ကျွမ်းကျင်သူများဖြစ်၏။ ထုထည်ကြီးမားသော နှစ်ထပ်အဆောက်အအုံများ၊ စေတီပုထိုးကြီးများ၊ ကျောင်းများ၊ လူနေအိမ်များကို ခမ်းနားစွာ ဆောက်လုပ်နိုင်ခဲ့သူများဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် သြစထြစ်လွှမ်းမိုးသည့်ခေတ်ကို ရှေးဦးစွာ ဖောက်ထွင်းခဲ့သော တိဗက်-မြန်မာတို့သည် ပိသျှနိုးပျူများဖြစ်ကြ၏။ ယင်းတို့သည်မြန်မာနိုင်ငံတွင် တိဗက်-မြန်မာလွှမ်းမိုးမှုကို ဗွေဆော်ဦးစတင်ခဲ့သူများလည်း ဖြစ်ကြပေသည်။ နိုင်ငံတည်းဟူသော လူနေမှုအဖွဲ့အစည်းကို ပိသျှနိုးပျူတို့က မြန်မာနိုင်ငံတွင် ခရစ်သက္ကရာဇ်အစလောက်က စတင်တည်ထောင်ခဲ့ကြ၏။ သူတို့၏နောက် အနွယ်တူသရေခေတ္တရာပျူတို့က ဒုတိယပျူနိုင်ငံကြီးကို တည်ထောင်ခဲ့ကြပေသည်။ ထိုနောက်သော်ကား တိဗက်မြန်မာ အနွယ်ဝင်တို့၏ နိုင်ငံများသည် ပိသျှနိုးနိုင်ငံတည်ခဲ့ရာ မြန်မာနိုင်ငံအလယ်ပိုင်းကို ဗဟိုပြု၍ ဆက်ကာဆက်ကာ ပေါ်ပေါက်လာခဲ့ကြပေသည်။ သရေခေတ္တရာ၊ ပုဂံ အစရှိသည့် နိုင်ငံများပေါ်ထွန်းသော ခေတ်များက နေထိုင်ခဲ့ကြသည့် မြန်မာနိုင်ငံသားတို့၏ အကြောင်းနှင့် ယင်းတို့၏ သမိုင်းစဉ်တို့သည် သီးခြားလေ့လာရန်လိုအပ်သော အကြောင်းရပ်များပင် ဖြစ်ပေသည်။

အထောက်အထားအခိုင်အလုံနှင့် သိရသော မြန်မာနိုင်ငံသမိုင်း၏ အစောဆုံး ကာလသည် အနော်ရထာခေါ် **အနိရုဒ္ဓ** မင်းကြီးလက်ထက် အေဒီ ၁၀၄၄ လောက်မှစသည်ဟု ခေတ်အမြင်ဖြင့် သမိုင်းကိုလေ့လာခဲ့သော ပညာရှိတို့သည် ရှေးက ဆိုခဲ့ဖူး၏။ ထိုနောက် သရေခေတ္တရာ ပျူတို့အထိ

ဆက်လက် လေ့လာခဲ့ကြသော သမိုင်းပညာရှင်တို့က မြန်မာနိုင်ငံ၏သမိုင်းကို အေဒီ ၅၀၀ လောက် အထိ နောက်သို့ ပြန်ဆုတ်ပေးနိုင်ခဲ့ကြပေသည်။

ယခုသော် ပြည်ထောင်စုယဉ်ကျေးမှုဌာန ရှေးဟောင်းသုတေသနဌာနခွဲက စနစ်တကျ အပတ်တကုတ် ကြိုးစားတူးဖော်ခဲ့၍ ဗိဿနိုးမြို့ကြီး မြေပေါ်သို့ တစိတ်တဒေသ ပြန်လည် ရောက်ရှိလာပြီ ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏သမိုင်းကို သမိုင်းခေတ်ဦးကာလ (ခရစ်နှစ်အစခန့်) မှစ၍ သိရှိနိုင်ကြပြီ ဖြစ်ပေသတည်း။

## ကျမ်းကိုးစာရင်း

### (မြန်မာဘာသာကျမ်း)


၁။ သာရတ္ထဒီပနီ။ ရန်ကုန်၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၆၀။

၂။ အောင်သော်၊ ဦး။ "ဗိဿနိုးမြို့ဟောင်း၊" တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ ၁၊ အပိုင်း ၂၊ (ဇွန် ၁၉၆၆) ၂၅၃-၃၀၁။


### (ဥရောပဘာသာကျမ်း)


၃။ Aung Thaw, *U.* *Report on Excavations of Beikthano.* Rangoon, Ministry of Union Culture, Archaeological Survey, Burma, 1966. pp. 109. plans and photographs. MS.

၄။ Braidwood, R. J. "Asiatic Prehistory and Origin of Man". *Journal of Near Eastern Studies,* VI (1947), 30-42.

၅။ De Terra, H., **and** H. L. Moviour *Jr.* "Research on Early Man in Burma." *Transactions of the American Philosophical Society,* XXXII (1943), 271-393.

၆။ Goloubew, V. "L' Age du Bronze au Tonkin et dans le nord Annam," *Bulletine de l'Ecole Française d'Extrême-Orient,* XXIX (1929), 1-46.

၇။ Harrison, Tom. "Changing Contexts of South-East Asia," *The Sarawak Museum Journal,* (1962), 453-467.

၈။ India. **Archaeological Survey.** *Annual Reports of the Archaeological Survey of India,* 1903-04— . Delhi, Manager of Publications, 1905-

၉။ Johnston, E. H. "Some Sanskrit Inscriptions of Arakan," *Bullectin of the School of Oriental and African Studies,* London University, XI, ii, (1944), 357-385.

၁၀။ Longhurst, A. H. "The Buddhist Antiquities of Nāgārjunakoṇḍa, Madras Presidency," *Memoirs of the Archaeological Survey of India,* 54 (1938).

၁၁။ Luce, G. H. "The Ancient Pyu," *Journal of the Burma Research Society,* XXVII, iii (1937), 239-253.

# ဗိဿနိုးမြို့ဟောင်းနေရာမြေပုံ

မြေပုံ-၅



၁၂။ – – – "Countries Neighbouring Burma," *Journal of the Burma Research Society*, XIV, ii (1924), 138–205.

၁၃။ – – – "The Tan (A.D. 97–132) and the Ngai-lao," *Journal of the Burma Research Society*, XIV, ii (1924), 100–137.

၁၄။ Mazumdar, R. C **and** A. D. Pausalker, **eds.** *The History and Culture of the Indian People*, Bombay, Bharatiya Vidya Bhavan, 1960.

(တရုတ်ဘာသာကျမ်း)

၁။ Ch'ang Chü, *Hua-yang-kuo-chih*, 12 chapters. *c* A.D. 350 Ssŭ-pu-ts'ung-kan ed.

၂။ Fan Ch'o, *Man-shu*, *c* A.D. 865. Originally 10 chapters. Chien-hsi-ts'un-shê-ts'ung-ko ed. The best text is *Man-shu-chiao-chu*, edited and annotated by Prof. Hsiang Ta of Peking University, Chung-hua Book Company, Peking, 1962.

၃။ Fan I, (died A.D. 445), *Hou-han-shu*, (The History of the later Han Dynasty), 120 chapters, T'ung-wên-shu-chü ed., Shanghai, 1884. 28 vols.

၄။ Kuo I-kung, *Kuang-chih*. Fragments Collected in the *Yü-han-shan-fang-chi-i-shu*, Ch'ang-sha, Lang-hsüan-kuan ed., 1883.

၅။ Li Fang **and others**, *T'ai-p'ing-yü-lan*, 1,000 ch. A.D. 984. Hsüeh-hai-t'ang ed., 1892, 120 vols.

၆။ Pan Ku, (died A.D. 92), *Ch'ien-han-shu* (The History of the Former Han Dynasty). 100 chapters, T'ung-wên-shu-chü ed., Shanghai, 1884, 32 vols.

၇။ Wang P'u, *T'ang-hui-yao*, 100 chapters. A.D. 961, Wu-ying-tien ed., 1774, 20 vols.

၈။ Yo Shih, *T'ai-p'ing-huan-yü-chi*, 200 ch., A.D., 976–983 Hung-hsing-shan-fang ed., 1793, 35 volumes.

## အညွှန်းသင်္ကေတများ။

| | |
|---|---|
| တပပ | တက္ကသိုလ် ပညာပဒေသာစာစောင်၊ တက္ကသိုလ်များအုပ်ချုပ်ရေးရုံး။ |
| ရှေးဟောင်းခေတ်ပုံ | မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနရှိ ခေတ်ပုံအမှတ်။ |
| *ASI* | *Annual Reports of the Archaeological Survey of India.* |
| *BEFEO* | *Bulletin de l'Ecole Françise d'Extrême-Orient.* |
| *Beikthano* | *Report on Excavations at Beikthano*, U Aung Thaw, Director, Archaelogical Survey, Burma, Ministry of Union Culture (1966) (*MS.*) |
| *BRSFAP* | *Burma Research Society Fiftieth Anniversary Publications.* |
| *JBRS* | *Journal of the Burma Research Society.* |
| *MASI* | *Memoirs of the Archaeological Survey of India.* |

## အညွှန်း မှတ်စုများ။

[စာတန်းတွင် သုံးစွဲထားသော တရုတ်အမည်တို့၏စာရင်းကို မြန်မာ အင်္ဂလိပ် အသံထွက်တို့နှင့် အင်းစောက်ဇယားတွင် အက္ခရာစဉ်၍ မှတ်စုတို့၏ အဆုံး၌ပေးထားပါသည်။]

၁။ ဦးအောင်သော်၊ "ဗိဿနိုးမြို့ဟောင်း" **တပပ** တွဲ ၁၊ ပိုင်း ၂၊ (၁၉၆၆ ဇွန်လ)။ စာမျက်နှာ ၂၅၃-၃၀၁။

၂။ **တိုင်းရင်းမြန်မာကျောက်စာများ၊** တတိယထုတ်။အော့ (စ) ဖွိုတက္ကသိုလ်ပုံနှိပ်တိုက်၊ (၁၉၃၉)၊ ပုံ ၃၀၅၊ စာကြောင်း ၁၃။

၃။ **တပပ၊** တွဲ ၁၊ ပိုင်း ၂။ စာမျက်နှာ ၂၅၅၊ ၂၉၉။

၄။ R. J. Braidwood, "Asiatic Prehistory and Origin of Man," *Journal of NearEastern Studies,* VI (1947), 30–42.

၅။ H. De Terra, and H L. Movius, Jr., "Research on Early Man in Burma," *Transactions of the American Philosophical Society,* XXXII, (1943), 271 393.

၆။ Tom Harrison, "Changing Contexts of South-east Asia," *The Sarawak Museum Journal,* (1962), 453–467.

၇။ D. G. E. Hall, *A History of South-east Asia.* London, Macmillan, (1955), pp. 6–8.

၈။ အာရှအရှေ့တောင် ဘာသာဗေဒ၊ မနုဿဗေဒနှင့် သမိုင်းမတင်မီခေတ် ရှေးဟောင်းသုတေသန ပညာရှင်တို့၏အဆို အမိန့်ဖြစ်ပါသည်။ မြောက်ဗီယက်နန်နိုင်ငံ မြောက်ပိုင်း ဒေါင်စွန် ( Dông-sön ) သင်္ချိုင်းဂူတို့တွင် တူးဖော်တွေ့ရသော ကြေးပစ္စည်းများနှင့် အခြားအထောက်အထားတို့အရ အာရှအရှေ့တောင်၏ သမိုင်းခေတ်ဦးကာလ အကြောင်းကို အတော်အတန် သိရပေသည်။

V. Goloubew, "L 'Age du Bronze au Tonkin et dans le nord Annam, " *BEFEO* XXIX, (1929) pp. 1-46. ကိုလည်းရှုပါ။

၉။ **တပပ** တွဲ ၁၊ ပိုင်း ၂။ စာမျက်နှာ ၂၀၂။

၁၀။ **တပပ** တွဲ ၁၊ ပိုင်း ၂။ စာမျက်နှာ ၂၅၉။ "အဆောက်အအုံ ပေါများသော မြို့တွင်း အနောက်ပိုင်းကို ပိုမိုလုံချုံစေရန် အရံအတားတထပ်ကို ဆင့်ကဲပြုလုပ်သားဟန် တူလေသည်" ဟု ဆိုထား၏။

၁၁။ ဗိဿနိုး၌ စနစ်တကျတူးဖော်မှုတို့ကို အတော်များများပြုခဲ့ပြီး ဖြစ်သည်။ ကောက်နုတ်ချက်များကိုလည်း ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ဟန်လင်း၌မူ အနည်းငယ်မျှသော တူးဖော်မှုတို့သာ ပြုရသေး၏။ တွေ့ပြီးဖြစ်သော အထောက်အထားများအရ ပျူမြို့ကြီး ၃-မြို့တို့အနက် ဗိဿနိုးနှင့်ဟန်လင်းတို့သည် ပိုမိုနိုးစပ်သည်ဟု ဆိုဖွယ်ရာရှိ၏။ သို့သော်အထောက်အထားများ ပြည့်စုံခြင်း မရှိသေးသောကြောင့် ယင်းနှိုင်းယှဉ်မှုတို့ကို ယာယီအဖြစ်သာ ယူဆသင့်ပေသည်။

၁၂။ **တပပ** တွဲ ၁၊ ပိုင်း ၂။ စာမျက်နှာ ၂၇၆နှင့် မျက်နှာချင်းဆိုင် ဗိဿနိုးအုတ် အဆောက်အအုံ ပန္နက်ပုံ ၁၂၊ စာမျက်နှာ ၂၀၁၊ ကုန်းအမှတ် ၁၃တို့နှင့် နှိုင်းယှဉ်ပါ။

၁၃။ ယင်းအညွှန်း စာမျက်နှာ ၂၉၅။

၁၄။ ယင်းအညွှန်း စာမျက်နှာ ၂၀၅၊ ၂၉၅။

၁၅။ သက္ကဋ **ဝြိဝတ္တ** မှသက်သည့်စကားဖြစ်၏။ ဂျိန်းဘာသာတွင် အထွတ်အမြတ်ထားသော အမှတ်လက္ခဏာ ၈ ခုတို့တွင် ၁ ခု အပါအဝင်ဖြစ်သည်။ သက္ကဋ အဘိဓာန်တို့တွင် "ဗြိ၏ အချစ်တော် ဗိဿနိုး၏ ဘွဲ့မည်၊ အမှတ်လက္ခဏာအနေဖြင့် ကြက်ခြေခတ်ပုံရှိ ပန်းပွင့်ပုံရှိသည်" ဟု အနက်ပေးထားသည်။ [Sir Monier William's *Sanskrit–English Dictionary,* p. 1100] လန်ဒန် တက္ကသိုလ် သက္ကဋပညာရှင် ကွယ်လွန်သူ ဒေါက်တာဂျွန်စတင်ကမူ ဤပုံကို **ဝဓ်မာန** ဟုခေါ်သည်။ [Dr. E.H.

Johnston, "Some Sanskrit Inscriptions of Arakan," *Bulletin of the School of Oriental and African Studies,* London University, Vol. XI, Pt. 2 (1944), pp. 357-285] ပါဠိတွင် **ဝဍ္ဎမာန** ဖြစ်၏။ သက္ကဋတွင် တိုးဘက်ခြင်း၊ အောင်မြင်ခြင်း၊ ပွားများခြင်းတို့ကို ဆိုသည်။ လျှို့ဝှက်နက်နဲသောပုံမျိုးဖြင့် အမှတ်လက္ခဏာပြုလေ့ရှိသည်။ ဗုဒ္ဓမြတ်စွာ၏ ခြေတော်ရာစက် ၁၀၈ ကွက်တို့တွင် **သိရိဝစ္ဆ** မှာ ဒုတိယအကွက်တွင်ပါ၍၊ **ဝဍ္ဎမာန** မှာ ဆဋ္ဌမအကွက်တွင် ပါသည်။ [U Mya, "A Note on the Buddha's Foot-prints in Burma," *ASI* (1930–34) pp. 324, 327; Pl. *CLIII* a, b ] တို့ကို လေ့လာ၍ ပုံများကို နှိုင်းယှဉ်ကြည့်ပါ။

၁၆။ *ASI* 1926–27, Pl. XLII f. Coins from Hmawza U Khin Ba's mound. (3rd. coin from top.)

၁၇။ **ဗဒ္ဓပီဌ** ပုံကို ခြေတော်ရာစက်ကွက်အမှတ် ၇ တွင် တွေ့ရပါမည်။ *ASI* 1930–34 pp. 324 and Pl. CLIII a,b

၁၈။ **ရှေးဟောင်းဓာတ်ပုံ** ၉၈၇ (၁၉၁၁-၁၂) ဘောဘောကြီးဘုရားမှ ဒင်္ဂါး (မျက်နှာ)
**ရှေးဟောင်းဓာတ်ပုံ** ၉၂၂ (၁၉၁၀-၁၁) ကျောက်ကပ်ကုန်းမှ ဒင်္ဂါး (မျက်နှာ)

၁၉။ **ရှေးဟောင်းဓာတ်ပုံ** ၉၈၈ (၁၉၁၁-၁၂) ဘောဘောကြီးဘုရားမှ ဒင်္ဂါး (ကြော)
**ရှေးဟောင်းဓာတ်ပုံ** ၉၂၃ (၁၉၁၀-၁၁) ကျောက်ကပ်ကုန်းမှ ဒင်္ဂါး (ကြော)

၂၀။ **ရှေးဟောင်းဓာတ်ပုံ** ၂၈၆၈၊ ၂၈၆၉၊ ၂၈၇၀၊ ၂၈၇၁ (၁၉၂၆-၂၇) နှင့် *ASI* 1926–27, Pl. XLII e, f. 1st, 2nd and 4th coins.

၂၁။ **ရှေးဟောင်းဓာတ်ပုံ** ၁၀/၀၀၅၅၄(က) (၁၉၆၂-၆၃) ဟန်လင်း ညောင်ကိုးပင်ကျောင်းရှိ ဒင်္ဂါးများ (မျက်နှာ)။

၂၂။ **ရှေးဟောင်းဓာတ်ပုံ** ၁၀/၀၀၅၅၅(က) (၁၉၆၂-၆၃) အထက် ဒင်္ဂါးများ (ကြော)။

၂၃။ **တပပ** တွဲ ၁၊ ပိုင်း ၂။ စာမျက်နှာ ၂၉၅ နှင့် ၂၇၉ ၏ နောက်အမှတ်မပါ တတိယမျက်နှာရှိ ဆွဲပုံ ၂ နှင့် ၃။

၂၄။ အထက် အညွှန်း။ ဆွဲပုံ ၁။ ဤဒင်္ဂါး ၃ ပြားပုံကို *Beikthano* ဓာတ်ပုံ LVIII a, b (၁၉၆၅-၆၆) တွင် တွေ့နိုင်၏။

၂၅။ Dr. E. H. Johnston, "Some Sanskrit Inscriptions of Arakan," *Bulletin of the School of Oriental and African Studies,* London University, Vol. XI, Pt. 2, (1944) Pl V, No. 1–4.

၂၆။ **တပပ** တွဲ ၁၊ ပိုင်း ၂။ စာမျက်နှာ ၂၇၆၊ ၂၇၉၊ ၂၈၁ စသည်များ၊ စာမျက်နှာ ၂၇၂ နှင့် မျက်နှာချင်းဆိုင် အပေါ်ဓာတ်ပုံ။ ကုန်းအမှတ် ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၄၊ ၁၈ နှင့် ၂၄ တို့တွင် အရိုးအိုးများ တွေ့ရပုံကို *Beikthano* p. 50 တွင် ရှုပါ။

၂၇။ **တပပ**၊ အထက်အညွှန်း၊ စာမျက်နှာ ၂၇၅။ *Beikthano* p. 35.

၂၈။ *Beikthano* pp. 11, 29, 104; 32; 42, 43 etc.

၂၉။ *ibid.* pp. 50, 100

၃၀။ G. H. Luce, "The Tan and the Ngai-lao," *BRSFAP* No. 2, p. 207.

၃၁။ *ibid.* p. 208.

၃၂။ *ibid.* p. 203.

၃၃။ *ibid.* p. 203, 205.

၃၄။ *ibid.* p. 228, n. 1.

၃၅။ *ibid.* p. 230.

၃၆။ ဗရိဂဇအတွက် *ibid* p. 230 and n. 3. မလဗသရှန်အတွက် *ibid* p. 231 တို့ကိုရှု။

၃၇။ *ibid.* p. 234.

၃၈။ **တပပ** တွဲ ၁၊ ပိုင်း ၂၊ စာမျက်နှာ ၁၃၀၁ နှင့် အခြားမျက်နှာများ။

၃၉။ *BRSFAP* No. 2, p. 232 and n. 4.

၄၀။ A. H. Longhurst, "The Buddhist Antiquities of Nāgārjunakoṇḍa, Madras Presidency," *MASI* No. 54 (1938) p. 6.

၄၁။ *Beikthano* p. 105

၄၂။ R. C. Mazumdar **and** A. D. Pausalker, **eds.** *The History and Culture of the Indian People*, Bombay, Bharatiya Vidya Bhavan, 1960 p. 224.

၄၃။ *MASI* No. 54, p. 4.

၄၄။ *Beikthano* p. 105.

၄၅။ *MASI* No. 54, p. 12.

၄၆။ *ibid.* pl. XI (a), (b).

၄၇။ *Beikthano* p. 107.

၄၈။ **တပပ**၊ စာမျက်နှာ ၂၇၆ နှင့်မျက်နှာချင်းဆိုင်ရှိ ဗိဿနိုးကုန်း အမှတ် ၆၊ ၁၄၊ ၁၀ တို့၏ဆွဲပုံကို ရှု။

၄၉။ အထက်အညွှန်းပါ ကုန်းအမှတ် ၉ နှင့် ၁၁ တို့၏ဆွဲပုံကိုရှု။

၅၀။ *Beikthano* p. 107.

၅၁။ *Beikthano* p. 106. H. Sarkar, "Some Aspects of the Buddhist Monuments at Nāgārjunakoṇḍa," *Ancient India*, No. 16 (1960).

၅၂။ Mahāvihāra-vāsin, Mahīsāsaka, Bahusrutiya, Apara-mahāvinaseliya.—H. Sarkar, *opus cite.*

၅၂။ **သာရတ္ထဒီပနီ** ပထမတွဲစာမျက်နှာ ၁၁၀၊ ၁၁၉ (နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ၁၉၆၀) တွင် ဗုဒ္ဓသာသနာတွင် အစောပိုင်းခေတ်က ဂိုဏ်း ၂၄ ဂိုဏ်း ကွဲခဲ့ပုံကို ဤသို့ဖော်ပြထား၏။

မဟာသံဃိကဂိုဏ်းမှ (၁) ဂေါကုလိကနှင့် (၂) ဧကဗျောဟာရိက။ ဂေါကုလိကမှ (၃) ပဏ္ဏတ္တိဝါဒနှင့် (၄) ဗာဟုလိယ။ ယင်းဂိုဏ်း ၂ ခုကို (၅) **ဗဟုဿုတိက** ခေါ်၍ ဤဂိုဏ်းတို့အတွင်းမှာပင် (၆) စေတိယဝါဒ ပေါ်ပေါက်ခဲ့၏။ ယင်းနောက် နှစ် ၁၀၀ ကြာသော် (၇) **မဟိသာသက**

နှင့် (၈) ဝိဇ္ဇာပုတ္တက။ ဝိဇ္ဇာပုတ္တကမှ (၉) ဓမ္မုတ္တရိက (၁၀) ဘဒ္ဒယာနိက (၁၁) ဆန္နာဂါရိကနှင့် (၁၂) သမိတိကဟု ဂိုဏ်း ၄ ဂိုဏ်း ပေါ်ပေါက်ခဲ့၏။ ယင်းနောက် နှစ် ၁၀၀ ကြာပြန်သော် **မဟိသာသကဂိုဏ်း**မှ (၁၃) သဗ္ဗတ္ထိဝါဒနှင့် (၁၄) ဓမ္မဂုတ္တိက ဟု ကွဲလာပြန်သည်။ တဖန်သဗ္ဗတ္ထိဝါဒမှ (၁၅) ကဿပိက၊ ယင်းမှ (၁၆) သင်္ကန္တိက၊ ယင်းမှ (၁၇) သုတ္တဝါဒဟု ပေါ်ပေါက်ခဲ့ရာ၊ မဟာသင်္ဃိကနှင့်သော် (၁၈) ဂိုဏ်းရှိပေသည်။ [ဤမဟာသင်္ဃိကဂိုဏ်းကို သီဟိုဠ်တွင် **မဟာဝိဟာရဝါသီ**ဂိုဏ်းဟု ခေါ်ကြောင်းသိရ၏။]

အာစရိယဝါဒတွင် (၁) ဟေမဝတ (၂) ရာဇဂိရိကာ (၃) သိဒ္ဓတ္ထိကာ (၄) ပုဗ္ဗသေလိယာ (၅) **အပရသေလိယာ** (၆) ဝါဇိရိယာ ဟု ၆ ဂိုဏ်းရှိပြန်ရာ စုစုပေါင်း ဂိုဏ်းပေါင်း (၂၄) ဂိုဏ်း ရှိခဲ့ပေသည်။

ဤဂိုဏ်းတို့အနက် မျက်နှာမည်းနှင့်ပေးထားသော ဂိုဏ်းတို့ကို နာဂါရ်ဇုနကောဏ္ဍတွင် တွေ့ရသည်ဟု နားလည်ရပါသည်။

၅၃။ **တပပ** တွဲ ၁၊ ပိုင်း ၂။ စာမျက်နှာ ၂၉၄ နှင့် စာမျက်နှာ ၂၀၀ နှင့် မျက်နှာချင်းဆိုင်ပုံများ။

၅၄။ **တပပ** တွဲ ၁၊ ပိုင်း ၂။ စာမျက်နှာ ၂၉၂–၂၉၃။

၅၅။ *ASI* 1937, p.83, Pl. XXXIII a; 1936, pp. 72-73. Pl.XXXII d; အနားတဖက်တွင် ၂၁ လက်မ၊ ထု ၄½ လက်မရှိသော စတုရန်းပုံ အုတ်ချပ်ကြီးအတွင်းရှိစက်ဝိုင်းပုံတွင် ဘာသာရေးနှင့် မဆိုင်သည့်ရှုခင်းများကို ပုံဖော်ပြုလုပ်ထားသော အနုရအနုပညာလက်ရာများ ဖြစ်သည်။ ဘုရားဖိနပ်တော်၏ တောင်ဖက်နံရံပေါ်တွင် မူလနေရာ၌ ဤကဲ့သို့သော အုတ်ချပ်ကြီး ၂ ခု ကျန်ရှိနေသေးသည်။

၅၆။ ပါမောက္ခ လု ( Luce ) နှင့် ပြင်သစ်ပညာရှိ ပါမောက္ခ ပေလီယို ( Pelliot ) တို့သည် ယင်းအထောက်အထားတို့ကို ရှာဖွေလေ့လာ၍ ဝေဖန်ရေးသားခဲ့ကြပြီး ဖြစ်၏။ မြန်မာနိုင်ငံ သမိုင်းကော်မရှင်ကလည်း ယင်းအထောက်အထားတို့အနက် လက်လှမ်းမီနိုင်သော အထောက်အထားများအပြင် နောက်ထပ်တွေ့ရှိသော အထောက်အထားတို့ကိုပါ ဘာသာပြန်ဆိုထားပြီး ဖြစ်ပေသည်။ Pelliot " Deux Itineraries " *BEFEO*, IV (1904) and G. H. Luce "The Tan (A. D. 97–132) and the Ngai-lao," *JBRS*. XIV, ii, (1924) pp. 100–137 and " Countries Neighbouring Burma," *ibid*. pp. 138–205.

၅၇။ *Wai-kuo-chuan–* "နိုင်ငံခြား တိုင်းပြည်များ အကြောင်းမှတ်တမ်း" တွင် ထိုခေတ် အာရှတောင်ပိုင်းနှင့် အနောက်ပိုင်းရှိ နိုင်ငံတို့အကြောင်း ပါဝင်သည်ဟု ဆိုသည်။ ယခုအခါတွင် ကျမ်းရင်းမရှိတော့ပေ။ ကောက်နုတ်ချက်တို့ လောက်သာ ဆုင် ( Sung ) မင်းဆက် စွယ်စုံကျမ်း၊ *T'ai-p'ing-yü-lan* တွင် တွေ့နိုင်တော့သည်။

၅၈။ *BRSFAP* Vol. II p. 308 n. 1.

၅၉။ *ibid.* pp. 253–255.

၆၀။ သုဝဏ္ဏဘူမိသည် မည်သည့် ဒေသဖြစ်သင့်ကြောင်း အသေးစိတ် ဆွေးနွေးချက်များကို အထက်အညွန်းပါ ကျမ်းစာမျက်နှာ ၂၅၂–၂၅၅ တွင် ရှုပါ။ ပါမောက္ခ ပေလီယိုကလည်း ကျင်လင်ကို သုဝဏ္ဏဘူမိဟု ယူဆလိုဟန်ရှိပါသည်။ အထက်အညွန်း စာမျက်နှာ ၂၅၄။

၆၁။ အထက်အညွန်း စာမျက်နှာ ၂၅၅။ *T'ang-hui-yao* အခန်း ၁၀၀၊ စာမျက်နှာ ၁၇၉၄-၅ ကိုလည်း ရှုပါ။ မစ္စတာ နိဟာရန်ဂျန်ရေး ကမူ လင်ယာင်သည် သရေခေတ္တရာ (မှော်ဇာ) ထက်ပို၍ မြောက်ဖက်မကျနိုင်၊ သို့ဖြစ်၍ ရှေးဟောင်းသရေခေတ္တရာ (မှော်ဇာ) ပင် ဖြစ်ဖွယ်ရာ ရှိသည်ဟု ယူဆထား၏။ Niharranjan Ray, *Theravada Buddhism in Burma*, University of Calcutta. 1946 p. 23.

၆၂။ ဤကောက်နုတ်ချက်တို့ကို Wang P'u (အေ၊ ဒီ ၉၆၁) ရေး *T'ang-hui-yao* ပါ အထက်အညွန်းတွင်လည်းကောင်း၊ Yo Shih (၉၇၆–၉၈၃) ရေး *T'ai - p' ing - huan - yü - chi* အခန်း ၁၇၇၊ စာခေါက် ၁၃ မျက်နှာဖက်မှ ၁၄ မျက်နှာ ဖက်ထိတွင်လည်းကောင်း တွေ့ရမည်။

၆၃။ *T'ai-ping-yü-lan* ch. 353, 2 vo. တွင်ဖော်ပြထား၍ ယခုအခါတွင် ကျမ်းရင်း မရှိတော့သည့် *Nan-chung-pa-chün-chih* မှ ကောက်နုတ်ချက်။

၆၄။ အထက်အညွန်း။ Ch. 329, 3ro; ch. 956, 5 ro/ vo.; Ch. 981, 8 ro.

၆၅။ *The Kuang-chi, Ch. (B) f. 13* ro ဤကောက်နုတ်ချက်ကို *Yü-han-shan-fang-chi-i-shu* တွင် တွေ့နိုင်ပါသည်။

၆၆။ *Hua-yang-kuo-chih of Ch'ang Chü* (middle of 4th Century A.D.) ch. 4, 16 ro and *BRFSAP* Vol. II p. 309.

၆၇။ G. H., Luce, "The Ancient Pyu," *BRSFAP* No. 2 p. 308, 309 and *JBRS* Vol. XXII p. 90.

၆၈။ ယုင်ချောင်နယ်၊ ရှမ်းပြည်မြောက်ပိုင်းတွင် ၈-ရာစုနှစ်များလောက်ကစ၍ ထင်ပေါ်လာသော Wang-chü, Wang-wai-yu or Wang-man-wai-yu and Mang-man or Mang လူမျိုးများ အကြောင်းကို *Man Shu* (*The Book of the Southern Barbarians*) translated by G. H. Luce, [Data paper No. 44, Southeast Asia Program, Cornell University, Ithaca. New York 1961] pp. 41–44 တွင်ရှု။ *BRSFAP* No. 2 pp. 390–1; and p. 400 n. 24, 29, 32 တို့ကိုလည်း ရှုပါ။

**မြေပုံစာရင်း**

မြေပုံ ၁။ ။ ယင်းလွင်ပြင်နှင့် ဗိဿနိုး။ ဦးဘိုလှိုင် (သမိုင်းကော်မရှင်) ရေးဆွဲသည်။
မြေပုံ ၂။ ။ ပျူမြို့တော်များ တည်နေရာပြမြေပုံ။ ဦးဘိုလှိုင် (သမိုင်းကော်မရှင်) ရေးဆွဲသည်။
မြေပုံ ၃။ ။ အိန္ဒိယယဉ်ကျေးမှုရောက်ခဲ့ရာ အာရှအရှေ့တောင် ဒေသများ (အေ၊ ဒီ ၁ ရာစုမှ ၅ ရာစုနှစ်များအထိ) ။ ဦးဘိုလှိုင် (သမိုင်းကော်မရှင်) ရေးဆွဲသည်။
မြေပုံ ၄။ ။ ခေတ်ဦးပိုင် တရုတ်ကျမ်းများအရဖြစ်သော အာရှအရှေ့တောင်ဒေသ (အေ၊ ဒီ ၁ ရာစုမှ ၅ ရာစုနှစ်များအထိ) ။ဦးဘိုလှိုင် (သမိုင်းကော်မရှင်) ရေးဆွဲသည်။
မြေပုံ ၅။ ။ ဗိဿနိုးမြို့ ဟောင်းနေရာမြေပုံ။ (ရှေးဟောင်းသုတေသနဌာန။)

**ပန်းချီပုံစာရင်း**

ပန်းချီပုံ ၁။ ။ မြို့ရာမြို့ခင်းတို့ကို နှိုင်းယှဉ်အပ်သော ပျူမြို့ ၃ မြို့၏ ပန်းချီပုံများ။
Dr. Daw Thin Kyi, "The Early Capitals of Burma," *New Burma Weekly*, Vol 4, No 4. (Jan. 1959). pp. 143–148. ပါပုံများကို အခြေပြု၍ စကေးတူအောင် ဦးအောင်ကြည်၊ (တက္ကသိုလ်ပညာပဒေသာစာစောင်)က ပြုပြင်ရေးဆွဲပါသည်။
ပန်းချီပုံ ၂။ ။ ဗိဿနိုးမြို့၊ မြောက်ဖက်မြို့ရိုး၊ အလယ်မြို့ပေါက် (အမှတ် ၁၃ ကုန်း တူးဖော်ပြီး) ပန်းချီပုံ။ (ရှေးဟောင်းဓာတ်ပုံ ၄၀၉/၉၀၀၄ (၁၉၆၁-၆၂)။ **တပပ**၊ တွဲ ၁၊ ပိုင်း ၂။ **စာမျက်နှာ** ၂၇၆ ၏ နောက်တွင် ထည့်သွင်းထားသော **ဆွဲပုံအမှတ်** ၁၃ နှင့် နှိုင်းယှဉ်ပါ။
ပန်းချီပုံ ၃။ ။ ဟန်လင်းမြို့၊ တောင်မြို့ရိုးတံခါးပေါက်တခု (အမှတ် ၁၀ ကုန်းတူးဖော်ပြီး) ပန်းချီပုံ။ (ရွှေဘိုဆည်မြောင်း ခရိုင်ဒုလက်ထောက် အင်ဂျင်နီယာ ဦးမြတ်ဆွေနှင့် ဦးသောင်းမြင့်တို့ တိုင်းတာ၍ သမိုင်းကော်မရှင် ဦးဘိုလှိုင်ရေးဆွဲသည်)။
ပန်းချီပုံ ၄။ ။ သရေခေတ္တရာမြို့ရိုး၏ အနောက်မြောက်ပိုင်းရှိ ရွှေတံခါးပေါက် (ကုန်းအမှတ် ၅ တူးဖော်ပြီး) ပန်းချီပုံ။ သမိုင်းကော်မရှင် ဦးဘိုလှိုင် ရေးဆွဲသည်။ ရှေးဟောင်းဓာတ်ပုံ ၆၄/၁၂၆၄၄ (၁၉၆၅-၆၆) နှင့် နှိုင်းယှဉ်ပါ။
ပန်းချီပုံ ၅။ ။ ဟန်လင်းအမှတ် ၅ ကုန်းတွင် တူးဖော်တွေ့ရသော အဆောက်အအုံ၏ ပန်းချီပုံ။ ရှေးဟောင်းဓာတ်ပုံ ၀၀၀/၁၂၅၁၀ (၁၉၆၃-၆၄) ။
ပန်းချီပုံ ၆။ ။ ဗိဿနိုးအမှတ် ၁၂ ကုန်းတွင် တူးဖော်တွေ့ရသော အဆောက်အအုံ၏ ပန်းချီပုံ။ ရှေးဟောင်းဓာတ်ပုံ ၄၀၀/၉၀၀၃ (၁၉၆၁-၆၂)။ **တပပ**၊ တွဲ ၁၊ ပိုင်း ၂။ စာမျက်နှာ ၂၇၆ နှင့် မျက်နှာချင်းဆိုင် ပုံ ၁၂ နှင့် နှိုင်းယှဉ်ပါ။
ပန်းချီပုံ ၇။ ။ (က) နာဂါရ်ဇုနကောဏ္ဍထူပါကြီး၏ ပန်းချီပုံ။ *MASI* No.54. Pl. XII b ကို ကူးယူထားသောပုံ ဖြစ်ပါသည်။
(ခ) နာဂါရ်ဇုနကောဏ္ဍ ထူပါအမှတ် ဂ ၏ ပန်းချီပုံ *MASI* No. 54. Pl XVII b ကို ကူးယူထားသောပုံ ဖြစ်ပါသည်။
(ဂ) ဗိဿနိုးကုန်းအမှတ် ၃ တူးဖော်ရာတွင် တွေ့ရသော အရံတန်တိုင်း ၂ ထပ်နှင့် ထူပါအောက်ခြေ၏ ပန်းချီပုံ။

**ဓာတ်ပုံစာရင်း။**

ဓာတ်ပုံ ၁။ ။ မကွေးခရိုင် မြို့လုလင်၊ ကျောက်ပြင်တောင်ကုန်းတွင်တွေ့ရသော ပျူစာပါအုတ်ချပ်။ ရှေးဟောင်းဓာတ်ပုံ ၂၂၄/၀၂၆၂ (၁၉၅၀-၅၉) ။

ဓာတ်ပုံ ၂။ ။ မကွေးခရိုင် ပင်းမြို့ တောင်ထောင့်ရွာ ပေါ်တော်မူ ကျောက်သလင်း ဆင်းတုတော်၏ ရှေ့ကြာပလ္လင်။ သမိုင်းကော်မရှင်ဓာတ်ပုံ ၅၀၄၀ (၁၉၆၆)။

ဓာတ်ပုံ ၃။ ။ မကွေးခရိုင် ပင်းမြို့ တောင်ထောင့်ရွာမှ ရရှိသော ရုပ်ပွားတော် အုတ်ခွက်။ စာပါသည့်ယာ အောက်ပိုင်းကျိုး။ မွန်-မြန်မာ အက္ခရာရေး ပါဠိစာနှင့် ပျူစာ ပါသည်။ ရှေးဟောင်းဓာတ်ပုံ ၁၀၁/၉၁၉၇ (၁၉၆၀-၆၁)။ ယခု တောင်တွင်းကြီး ပြတိုက်တွင် ရှိသည်။

ဓာတ်ပုံ ၄။ ။ ဗိဿနိုးမြို့၊ ကုန်းအမှတ် ၁၃၊ မြို့ဝင်ပေါက် တပိုင်းတစ ဖော်ထုတ်ပြီးပုံ (မြောက်ဖက်အပေါ်မှ စီး၍ တွေ့ရသောရှုခင်း)။ ရှေးဟောင်းဓာတ်ပုံ ၂၄၀/၉၇၂၃ (၁၉၆၁-၆၂)

ဓာတ်ပုံ ၅။ ။ ဗိဿနိုးမြို့၊ ကုန်းအမှတ် ၁၅၊ မြို့ဝင်ပေါက်။ တူးဖော်ပြီးပုံ (မြောက်ဖက်အပေါ်မှစီး၍ တွေ့ရသော ရှုခင်း)။ ရှေးဟောင်းဓာတ်ပုံ။ ၁၀၀/၁၀၇၂၄ (၁၉၆၂-၆၃)။

ဓာတ်ပုံ ၆။ ။ သရေခေတ္တရာပျူဒင်္ဂါး ၃ မျိုး ၃ စား။

(က) ပထမအမျိုးအစား (မျက်နှာဖက်သာ)၊ ဦးခင်ဘကုန်းမှ ဒင်္ဂါးငယ်။ ရှေးဟောင်းဓာတ်ပုံ ၂၀၇၂ (၁၉၂၆-၂၇)။

(ခ) ဒုတိယ အမျိုးအစား (မျက်နှာနှင့်ကြော)၊ ဘောဘောကြီးမှ ဒင်္ဂါး။ ရှေးဟောင်း ဓာတ်ပုံ ၉၀၇၊ ၉၀၀ (၁၉၁၁-၁၂)။

(ဂ) တတိယ အမျိုး အစား (မျက်နှာနှင့်ကြော)၊ မှော်ဇာမှ ဒင်္ဂါး။ ရှေးဟောင်း ဓာတ်ပုံ ၂၀၆၀ (၁၉၂၆-၂၇)။

ဓာတ်ပုံ ၇။ ။ ဟန်လင်းဒင်္ဂါးများ။

ဟန်လင်း ညောင် ၉ ပင် ကျောင်းရှိ ဒင်္ဂါးအချို့။

(က) မျက်နှာဖက်။ ရှေးဟောင်းဓာတ်ပုံ ၁၀/၀၀၅၅၄ (က) (၁၉၆၂-၆၃)

(ခ) ကြောဖက်။ ရှေးဟောင်းဓာတ်ပုံ ၁၀/၀၀၅၅၅ (က) (၁၉၆၂-၆၃)

ဓာတ်ပုံ ၈။ ။ ဗိဿနိုးဒင်္ဂါးများ။

(က) မျက်နှာဖက်။ ရှေးဟောင်းဓာတ်ပုံ *Beikthano* Pl. LVIIIa (၁၉၆၅-၆၆)

(ခ) ကြောဖက်။ ရှေးဟောင်းဓာတ်ပုံ *Beikthano* Pl. LVIII b (၁၉၆၅-၆၆)

ဓာတ်ပုံ ၉။ ။ ဗိဿနိုးဒင်္ဂါးများနှင့် ဟန်လင်း၊ သရေခေတ္တရာဒင်္ဂါးများ နှိုင်းယှဉ်ပြချက်။

(က) ဗိဿနိုးဒင်္ဂါး အမျိုးအစား ၁ ၏ မျက်နှာနှင့် ကြော (အထက်) တို့ကို ဟန်လင်း ညောင်ကိုးပင်ကျောင်း ဒင်္ဂါး၏ မျက်နှာနှင့်ကြော (အောက်) တို့နှင့် နှိုင်းယှဉ်ပြပုံ။

(ခ) ဗိဿနိုး ဒင်္ဂါး အမျိုးအစား ၂ ၏ မျက်နှာနှင့်ကြော (အထက်) တို့ကို သရေခေတ္တရာ ဒင်္ဂါး တတိယအမျိုးအစား၏ မျက်နှာနှင့်ကြော (အောက်) တို့နှင့် နှိုင်းယှဉ်ပြပုံ။

(ဂ) ဗိဿနိုး ဒင်္ဂါးအမျိုးအစား ၃ ၏ မျက်နှာနှင့်ကြော (အထက်) တို့ကို ဟန်လင်း၊ ညောင်ကိုးပင် ကျောင်း ဒင်္ဂါးအသေးစား တခု၏ မျက်နှာနှင့်ကြော (အောက်) တို့နှင့် နှိုင်းယှဉ်ပြပုံ။

ဓာတ်ပုံ ၁၀။ ။ အန္ဒရထူပါပုံများ။

(က) ထူပါရိုးရိုးပုံ။ *MASI* No. 54. Pl. XI (a)

(ခ) အနုစိတ်တန်ဆာဆင်ထားသော ထူပါပုံ။ *ibid.* (b)

(ဂ) နာဂါရ်ဇုနကောဏ္ဍထူပါ ဂ မှ တွေ့ရသော ထူပါပုံကျောက် ဌာပနာကြုတ်။ *MASI* No. 54. Pl. XVII (c)

(ဃ) နာဂါရ်ဇုနကောဏ္ဍထူပါ ဂ မှ တွေ့ရသော ထူပါပုံ မြေဌာပနာကြုတ်။ စဉ့်ကိုင်ထားသည်။ *ibid.* (d)

## တရုတ်အမည် အက္ခရာစဉ်များ။

| | | |
|---|---|---|
| Ai-hsiang | အိုက် ယှိုင် | 艾香 |
| Ai-lao | အိုင် လောင် | 哀牢 |
| Ai-na-hsiang | အိုက် န ယှိုင် | 艾納香 |
| Ch'ang Chü | ချာင် ကျူ | 常璩 |
| Chi-shê-hsiang | ကျိ ရှေ့ ယှိုင် | 雞舌香 |
| Chin-ch'ên | ကျင် ချဲန် | 金陳 |
| Chin-lin | ကျင်လင် | 金隣 |
| Chiu-chih | ကျိုကျိ | 九稚 |
| Chiu-lao | ကျိုလောင် | 鳩獠 |
| Chu-ko Liang | ကျူကော့လျိုင့် | 諸葛亮 |
| Chu Ying | ကျူယင် | 朱應 |
| Fan Ch'o | ဖန်ချော့ | 樊綽 |
| Fan I | ဖန်ယိ | 范曄 |
| Former Han Dynasty | ရှေးဟန်မင်းဆက် | 前漢 |
| Fu-nan | ဖူနန် | 扶南 |
| Han | ဟန် | 漢 |
| Hsi-nan-i-fang-chih | ယှိနန်ယိဖောင်ကျိ | 西南異方志 |
| Hsi-li-i | ယှိလိယိ | 悉利移 |
| Hsiang Ta | ယှိုင်တာ့ | 向達 |

| | | |
|---|---|---|
| Hua-yang-kuo-chih | ဟွာယာင်ကော်ကျိ | 華陽國志 |
| K'ang T'ai | ခါင်ထိုင် | 康泰 |
| Kuang-chih | ကွာင်ကျိ | 廣志 |
| Kuo I-kung | ကော့ယိကုင် | 郭義恭 |
| Lang-ya-hsiu | လင်္ကာသုက | 狼牙修 |
| Later Han Dynasty | နှောင်းဟန့်မင်းဆက် | 後漢 |
| Li Fang | လီဖျာင် | 李昉 |
| Lin-yang | လင်ယာင် | 林陽 |
| Lo-yang | လော့ယာင် | 洛陽 |
| Luo-p'u | လောဖူ | 躶濮 |
| Man-shu | မန်ရှူ | 蠻書 |
| Man-shu-chiao-chu | မန်ရှူကျောင်ကျူ | 蠻書校注 |
| Mang | မာင် | 茫 |
| Mang-chao | မာင်ကျောင် (မင်းစော) | 茫詔 |
| Mang Man | မာင်မန် | 茫蠻 |
| Min-p'u | မင်ဖူ | 閩濮 |
| Ming Ti | မင်တိ (ဧကရာဇ်) | 明帝 |
| Nan-chung-pa-chün-chih | နန်ကျုင်ပါကျွန်းကျိ | 南中八郡志 |
| Ning-chou | နင်ကျို | 寧州 |
| Nu-hou | နုဟို | 奴後 |

| | | |
|---|---|---|
| Pan Ku | ပန်ကူ | 班固 |
| P'an-p'an | ဖန်ဖန် | 盤盤 |
| Pao-shan | ပေါင်ရှန် | 保山 |
| P'iao | ဖျောင် | 剽 |
| | | 僄 |
| | | 驃 |
| P'iao-yüeh | ဖျောင်ယွဲ့ | 僄越 |
| San Kuo | စန်ကော် | 三國 |
| Shan | ရှန် | 撣 |
| Shên-tu | ရှဲန်တု | 身毒 |
| Shu Han | ရှုဟန့် | 蜀漢 |
| Ssu-ch'uan | စူချွန် | 四川 |
| Sung | ဆုင် | 宋 |
| T'ai-p'ing-huan-yü-chi | ထိုက်ဖင်ဟွာန်ယူကျိ | 太平寰宇記 |
| T'ai-p'ing-yü-lan | ထိုက်ဖင်ယုလန် | 太平御覽 |
| Tan | တန် | 撣 |
| T'ang (dynasty) | ထာင်မင်းဆက် | 唐 |
| T'ang-hui-yao | ထာင်ဟွေ့ယောက် | 唐會要 |
| Tao-lin-wang | ထောက်လင်ဝါင် | 道林王 |

| | | |
|---|---|---|
| Tou-na-hsiang | တိုနယှိုင် | 兜納香 |
| Tsin (dynasty) | ကျင်မင်းဆက် | 晉 |
| Tu-k'un | တူခွန် | 都昆 |
| T'ung | ထုင် | 桐 |
| Wai-kuo-chuan | ဝိုက်ကော်ကျွန် | 外國傳 |
| Wang-chü | ဝါင့်ကျူ | 望苴 |
| Wang-man-wai-yü | ဝါင့်မန်ဝိုက်ယူ | 望蠻外喻 |
| Wang P'u | ဝါင်ဖူ | 王溥 |
| Wang-wai-yü | ဝါင့်ဝိုက်ယူ | 望外喻 |
| Wei (dynasty) | ဝေ့မင်းဆက် | 魏 |
| Wei (river) | ဝေ့မြစ် | 渭 |
| Wu | ဝူ | 吳 |
| Wu Ti | ဝူတိ (ဧကရာဇ်) | 武帝 |
| Yo Shih | ယော့ရှိ | 樂史 |
| Yü-han-shan-fang-chi-i-shu | ယုဟန်ရှန်ဖောင်ကျိယိရှူ | 玉函山房輯佚書 |
| Yung-ch'ang | ယုင်ချောင် | 永昌 |
| Yün-nan | ယူနန် | 雲南 |

ဤစာတန်းအတွက် ဓာတ်ပုံများဖြင့် ကူညီသော ရှေးဟောင်း သုတေသနဌာနနှင့် တရုတ်စာပေ အရေးအသားအကြောင်းများနှင့် ကူညီသော ဦးရည်စိန် (သခိုင်းကော်မရှင်) တို့အား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။ ဦးဘရှင်။